# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်၊ တနင်္ဂနွေနေ့။ Sunday, 9 October 2022 ၁၀၈၈၃


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၈

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ညနေပိုင်းတွင် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးကိုကို၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-2)၊ အမျိုးသား စာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၊ လေ့ကျင့်ရေး ဇာတ်ရုံများသို့ သွားရောက်၍ (၂၃)ကြိမ်မြောက်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာ


**ကမ္ဘာကြီးရဲ့ အဆိုးအကောင်းဖန်တီးရှင်တွေနဲ့ ဝင်ရိုးတန်းအပြောင်းအလဲ**

ဆောင်းပါး စာမျက်နှာ » ၆

**အဘိဓမ္မာကျေးဇူးဆပ်တရားဖြင့် နေ့စဉ် သီတင်းကျွတ် စေချင်ပါသည်**

ဆောင်းပါး စာမျက်နှာ » ၁၀

**ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ ရှေးခေတ် ရေအရင်းအမြစ်ဆိုင်ရာ အထောက်အထားများ ရှာဖွေ၊ ဖော်ထုတ်၊ သုတေသနပြုခြင်းနှင့် ထိန်းသိမ်းခြင်း**

ဆောင်းပါး စာမျက်နှာ » ၂၄

**နိုင်ငံတကာအဆင့်မီ မြန်မာ့ကော်ဖီကောင်းများ နိုင်ငံပေါင်း ၁၄ နိုင်ငံသို့ တင်ပို့နေ**

စာမျက်နှာ » ၂၆




## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| နေပြည်တော် | အောက်တိုဘာ ၈ | |
|---|---|---|
| ပခုက္ကူ | ၄ ဒသမ ၂၂ | လက်မ |
| ကော့သောင်း | ၄ ဒသမ ၀၅ | လက်မ |
| ဘားအံ | ၂ ဒသမ ၉၆ | လက်မ |
| တောင်သာ | ၂ ဒသမ ၅၆ | လက်မ |
| ကျောက်ဆည် | ၂ ဒသမ ၃၆ | လက်မ |
| စဉ့်ကိုင် | ၂ ဒသမ ၁၄ | လက်မ |
| သာစည် | ၂ ဒသမ ၀၈ | လက်မ |

ကြေးမုံ

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သဗ္ဗညုတဉာဏ်တော်ရှင်ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှစ၍ ၄၅ ဝါကာလ ပတ်လုံး မြို့ရွာများ၌ ဝါကပ်တော်မူရာ ဆဋ္ဌမဝါတွင် မကုဋ္ဌတောင်၊ ချရားတောတွင် ဝါဆိုတော်မူပြီးနောက် သတ္တမဝါကို တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီး မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကိုအမှူးထား၍ လောကဓာတ် တစ်သောင်းမှ ရောက်လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလ ပတ်လုံး အဘိဓမ္မာတရားကို ဟောကြားတော်မူသည်။

တရားဟောကြားပြီး၍ ဝါကျွတ်သောအခါ သိကြားမင်းဖန်ဆင်းသည့် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း စောင်းတန်းသုံးသွယ်ဖြင့် လူ့ပြည် သင်္ကာသနဂိုရ်ပြည်သို့ နတ်ဗြဟ္မာအပေါင်းခြံရံလျက် ဆင်းသက်တော်မူသည်။ ထိုအခါ မင်းနှင့်တကွသောပြည်သူတို့သည် ဆီမီးတန်ဆောင်ထွန်းကာ မြတ်စွာဘုရားအား ကြိုဆိုကြလေသည်။ ထိုအခါမှစ၍ ဗုဒ္ဓဘာသာဝင် ပြည်သူ အပေါင်းတို့သည် သီတင်းကျွတ်လပြည့်နေ့သို့ရောက်သောအခါ ဆီမီးတန်ဆောင် ညှိထောင်ထွန်းလင်းပူဇော်ခြင်းကို ယနေ့ထက်တိုင်ပြုကြလေသည်။ မြတ်စွာ ဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သီတင်းကျွတ်လပြည့်နေ့တွင် ဆင်းသက်တော်မူပုံကို အာရုံပြု၍ အဘိဓမ္မာတရားကို ပွားများပူဇော်ကောင်းမှုပြု နိုင်ကြပေသည်။

မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ ဆင်းသက်တော်မူလာပုံကို ဓိနတ္ထ ပကာသနီကျမ်း၌ ဤသို့ ဖော်ကျူးထားသည်။ "ဘုရားသခင်လည်း ထက်ဝန်းကျင် အတောင်ရှစ်ဆယ်စီရှိသော ဌာနသို့ နီလ ပီတ စသော ရောင်ခြည်တော်ခြောက်စိုင် ကို တစ်ပြိုင်တည်းထွန်းလင်းတောက်ပစေလျက် ကေတုမာလာဟု ဆိုအပ်သော ရတနာဦးထိပ်မှ သိင်္ဂနိက်ဇမ္ဗူရာဇ် ချက်သစ်သော ရွှေခိုင်နှင့်တူသည့် ရောင်လျှံတော် မကိုဋ်ကို ဘဝဂ်ခိုက်တောက်ပစေလျက် သိနေရုထိပ်ဖျားမှသည် ပတ္တမြား စောင်းတန်းဖြင့် သက်တော်မူ၏။ ထိုအခါ ဗြဟ္မာမင်းကြီးတို့သည် ရွှေထီး၊ ငွေထီး၊ သန္တာထီးတို့ဖြင့် အသီးသီးမိုးကာလျက် ဗြဟ္မာပရိသတ်အပေါင်းနှင့်တကွ လက်ယာ ရွှေစောင်းတန်းဖြင့် သက်ကုန်၏။

သုံးကျိပ်သုံးပါးသော သိကြားမင်းတို့သည်လည်း အချို့ကား ရွှေတံခွန်၊ ငွေတံခွန်၊ ပုလဲတံခွန်တို့ကို ကိုင်ကုန်လျက်၊ အချို့ကား ဝိဇယုတ္တရမည်သော ခရုသင်းကို မှုတ်ကုန်လျက်၊ ပဥ္စသိခနတ်သားလည်း ဦးသျှောင်ငါးခုရှိသော မကိုဋ်ကိုဆောင်းပြီး ဗေလုဝမည်သော နတ်စောင်းကိုတီး၍ မငြီးငွေ့ဖွယ်သောအသံဖြင့်ပူဇော်လျက်၊ မာတလိနတ်သားလည်း စာမရီသားမြီးယပ်ဖြင့် တလွဲလွဲခတ်လျက် နတ်ဂန္ဓဗ္ဗ အပေါင်းတို့နှင့်တကွ လက်ဝဲငွေစောင်းတန်းဖြင့် သက်ကုန်၏။ ယင်းသို့ ရှုဖွယ်မရဲ ထူးကဲလွန်မြတ်သော ဘုရားသခင်၏ အသရေတော်ကို ရှုမျှော်လင့်ကုန်သော လူအပေါင်းတို့မြင်ရလျှင် အဆအရာ ဝမ်းမြောက်နှစ်မြို့ခြင်းရှိသည်ဖြစ်၍ ချီးမွမ်း အံ့သြကုန်လျက် သောသောရုတ်ရုတ် အုတ်အုတ်ကျက်ကျက်မျှ ပူဇော်ကြကုန်၏။ သုံးဆယ့်ခြောက်ယူဇနာအဝန်းရှိသော ပရိသတ်အပုံတွင် တစ်စုံတစ်ယောက်မျှ ဘုရားဆုကိုမတောင်းသောသူ မည်သည်မရှိ၊ ဆုတောင်းကြ၏။"

မြတ်စွာဘုရားရှင်သည် နတ်ဗြဟ္မာအပေါင်းခြံရံလျက် ဆင်းသက်တော်မူ၍ သင်္ကာသနဂိုရ်ပြည် တောင်တံခါးဝ၌ ရပ်တော်မူလျှင် ရှင်သာရိပုတ္တရာလည်း တပည့်သံဃာတို့နှင့်တကွ လာလတ်၍ မြတ်စွာဘုရားခြေတော်၌ ဦးဖြင့်တိုက်ကာ ရှိခိုးပူဇော်ပြီးလျှင် "လူနတ်ဗြဟ္မာအပေါင်းတို့၏ မျက်စိအရသာကို ရှုဖွယ်ရာဟူသမျှ ထက် အဆအရာ အဆတစ်ထောင်မကသော ဘုရားအသရေတော်ကို ဖူးမြော်ရပေ သည်။ တပည့်တော်တို့သည် ဤလူ့ဘဝကို အရတော်ပေစွ၊ ကိုယ်တော်မြတ်အား နတ်ဗြဟ္မာတို့သည် လွန်စွာချစ်မြတ်နိုးပေစွ"ဟု လျှောက်ထားသောအခါ မြတ်စွာ ဘုရားက "အကြင်ပညာရှိတို့သည် ဈာန်၌ လေ့လာခြင်းရှိကုန်၏။ ငြိမ်းအေးရာ နိဗ္ဗာန်၌ မွေ့လျော်ကုန်၏။ သတိရှိသော ထိုဘုရားသခင်တို့အား နတ်တို့လည်း ချစ်မြတ်နိုးကုန်၏" ဟု ဟောတော်မူ၏။ ဂါထာအဆုံးတွင် တစ်ကုဋေအတိုင်းအရှည် ရှိသော သတ္တဝါတို့သည် အမြိုက်အရသာကို သုံးဆောင်ကြရသည်။

ဤသီတင်းကျွတ်လတွင် သင်္ကာသမှ မင်းနှင့်တကွသော ပြည်သူတို့သည် မြတ်စွာဘုရားအား ဤသို့ ဆီမီးတန်ဆောင်ညှိထောင်ထွန်းလင်း ပူဇော်ခြင်းဟူသော အစဉ်အလာအတိုင်း သီတင်းကျွတ်လတွင် ဆီမီးထွန်းပူဇော်ကြပြီး တာဝတိံသာ နတ်ပြည်၌ အဘိဓမ္မာတရားဟောကြားတော်မူခဲ့သည်ကို ရည်မှန်း၍ သီတင်းကျွတ် လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ကောင်းမှုအထူးပြုလုပ်ကြပြီး ကောင်းကျိုး များကို ဆောင်ကြဉ်းကြစေလိုပါကြောင်း။ ။

## ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

(ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ် ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစု များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ဈေးကုန်းကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဝါးခယ်မကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိအောင်ဓမ္မရိပ်သာကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရေတွင်းကုန်းကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ပညာလင်္ကာရမဏ္ဍိုင်ကျောင်းတိုက် နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ သာသနာ့ဝေပုလ္လပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မဟာသုဗောဓာရုံ ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ သာမဏေကျော်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မဟာဝရဇိန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ အောင်ပင်လယ်ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ မူလမင်းကွန်းကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိဓမ္မဂုဏ်ရည်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက် ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဖျာပုံမြို့၌ ဆန်နှင့် စားအုန်းဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**ဖျာပုံ အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်ဆန်စက်လုပ်ငန်းရှင်များ အသင်းနှင့် မြို့နယ်ဆီလုပ်ငန်းရှင်များပူးပေါင်း၍ အချွန်ဆန်



တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ ၊ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ -ဖြင့် ဈေးနှုန်းသက်သာစွာရောင်းချပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ဖျာပုံမြို့ အမှတ်(၃)ရပ်ကွက်ရှိ ဆန်စက် ဆန်ကုန်သည်အသင်းရုံး၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ဆန်နှင့် စားအုန်းဆီရောင်းချပေးရာတွင် ဖျာပုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဗိုလ်မှူးငွေမင်းထိုက်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲလင်းဦး၊ ဖျာပုံခရိုင်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမင်းဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဆန်စက်လုပ်ငန်းရှင်များနှင့် မြို့နယ်ဆီလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ကာ တစ်ဦးလျှင် အချွန်ဆန် သုံးပြည်နှင့် စားအုန်းဆီ ၅၀ ကျပ်သားစီရောင်းချပေးခဲ့ကြောင်းသိရသည်။

၂၀၇

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာပြင်** | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်ရှိ အမျိုးသား စာကြည့်တိုက်၌ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျန်းမာရေးနှင့်ဆေးအကာအကွယ်ပေးရေးအဖွဲ့များ စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နေပြည်တော်ရှိ အမျိုးသားပြတိုက်၌ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ၊ ဒိုင်အဖွဲ့ဝင်များ၏ နေထိုင်စားသောက်ရေးအတွက် အိပ်ဆောင်များ၊ စားရိပ်သာနှင့် စားချက်ဆောင်များ၊ စားသောက်ဆိုင်များနှင့် အရောင်းဆိုင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

✪ ရှေ့ဖုံးမှ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ၊ ဒိုင်အဖွဲ့ဝင်များ၏ နေထိုင်စားသောက်ရေးအတွက် အိပ်ဆောင်များ၊ စားရိပ်သာနှင့် စားချက်ဆောင်များ၊ စားသောက်ဆိုင်များနှင့် အရောင်းဆိုင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ကျန်းမာရေးနှင့်ဆေးအကာအကွယ်ပေးရေးအဖွဲ့များ စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ရောက်ရှိနေကြသည့် အကဲဖြတ်ဒိုင်အဖွဲ့များနှင့် ပြိုင်ပွဲဝင်အဖွဲ့များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း ရေစက်ချမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ တက်ရောက်

**စစ်တွေ အောက်တိုဘာ ၈**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဝါတွင်းကာလ အဖိတ်လပြည့်နေ့တိုင်း သံဃာတော်အပါး ၅၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း ရေစက်ချမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းက စစ်တွေမြို့ လောကာနန္ဒာစေတီတော်ဝင်းအတွင်းရှိ သာသနဝ္ဂဗိမာန်တော်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနဝ္ဂဗိမာန်၌ သံဃာတော်အရှင်သူမြတ်အပါး ၅၀၀ တို့အား ဆွမ်းဆန်စိမ်း လောင်းလှူခြင်း ရေစက်ချမင်္ဂလာအခမ်းအနားကို ကျင်းပရာ ပြည်နယ်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တနန္ဒသိရီ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောမ မဟာထေရ်မြတ်ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် အမှူးပြုသော ဒေွ့ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။



ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်သည် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ တာဝန်ရှိသူများနှင့်အတူ လောကာနန္ဒာစေတီတော်ဝင်းအတွင်း၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဝါတွင်းကာလအဖိတ်လပြည့်နေ့တိုင်း သံဃာတော်အပါး ၅၀၀ တို့အား တတိယအကြိမ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တက်ရောက်ပြီး ဆွမ်းဆန်တော်များ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးမြင့်လှိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဇေယျာလင်း၊ ဦးမြင့်စိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးမြင့်လှိုင်တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း)နှင့် အလှူရှင်များက ကျောင်းအတွက် ငွေပဒေသာပင် စုစုပေါင်း ငွေကျပ် သိန်း ၁၂၀ နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူးရရှိအောင် သင်ကြားပေးသည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများကို ပေးအပ်လှူဒါန်းချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီဝင် ဒေါ်ယမင်းမြင့်ဆွေက ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် အမှတ်(၁၉) အခြေခံပညာ အထက်တန်းကျောင်းမှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၁ ဦး စုစုပေါင်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၇ ဦးရှိကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ Myanmar Agribusiness Public Corporation (MAPCO)Ltd. ပေါင်းဆန်နှင့်ဆန်ဖြူ အဆင့်မြင့်ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုလယ်ယာ အငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အကျိုးတူ ကန်ထရိုက် လယ်ယာလုပ်ငန်းဆောင်ရွက်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က စက်ရုံအစည်းအဝေးခန်းမတွင် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် Myanmar Agribusiness Public Corporation (MAPCO) Ltd. မှ မန်နေးဂျင်းဒါရိုက်တာ ဦးရဲမင်းထွန်းက စပါးခွံမှ လျှပ်စစ်ထုတ်လုပ်နိုင်ရေး ကိစ္စရပ်များနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာများက Myanmar Agribusiness Public Corporation (MAPCO) Ltd. ၏ ပေါင်းဆန်နှင့် ဆန်ဖြူ အဆင့်မြင့်ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုလယ်ယာအလိုက် ဝန်ဆောင်မှုလုပ်ငန်းနှင့် အကျိုးတူကန်ထရိုက် လယ်ယာလုပ်ငန်းနဲ့ စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက စက်ရုံအတွင်း ပေါင်းဆန်နှင့်ဆန်ဖြူ အဆင့်မြင့်ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုလယ်ယာအလိုက် ဝန်ဆောင်မှုလုပ်ငန်းနှင့် အကျိုးတူကန်ထရိုက်လယ်ယာလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင်ကတ်ပြားပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

**ကသာ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် စာရေးဆရာအသင်းက အသင်းဝင်ကတ်ပြားပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက ကသာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကသာမြို့နယ် စာရေးဆရာအသင်းနာယက ဦးချစ်မြိုင်(ကသာ-သင်းမွှေး)က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်း(ဗဟို)၏ အသိအမှတ်ပြုကတ်များကို အသင်းဥက္ကဋ္ဌ ဦးဘမောင်(ကိုဘ-ကသာ)က ဦးသန်းဦး(ကြယ်ပြောင်-ကသာ)သို့လည်းကောင်း၊ အတွင်းရေးမှူး ဦးမောင်လေး(မောင်လေး-ကသာ)က ဦးမောင်မောင်မြင့်(မောင်မြင့်-ကသာ)သို့လည်းကောင်း ပေးအပ်သည်။ ကသာမြို့နယ် စာရေးဆရာအသင်းအနေဖြင့် ယခင်က အသင်းဝင် ၂၀ ဦးရှိခဲ့ရာမှ ယခုအခါ အသင်းဝင် ၂၃ ဦးရှိပြီဖြစ်သည်။

ဆက်လက်၍ ကသာမြို့နယ် စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဦးခင်မောင်ဦး(ဦးရဲ-ကသာ)က အသင်း၏ဘဏ္ဍာရေးဆိုင်ရာအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးပြီး ဦးသန်းဦး(ကြယ်ပြောင်-ကသာ)က ကသာမြို့နယ် စာရေးဆရာအသင်းသို့ အလှူငွေကျပ် တစ်သိန်း ပေးအပ်ခဲ့ရာ ဘဏ္ဍာရေးမှူးက လက်ခံခဲ့သည်။ **အေးမြသက်ထား**



# သီတင်းကျွတ်လပြည့်နေ့ အကြို(အဖိတ်နေ့)ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများ စုပေါင်းဆက်ကပ်ပူဇော်ပွဲ ကျင်းပ

**ရန်ကုန်  အောက်တိုဘာ ၈**

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်နေ့အကြို (အဖိတ်နေ့) ရွှေတိဂုံစေတီတော်မြတ်ကြီးအား လျှပ်စစ်မီးစေတီများ စုပေါင်းပူဇော်ဆက်ကပ်ပွဲကို ယနေ့ညပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာ ပြည်သူများက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ လျှပ်စစ်မီးစေတီများ ပင့်ဆောင်လျက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် လျှပ်စစ်မီးစေတီများ စုပေါင်းပူဇော်ဆက်ကပ်ပွဲကို ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့် အောင်မြေ၌ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များက “နမောတဿ”သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး “နီလာ နီလာ” အစချီသော မဟာပဋ္ဌာန်း ရောင်ခြည်တော်ဖွင့် ဂါထာဖြင့် ဘုရားရှင်ကို ပင့်လျှောက်ခြင်း၊ “သောဝဏ္ဏိကံ” အစချီသော ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာကပ်လှူပူဇော်ခြင်း၊ “ဘဂဝန်ဘုန်းလှိုင်” အစချီသော မဟာပဋ္ဌာန်းတိုက်တွန်းလွှာဖြင့် ရွတ်ဆိုတိုက်တွန်းခြင်း၊ မဟာပဋ္ဌာန်းပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသပါဠိတော်ကို ရွတ်ဆိုပူဇော်ခြင်း၊ ဆုတောင်းအမျှဝေ၊ သာဓုခေါ်ဆိုခြင်းတို့ ဆောင်ရွက်ကြသည်။



ယင်းနောက် ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများ စုပေါင်း၍ ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီးများ ထွန်းညှိပူဇော်ဆက်ကပ် လှူဒါန်းကြသည်။ **ဇော်မင်းလတ်(MNA)**

# နိုင်ငံတကာလေကြောင်းလိုင်းများကို ဖွင့်လှစ်ပေးခဲ့သဖြင့် နိုင်ငံပေါင်း ၇၉ နိုင်ငံမှ နိုင်ငံတကာ ခရီးသွားများ ဝင်ရောက်နေကြပြီဖြစ်

**နေပြည်တော် အောက်တိုဘာ ၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်မှစတင်၍ နိုင်ငံတကာလေကြောင်းလိုင်းများကို ဖွင့်လှစ်ပေးခဲ့ပြီး e-business visa၊ e-tourist visa များကို ခွင့်ပြုပေးခဲ့သဖြင့် ယခုအခါ နိုင်ငံပေါင်း ၇၉ နိုင်ငံမှ နိုင်ငံတကာ ခရီးသွားများ ဝင်ရောက်နေကြပြီဖြစ်ပါကြောင်း၊ သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများတွင်လည်း e-Visa ဖြင့် လျှောက်ထားနိုင်ရန် ခွင့်ပြုထားပါကြောင်း၊ နိုင်ငံတော်သို့ပေးသွင်းရန်ရှိသည့် ငှားရမ်းခများနှင့် အခွန်အခများကို ပုံမှန်ပေးသွင်းကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ရုရှားနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင် ရှစ်နိုင်ငံသို့ ဗီဇာကင်းလွတ်ခွင့်ပြုထားပါကြောင်း၊ ယခု ပွင့်လင်းရာသီမှအစပြု၍ ခရီးသွားလုပ်ငန်းများ ပုံမှန်လည်ပတ်လာချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များအပြင် နိုင်ငံသားပိုင်ဟိုတယ်၊ တည်းခိုရိပ်သာများနှင့် ဆက်စပ်ခရီးသွားလုပ်ငန်းများပါ အကျိုးဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ထို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေ လိုပါကြောင်း ပြောကြားသည်။




ထို့နောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များဘက်မှ တာဝန်ရှိသူတစ်ဦးက တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဧည့်လမ်းညွှန် (အခြေခံ) သင်တန်းဖွင့်ပွဲ အခမ်းအနားနှင့် ရုရှားဘာသာစကား သင်တန်းဆင်းပွဲ အခမ်းအနားကို တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဒေါက်တာ နစ်ကိုလေးလစ်တိုပါဒဲ့ဖ် နှင့် သံရုံးမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ရုရှားဘာသာစကားဌာနမှ ပါမောက္ခ/ဌာနမှူးများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံနှင့် နှစ်ကာလကြာရှည်စွာ ချစ်ကြည်ရင်းနှီးမှုရှိပြီး ယခု အခမ်းအနားကျင်းပသည့် အင်းယားလိတ်ဟိုတယ်၊ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံနှင့် ရန်ကုန်စက်မှုတက္ကသိုလ်တို့ကိုလည်း ၁၉၆၂ ခုနှစ်တွင် ရုရှားနိုင်ငံ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် အင်းယားလိတ်ဟိုတယ်သည် ရုရှား - မြန်မာ ချစ်ကြည်ရေးအတွက် သမိုင်းအမွေအနှစ်တစ်ခု ဖြစ်ကြောင်း၊ လက်ရှိတွင်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာဖြင့် ပိုမိုပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်မှုနှင့်အတူ ခရီးသွားလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးက ရုရှားနှင့် မြန်မာသည် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို တည်ဆောက်ထားပြီး လာမည့်နှစ်တွင် ၇၅ နှစ်မြောက် စိန်ရတုနှစ်ဖြစ်ကြောင်း၊ ခရီးသွားလာရေး လုပ်ငန်းတွင်လည်း နှစ်နိုင်ငံ မြှင့်တင်ရေး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ မကြာမီကာလတွင် ရုရှားနိုင်ငံသားများအနေဖြင့် မြန်မာနိုင်ငံ၏ အထင်ကရ နေရာများကို လာရောက်ကြမည်ဖြစ်ကြောင်း၊ လာရောက်ကြသည့်အခါတွင်လည်း မြန်မာနိုင်ငံကို အထူးကြိုက်နှစ်သက်ကြမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက သင်တန်း၌ ထူးချွန်ဆုရရှိခဲ့သူများကို ဆုများချီးမြှင့်ပေးအပ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးက သင်တန်းသား ကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**နမ့်စန် အောက်တိုဘာ ၈**

နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ဝမ်ပိန်းရွာမ (အွန်တောင်း) ကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ နမ့်စန်မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် စီမံကိန်းကော်မတီဝင်များနှင့်အတူ ဝမ်ပိန်းရွာမ (အွန်တောင်း)ကျေးရွာတွင် အလျား ပေ ၃၀၊ အနံ ၂၆ ပေ၊ အမြင့် ၁၂ ပေရှိ မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သုညဒသမ ၈၈ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်ခိုင်**

# ကမ္ဘာကြီးရဲ့ အဆိုးအကောင်းဖန်တီးရှင်တွေနဲ့ ဝင်ရိုးတန်းအပြောင်းအလဲ

မြင့်မြတ်

**နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ “ဝင်ရိုးတန်း” polarity ဆိုတဲ့အသုံးအနှုန်းကို သုံးစွဲနေတာကြာပါပြီ။ Bipolar၊ Unipolar၊ Multipolar စသဖြင့်ဖြစ်ပါတယ်။ ခေတ်ကာလအသီးသီးမှာ နိုင်ငံတကာစနစ်တွေအပေါ် လွှမ်းမိုးချုပ်ကိုင်တဲ့ အင်အားကြီးနိုင်ငံတစ်နိုင်ငံ၊ နှစ်နိုင်ငံ စသဖြင့်မူတည်ပြီး ဝင်ရိုးတန်းပုံစံအမျိုးမျိုးရှိခဲ့ကြပါတယ်။**

**❑ အမေရိကန်ဦးဆောင်တဲ့ အင်ဒိုပစိဖိတ်စီးပွားရေးမူဘောင် IPEF အဖွဲ့ကနေ အိန္ဒိယနိုင်ငံကြီးက နုတ်ထွက်လိုက်တယ်ဆိုတဲ့ သတင်းနဲ့အတူ SCO မှာ အိန္ဒိယနိုင်ငံကြီးရဲ့ ပါဝင်ပူးပေါင်းလာမှုဟာ ကမ္ဘာကြီးအတွက် ကောင်းသောအတိတ်နိမိတ်တစ်ခုအဖြစ် ထင်ရှားလာ**

**❑ အိန္ဒိယဟာ ကိုယ့်အမျိုးသားအကျိုးစီးပွားနဲ့ ဒေသအကျိုးအတွက် လွတ်လွတ်လပ်လပ် ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ နုတ်ထွက်ခဲ့တာဖြစ်တယ်လို့ ယူဆရပြီး တရုတ်၊ ရုရှား စတဲ့ SCO အဖွဲ့ဝင်နိုင်ငံတွေနဲ့ ပိုပြီးအစေးကပ်လာတဲ့သဘောအဖြစ် သုံးသပ်ကြပါတယ်။ အကျိုးတူရာချင်း စည်းလုံးသွားတဲ့ အသွင်အပြင်တစ်ခုအဖြစ် မြင်နိုင်ပါတယ်။ လွတ်လွတ်လပ်လပ်ရပ်တည်ခွင့်ရှိတဲ့ နိုင်ငံတစ်နိုင်ငံအပေါ် အင်အားကြီးတဲ့ ဘယ်လိုနိုင်ငံမျိုးကမှ လွယ်လွယ်နဲ့ထိန်းချုပ်လို့မရဘူး၊ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်လို့ မရဘူးဆိုတာကို လက်တွေ့ပြသလိုက်ခြင်းလည်းဖြစ်**

နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး မျက်နှာစာအသီးသီးမှာ လူအင်အား၊ ဓနအင်အား သာလွန်မှုအရ ပါဝါကြီးမားမှု၊ အရင်းအမြစ်အသုံးချမှု၊ ခွဲဝေကြမှု၊ မျှတမှုနဲ့ တန်ဖိုးထားမှု အမျိုးသားအကျိုးစီးပွားအခြေခံ၊ လစ်ဘရယ်အခြေခံ စသဖြင့် ဦးတည်တဲ့ လမ်းကြောင်းတွေအပေါ်မူတည်ပြီး ဝင်ရိုးတန်းအပြောင်းအလဲတွေ ဖြစ်ပေါ်လေ့ရှိပါတယ်။ ကမ္ဘာမှာ နိုင်ငံအားလုံးထက် ပါဝါသာလွန်တဲ့ အင်အားအကြီးဆုံးနိုင်ငံ နှစ်နိုင်ငံက သို့မဟုတ် ခေါင်းဆောင်မှုယူထားတဲ့ အုပ်စုနှစ်ခုက ချိန်ခွင်လျှာအညီအမျှ ထိန်းထားနိုင်တဲ့အခြေအနေမှာ ဒွိဝင်ရိုး (Bipolar) ဖြစ်နေပြီး စူပါပါဝါတစ်နိုင်ငံက ကျဆုံးသွားပြီး ပြိုင်ဘက်စူပါပါဝါက ပြိုင်ဘက်မရှိ ကမ္ဘာကို လွှမ်းမိုးချုပ်ကိုင်နိုင်တဲ့ အနေအထားရောက်လာရင်တော့ Unipolar ဧကဝင်ရိုးအဖြစ် သတ်မှတ်ထားကြပါတယ်။

## ဝင်ရိုးစုံကမ္ဘာသစ်ဆီ လှမ်းလို့ချီနေပါပြီ

ကမ္ဘာ့ဇာတ်ခုံမှာ ဝင်ရိုးကမ္ဘာ အမျိုးမျိုးနဲ့ အခင်းအကျင်းမျိုးစုံကို ကြုံဆုံခဲ့ကြရာမှာ ယခုမျက်မှောက်မှာလည်း အရွေ့တစ်ခု၊ အခင်းအကျင်းသစ်တစ်ခုဆီသို့ လှမ်းနေကြပြီလို့ ကမ္ဘာ့စာမျက်နှာအသီးသီးက ဖော်ပြနေကြပါပြီ။ ဒုတိယကမ္ဘာစစ်အပြီး စစ်အေးကာလမှာ Bipolar၊ ဆိုဗီယက်ယူနီယံကြီးပြိုကွဲအပြီးမှာတော့ ပြိုင်ဘက်ကင်း အမေရိကန်တစ်နိုင်ငံတည်း ဗိုလ်ကျစိုးမိုးနိုင်ခဲ့တဲ့ Unipolar၊ ယခုမျက်မှောက်မှာတော့ နိုင်ငံကြီး နိုင်ငံငယ် အများစုချဉ်းကပ်နေကြတဲ့ ဝင်ရိုးစုံကမ္ဘာသစ် Multipolar စသည်တို့ဖြစ်ပါတယ်။

ပြီးခဲ့တဲ့လက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့မှာ ကျင်းပပြီးစီးခဲ့တဲ့ အာရှအရှေ့ဖျားစီးပွားရေးဖိုရမ် EEF 2022 သည်ပင် ဝင်ရိုးစုံကမ္ဘာကြီးဆီ လှမ်းချီနေပုံကို ထင်ရှားတဲ့ အခင်းအကျင်းတစ်ခုအဖြစ် မြင်လို့ရပါတယ်။ ဖိုရမ်ရဲ့ theme ကိုက “The path to a Multipolar world” လို့ သတ်မှတ်ခဲ့တာပါ၊ ကမ္ဘာကြီးက “ဗဟုဝင်ရိုးစုံ ကမ္ဘာကြီးဆီသို့ မြိုင်မြိုင်ဆိုင်ဆိုင် လှမ်းလို့ချီ” နေကြပါပြီ။ မကြာပါဘူး၊ EEF ကျင်းပပြီး ရက်ပိုင်းအတွင်းမှာပဲ ဥဇဘက်ကစ္စတန်မှာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ SCO ထိပ်သီးအစည်းအဝေးတစ်ခုကိုလည်း ကျင်းပပြီးစီးခဲ့ပြန်ပါတယ်။ SCO မှာ တရုတ်၊ ရုရှား၊ အိန္ဒိယ ထိပ်သီးနိုင်ငံတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို တွေ့ခဲ့ကြရပြီး မြန်မာ၊ အီရန်လို အဖွဲ့ဝင်သစ်တွေ ပါဝင်ပူးပေါင်းလာကြမယ့် အနေအထားတွေလည်း မြင်နေရပါတယ်။ အီဂျစ်၊ ဆော်ဒီ၊ ကာတာ၊ ဘာရိန်း၊ ကူဝိတ်၊ ယူအေအီး၊ မော်လ်ဒိုက်စတဲ့ နိုင်ငံတွေလည်း SCO ရဲ့ ဆွေးနွေးဖက်နိုင်ငံတွေအဖြစ် အသိအမှတ်ပြုခံခဲ့ကြရပါတယ်။

## အိန္ဒိယနိုင်ငံ၏အရွေ့က လွတ်လပ်စွာရပ်တည်ခွင့်ကိုပြသနေ

ဝင်ရိုးစုံကမ္ဘာဆီ ချဉ်းကပ်မှုအပြောင်းအလဲပုံစံတစ်ခုကို မြင်သိကြားသိနေရာမှာ ထူးခြားချက်က ကမ္ဘာ့လူဦးရေနဲ့ စီးပွားရေးပဋ္ဌမမြောက်အကြီးဆုံးဖြစ်တဲ့ အိမ်နီးချင်း ဒီမိုကရေစီနိုင်ငံကြီးတစ်နိုင်ငံရဲ့ အရွေ့တစ်ခုဟာ အားလုံးအတွက် သတိထားစရာတစ်ခုဖြစ်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် မေလကမှ ဖွဲ့စည်းခဲ့တဲ့ အမေရိကန်ဦးဆောင်တဲ့ အင်ဒိုပစိဖိတ်စီးပွားရေးမူဘောင် IPEF အဖွဲ့ကနေ အိန္ဒိယနိုင်ငံကြီးက နုတ်ထွက်လိုက်တယ်ဆိုတဲ့ သတင်းနဲ့အတူ SCO မှာ အိန္ဒိယနိုင်ငံကြီးရဲ့ ပါဝင်ပူးပေါင်းလာမှုဟာ ကမ္ဘာကြီးအတွက် ကောင်းသော အတိတ်နိမိတ်တစ်ခုအဖြစ် ထင်ရှားလာပါတယ်။

အိန္ဒိယဟာ ကိုယ့်အမျိုးသားအကျိုးစီးပွားနဲ့ ဒေသအကျိုးအတွက် လွတ်လွတ်လပ်လပ် ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ နုတ်ထွက်ခဲ့တာဖြစ်တယ်လို့ ယူဆရပြီး တရုတ်၊ ရုရှား စတဲ့ SCO အဖွဲ့ဝင်နိုင်ငံတွေနဲ့ ပိုပြီးအစေးကပ်လာတဲ့ သဘောအဖြစ် သုံးသပ်ကြပါတယ်။ အကျိုးတူရာချင်း စည်းလုံးသွားတဲ့ အသွင်အပြင်တစ်ခုအဖြစ်မြင်နိုင်ပါတယ်။ လွတ်လွတ်လပ်လပ်ရပ်တည်ခွင့်ရှိတဲ့ နိုင်ငံတစ်နိုင်ငံအပေါ် အင်အားကြီးတဲ့ ဘယ်လိုနိုင်ငံမျိုးကမှ လွယ်လွယ်နဲ့ ထိန်းချုပ်လို့မရဘူး၊ ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်လို့ မရဘူးဆိုတာကို လက်တွေ့ပြသလိုက်ခြင်းလည်းဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ အင်အားကြီးတွေရဲ့ အစဉ်အဆက် ခွဲခြားဆက်ဆံမှု၊ ဗိုလ်ကျ လွှမ်းမိုးချုပ်ကိုင်မှုတွေကို စိုးရိမ်နေကြတယ်ဆိုတဲ့အချက်ကို ထင်ဟပ်နေခြင်းလည်း ဖြစ်ပါတယ်။

## ဩဇာချဲ့ထွင်မှုတွေ မလိုလား၍ သီးခြားကမ္ဘာများ တည်ဆောက်လာကြ

အချို့နိုင်ငံတွေက မိမိတို့ မူလပါဝင်နေတဲ့အဖွဲ့ဟာ စီးပွားရေး၊ ကုန်သွယ်ရေးကို အဓိကထားတယ်ဆိုပေမယ့် တကယ်လက်တွေ့မှာ ပထဝီနိုင်ငံရေးအရ၊ စစ်ရေးအရ အသုံးချခံသက်သက်သာဖြစ်နေပြီး အကျိုးစီးပွားမမျှတ၊ မသေချာမရေရာတဲ့ ရည်မှန်းချက်တွေကို တွေ့လာရတဲ့အခါ အဖွဲ့အပေါ် ယုံကြည်မှုကင်းမဲ့လာကြပါတယ်၊ စစ်မှန်တဲ့ အကျိုးစီးပွားနဲ့ သေချာရေရာတဲ့ အဖွဲ့အစည်းတွေအပေါ် ချဉ်းကပ်လာခြင်းဟာ သဘာဝကျပါတယ်။

ယနေ့ခေတ်မှာ အချို့နိုင်ငံတွေဟာ ယခင်ကလို မိမိအယူဝါဒရေးရာတစ်ခုတည်းကိုသာ ရှေ့တန်းတင် ဦးစားမပေးကြတော့တဲ့အပြင် မိမိကိုမလိုမုန်းထားဆန့်ကျင်နေတဲ့ နိုင်ငံတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနည်းလမ်းပေါင်းစုံနဲ့ ဩဇာချဲ့ထွင်မှုတွေအပေါ်မှာပါ သတိထား၊ မျက်ခြည်ပြတ်မခံ ဟန့်တားနိုင်ဖို့အထိ စဉ်းစားလာကြပြီဖြစ်ပါတယ်။ ဒီနေရာမှာ အကြမ်းဖက်ခြိမ်းခြောက်မှုတွေ ခံနေရတယ်၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဟာ ခြိမ်းခြောက်ခံနေရတယ် စသဖြင့် မှိုင်းတိုက်မှုတွေ၊ ရန်ရှာမှုတွေ၊ ဖယ်ကြဉ်ခံရမှုတွေကို မခံစားနိုင်တော့တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများစွာဟာ သူတို့တန်ဖိုးသူတို့ ပြသနိုင်ဖို့ တန်းတူအခွင့်အရေးကိုလိုချင်လို့သာ သီးခြားကမ္ဘာတွေကို စည်းရုံးတည်ဆောက်လာကြတယ်လို့ မြင်မိပါတယ်။

## အကျိုးစီးပွားတူရာစုမိသည့် အခင်းအကျင်းအသစ်နဲ့မြင်ကွင်းသစ်

ယခုလက်ရှိကမ္ဘာ့အခင်းအကျင်းရဲ့ ကစားပွဲအသစ်တွေဆိုရာမှာ ပလေယာအားလုံးဟာ ကိုယ်အလေးသာတဲ့ မျက်နှာစာပေါင်းစုံက ပါဝင်ကစားနေကြတာဖြစ်ပါတယ်။ ရေရှည်ကိုကြည့်ပြီး ပြိုင်ဘက်ပျက်သုဉ်းရေး အဓိကဦးတည်ပြီး နိုင်ငံရေးမျက်နှာစာ၊ စစ်ရေးမျက်နှာစာတင်မက စီးပွားရေးမျက်နှာစာမှာပါ အပြိုင်အဆိုင် ယှဉ်ပြိုင်ထိုးနှက်နေကြတာဖြစ်ပါတယ်။ မျက်နှာစာပေါင်းစုံမှာ မိမိနိုင်ငံ မိမိအကျိုးဦးစားပေး ယှဉ်ပြိုင်လာကြတာဆိုတော့ အခင်းအကျင်းက အသစ်အသစ်တွေ ဖြစ်လာသလို မြင်ကွင်းသစ်နဲ့ ဇာတ်ရှင်းအသစ်တွေကိုလည်း တွေ့လာရပါတော့တယ်။

ကိုယ့်အကျိုးစီးပွားသက်သက်ဖြစ်လာတဲ့အခါ ယခင်အစဉ်အဆက်လက်တွဲခဲ့သူတွေကို လက်တွဲဖြုတ်၊ အကျိုးစီးပွားဘက်ချင်း သီးသန့်ဝန်းကျင်တွေ ထူထောင်ကြရင်းနဲ့ ဝင်ရိုးအသစ်နဲ့ ဝင်ရိုးတွေ များလာတယ်လို့ ဆိုရပါမယ်။ ယနေ့ကမ္ဘာကြီးမှာ တသီးတခြား တစ်ထီးတစ်နန်း နေလို့မရတော့ပါဘူး၊ အကျိုးစီးပွားချင်း တူရာတူရာစုရတော့မယ့်အနေအထားမှာ ရောက်နေပြီဆိုတာ သတိပြုမိနေကြပါပြီ။

အိန္ဒိယနဲ့ တရုတ်၊ ပါကစ္စတန်နဲ့ အိန္ဒိယတို့ဟာ သိပ်မတည့်ကြတဲ့နိုင်ငံတွေပါ၊ NATO အဖွဲ့ဝင် တူရကီယဲဆိုလည်း ဒီလိုပါပဲ။ အမေရိကန်ကို ဆန့်ကျင်ပြီး သူ့လမ်းသူ လျှောက်တယ်၊ အကျိုးစီးပွားတူရာချင်း၊ တန်ဖိုးတူရာချင်း စုစည်းမိကြတဲ့သဘောကို တွေ့ရပါတယ်။ အချို့နေရာတွေမှာ လစ်ဘရယ်နဲ့ ဒီမိုကရေစီနေရာမှာ မျိုးချစ်စိတ်နဲ့ အမျိုးသားရေးလက္ခဏာတွေ မသိမသာအစားထိုးလာနေတာကိုလည်း မြင်အောင်ကြည့်စေချင်ပါတယ်။ (ဥပမာ- အီတလီနိုင်ငံရေးအပြောင်းအလဲ)၊ ဦးဆောင်သူတွေ ပြောင်းလဲလာမယ့် အနေအထားနဲ့ ဖန်တီးရှင်တွေ ပေါ်ထွက်လာမယ့် အခြေအနေတွေကို မျက်ခြည်ပြတ်လို့ကတော့ ကိုယ်ခံရမယ့်ကိန်း ဆိုက်သွားနိုင်ပါတယ်။

ကြည့်ပါ၊ အမေရိကန်ရဲ့မဟာမိတ်အဖြစ် ရပ်တည်ခဲ့ကြတဲ့ အရှေ့အလယ်ပိုင်း ဆော်ဒီနဲ့ ယူအေအီးက ရုရှားနဲ့ ပိုနီးစပ်သွားခဲ့ပါပြီ။ အိန္ဒိယလည်း ထို့အတူပါပဲ။ ထိုင်ဝမ်အရေးကြောင့် တရုတ်ဟာ အမေရိကန်နဲ့ ပိုတင်းမာသွားပြီး ရုရှားနဲ့ ပိုနီးစပ်သွားပါပြီ။ ယခုလို မိမိပြိုင်ဘက်တွေ ခိုင်မြဲလက်တွဲသွားခြင်းဟာ အမေရိကန် အတွက် မကောင်းဘူးလို့ သူကိုယ်တိုင် ယူဆပြီးလည်းဖြစ်ပါတယ်။

သို့ပေမယ့် တချို့မလိုလားအပ်တဲ့ နိုင်ငံရေးစတန့်တွေကြောင့် ယုံကြည်အားကိုးမှု လျော့လာကြတယ်၊ အဆိုးဆုံးက ဒီမိုကရေစီအပေါ် တန်ဖိုးထားမှု ယုတ်လျော့လာပြီး မတည်ငြိမ်မှုတွေ များလာတယ်ဆိုတဲ့အချက်တွေကိုတော့ သူကိုယ်တိုင် သဘောပေါက်ပုံ မရသေးပါဘူး။ ဒါဟာ အနာဂတ်ကမ္ဘာကြီးအတွက် မကောင်းတဲ့အလားအလာပါ။ တာဝန်ယူ တာဝန်ခံမှုမရှိသေးသရွေ့ ဒီလိုသက်ရောက်မှုတွေကနေ ဆင်းရဲတဲ့နိုင်ငံတွေရော ချမ်းသာတဲ့နိုင်ငံတွေပါ မလွတ်နိုင်သေးဘူးဆိုတာ အမြဲသုံးသပ်နေရမှာဖြစ်ပါတယ်။

## တစ်နိုင်ငံတည်းရဲ့အတ္တကြောင့်ဆိုတာ မြင်လာကြပြီ

အမေရိကန်ရဲ့ ဩဇာကျဆင်းနေပြီလို့ ယခင်အင်္ဂလန်ဝန်ကြီးချုပ်ဟောင်းတစ်ယောက်က လန်ဒန်ဖိုရမ်တစ်ခုမှာ ဝန်ခံပြောကြားခဲ့တဲ့ အချက်ကိုလည်း သတိထားမိပါရဲ့။ ဒီအချက်ဟာ အမှန်ထင်ရှားလာနေတဲ့အချက်ပါ၊ နိုင်ငံရေးဘက်မှာရော စီးပွားရေးမှာပါဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့ ◆

**“ယနေ့ကမ္ဘာကြီးကို ကြည့်လိုက်တဲ့အခါမှာ လောဘကြီး တစ်ကိုယ်ကောင်းဆန်လွန်းပြီး ဗိုလ်ကျစိုးမိုးနေတဲ့ ခေတ်သစ်ကိုလိုနီနယ်ချဲ့စနစ်တွေဟာ မနှေးအမြန် နိဂုံးချုပ်တော့မလား မြင်ယောင်နေမိပါတယ်။ အဓိကအချက်က ကျွန်တော်တို့လိုဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ အပြိုင်အဆိုင်တွေကြားထဲ အလွန်အကျွံဖြစ်ပြီး ကြားမညှပ်ဖို့ကို ဂရုပြုရပါမယ်။ “နိုင်ငံတကာဆက်ဆံရေးမှာ အမြဲတမ်းရန်သူ အမြဲတမ်းမိတ်ဆွေဆိုတာမရှိ၊ ထာဝရအကျိုးစီးပွားသာရှိသည်” ဆိုတဲ့ သဘောတရားနဲ့အတူ စုပေါင်းဦးဆောင်၊ စုပေါင်းပါဝင်၊ စုပေါင်းလှုပ်ရှား၊ တာဝန်ယူတာဝန်ခံမှုအပြည့်၊ ဘက်မလိုက်ဘဲ မျှမျှတတနဲ့ ပါဝင်ဖွဲ့စည်းထားကြတဲ့ Multilateralism သဘောပါတဲ့ အဖွဲ့အစည်းတွေဟာ ပိုပြီး ယုံကြည်စိတ်ချအားကိုးရမယ်လို့ ယူဆ”**

# ရန်ကုန်မြို့တော်သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကြီးမှူး၍ မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ယနေ့ နံနက်ပိုင်းမှ စတင်၍ အောက်တိုဘာ ၁၀ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်တွင် သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဈေးဆိုင်ခန်းပေါင်း ၁၇၀ ဖွင့်လှစ်ပြီး လူသုံးကုန်ပစ္စည်း၊ အလှကုန်ပစ္စည်းနှင့် အစားအသောက်အသီးအနှံများကို ရောင်းချပေးလျက်ရှိရာ ပြည်သူများ လာရောက်ဝယ်ယူအားပေးလျက်ရှိသည်။

သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပလျက်ရှိသည့်အပြင် ည ၁၀ နာရီအထိ တေးဂီတဖျော်ဖြေပွဲများ၊ မီးရှူးမီးပန်းပစ်ဖောက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ရာ ရန်ကုန်မြို့တော်သူ/ မြို့တော်သားများ သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် မီးထွန်းပွဲတော်တို့တွင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။ **ကိုကိုဇော်**

# ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် သီတင်းကျွတ်ပျော်ပွဲရွှင်ပွဲ အစီအစဉ် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ကြီးတွင် အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်အထိ သီတင်းကျွတ်အားလပ်ရက်များတွင် အပန်းဖြေလည်ပတ်နိုင်မည့် သီတင်းကျွတ်ပျော်ပွဲရွှင်ပွဲ အစီအစဉ်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သီတင်းကျွတ်ပျော်ပွဲရွှင်ပွဲ အစီအစဉ်တွင် ဖျော်ဖြေရေးအစီအစဉ်များအပြင် တိရစ္ဆာန်လေးများ၏တစ်မူထူးခြားသည့် ဖျော်ဖြေမှုများ၊ ပျော်ရွှင်စရာ ဂိမ်းအစီအစဉ်များ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ စိတ်ဝင်စားစရာမျက်လှည့်အစီအစဉ်များ၊ ချစ်စရာ တိရစ္ဆာန်လေးများနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးခြင်းအပြင် Photo Booth လှလှလေးများတွင်ဓာတ်ပုံရိုက်ကူးခြင်းအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဈေးနှုန်းချိုသာစွာဖြင့် လာရောက်ရောင်းချပေးမည့် စားသောက်ကုန်ပစ္စည်းများ၊ ကလေးအသုံးအဆောင်ပစ္စည်းများအပြင် သန့်ရှင်းပြီးအရသာကောင်းမွန်သည့် စားသောက်ဆိုင်တန်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **စန္ဒာမိုး**

# YANGON WATER BUS တွံတေးမြို့သို့ စတင်ပြေးဆွဲ

**တွံတေး အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင်ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသောဆကေသာဓာတု ရွှေဆံတော်စေတီတော်မြတ်ကြီး၊နှစ်ပေါင်း ၁၀၀ သက်တမ်းရှိ တွံတေးတူးမြောင်း၊ အသားလွတ်နယ်မြေဖြစ်သော ဗောင်းတော်ချုပ်စေတီ၊လက်မှုပညာအိုးလုပ်ငန်းနှင့်ရက်ကန်းလုပ်ငန်းများ၊ အထင်ကရနေရာများသို့ လေ့လာနိုင်ရန်အတွက် နှစ်နှစ်ကျော်ရပ်နားထားသော YANGON WATER BUS တွံတေးခရီးစဉ်ကို အောက်တိုဘာ ၈ ရက် နံနက်၉နာရီမိနစ်၂၀က တွံတေးဆိပ်ခံဇောတံတားသို့ ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

တွံတေးခရီးစဉ်တွင် ရန်ကုန်လမ်းသစ်ဆိပ်ကမ်းမှ နံနက်၇နာရီတွင်စတင်ထွက်ခွာခြင်းဖြစ်ပြီး တစ်နာရီခန့်အကြာတွင် တွံတေးမြို့သို့ ဆိုက်ရောက်ကြောင်း သိရသည်။

တွံတေးဆိပ်ကမ်းမှတစ်ဆင့် ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီ၊ အသားလွတ်နယ်မြေဖြစ်သော ဗောင်းတော်ချုပ်စေတီ၊မြွေဘုရား၊ကျိုက်ဖူး၊ကျိုက်ပါစေတီ၊ မြန်မာ့လက်မှုပညာလုပ်ငန်းဖြစ်သော အိုးလုပ်ငန်းနှင့် ရှမ်းလေးရွာ၏ ရိုးရာရက်ကန်းများ၊ အထင်ကရနေရာများအား လည်ပတ်သည့် နေ့ချင်းပြန်ခရီးဖြစ်ကြောင်းသိရသည်။

YANGON WATER BUS ကို နှစ်နှစ်ကျော်ကြာ ရပ်နားထားရာမှ အောက်တိုဘာ ၆ ရက်မှစတင်ကာ ပြန်လည်၍ ရန်ကုန်မြစ်အတွင်းပြေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

တွံတေးခရီးစဉ်တွင် လူတစ်ဦးလျှင်ငွေကျပ် ၁၈၀၀၀ ဖြင့် အပတ်စဉ် အစိုးရရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် ဒေသန္တရ ဗဟုသုတရရှိစေရေး နေ့ချင်းပြန်ခရီးပြေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။ **တွံတေးသား**



◆ စာမျက်နှာ ၆ မှ

နိုင်ငံရေးအရတော့ အာဖဂန်ပြည်တွင်းစစ်၊ ဆီးရီးယားစစ်ပွဲတွေမှာ အမေရိကန်တို့ အရေးမသာခဲ့မှုက ဩဇာကျဆင်းမှုကို မီးမောင်းထိုးပြနေသလို ယခုဖြစ်ပွားဆဲ ယူကရိန်းစစ်မှာကော အမေရိကန်နဲ့ NATO ရဲ့ ဂုဏ်သိက္ခာဟာ ပိုပြီးကျဆင်း လာသလိုဖြစ်နေပါတယ်။

ယူကရိန်းစစ်ဟာ အမေရိကန်တို့ ဖန်တီးလို့ဖြစ်ရတယ်၊ အမေရိကန်တို့ရဲ့ တစ်ကိုယ်ကောင်းဆန်မှုကြောင့် စစ်ပွဲဟာ မပြီးနိုင် မစီးနိုင် ဖြစ်နေတယ်၊ အမေရိကန်တို့အတွက်ကြောင့် ယူကရိန်းနိုင်ငံပျက်စီးပြီး ပြည်သူတွေဒုက္ခဆင်းရဲရောက်ကြရတယ်ဆိုတာ ကမ္ဘာ့ပြည်သူတွေ သိသထက် သိလာနေကြပြီဖြစ်တယ်။ ယူကရိန်းစစ်ရဲ့ ရလဒ်ကို EU ပြည်သူတွေခံစားနေရပုံက ဘယ်ခေတ်ဘယ်ကာလနဲ့မှ မတူအောင် ဖြစ်နေရတယ်၊ အမေရိကန်နောက် လိုက်မိလို့ အမှောင်ထဲမှာ အေးခဲပြီး ဒုက္ခဆိုးတွေ ခံစားကြရမယ့် ဥရောပပြည်သူတွေရဲ့ မကျေနပ်ချက်တွေကို ဟန်ဂေရီနိုင်ငံက EU ထဲက ခွဲထွက်မယ်ဆိုတဲ့ သာဓကတစ်ခုက သက်သေပြနေပါတယ်။

### အားကိုးတကြီးစောင့်ကြည့်ရမည့် ဗဟုဝင်ရိုးစုံ

စီးပွားရေး မျက်နှာစာမှာလည်း ထိုနည်းအတိုင်းပါပဲ။ နိုင်ငံတကာငွေကြေးဈေးကွက်မှာ ဒေါ်လာရဲ့ဩဇာလွှမ်းမိုးမှုကို လျှော့ချဖို့ကြိုးစားလာကြပြီဖြစ်ပါတယ်။ ရုရှားရူဘယ်လ်၊ တရုတ်ယွမ်၊ အိန္ဒိယရူပီးတို့ အချင်းချင်းဖလှယ်ကြမယ့် အစီအစဉ်ဟာ ခရီးရောက်လာနေပြီဖြစ်ပါတယ်။

ဒေါ်လာအနိုင်ကျင့်မှုဆိုတဲ့ သုံးသပ်ချက်နဲ့အတူ ဒီလိုကြားခံငွေကြေး အပြောင်းအလဲကို EEF ဖိုရမ်မှာ ကတိပြုပြောကြားခဲ့ကြမှုတွေကိုလည်း ကြားသိခဲ့ကြပြီး ဖြစ်ပါတယ်။

ယနေ့ကမ္ဘာကြီးကို ကြည့်လိုက်တဲ့အခါမှာ လောဘကြီး တစ်ကိုယ်ကောင်းဆန်လွန်းပြီး ဗိုလ်ကျစိုးမိုးနေတဲ့ ခေတ်သစ် ကိုလိုနီနယ်ချဲ့စနစ်တွေဟာ မနေ့အမြန် နိဂုံးချုပ်တော့မလားမြင်ယောင်နေမိပါတယ်။ ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးပြဿနာများစွာနဲ့အတူ မဟာမိတ်အသစ်၊ ကစားပွဲအသစ်အသစ်တွေနဲ့ အခင်းအကျင်းအသစ်အသစ်တွေလည်း ထွက်ပေါ်လာနေဦးမှာဖြစ်ပါတယ်။

တချို့က ရေတိုမဟာမိတ်၊ တချို့က ရေရှည်မဟာမိတ် ဖြစ်ကောင်းဖြစ်ပါမယ်။ အင်အားပြ ပါဝါကိုင်ပြီး ကိုယ့်အရည်အသွေးကို ကိုယ်အလုအယက်ပြနေကြဦးမှာဖြစ်ပါတယ်။ မိမိဩဇာလွှမ်းဖို့ မလျော့ဩဇာသုံးကြဦးမှာပါပဲ။ စစ်တစ်ခုကိုဖန်တီးပြီး အခြားစစ်တစ်ခုဖြစ်ပေါ်အောင် မီးမွှေးခြင်းရဲ့ အမှားတွေက မိမိရဲ့ မဟာမိတ်တွေကို အကွဲကွဲအပြားပြားဖြစ်သွားစေတဲ့အထိ၊ စီးပွားရေးသွက်ချာပါဒကနေ ဖရိုဖရဲနိုင်ငံရေး အပြိုအပျက်တွေကို ဘယ်လိုဘယ်ပုံအချိန်မီကုစားကြမလဲ၊ ဝင်ရိုးတန်းအသစ်အသစ်တွေရဲ့ စုစည်းညီညွတ်စွာနဲ့ ဆောင်ရွက်နိုင်စွမ်းရှိမယ့် မြင်ကွင်းအသစ်တွေကို အားကိုးတကြီးနဲ့ စောင့်ကြည့်နေရုံသာဖြစ်ပါတယ်။

အဓိကအချက်က ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ အပြိုင်အဆိုင်တွေကြားထဲ အလွန်အကျွံဖြစ်ပြီး ကြားမညှပ်ဖို့ကို ဂရုပြုရပါမယ်။ “နိုင်ငံတကာဆက်ဆံရေးမှာ အမြဲတမ်းရန်သူ အမြဲတမ်းမိတ်ဆွေဆိုတာ မရှိ၊ ထာဝရအကျိုးစီးပွားသာရှိသည်” ဆိုတဲ့ သဘောတရားနဲ့အတူ စုပေါင်းဦးဆောင်၊ စုပေါင်းပါဝင်၊ စုပေါင်းလှုပ်ရှား၊ တာဝန်ယူ တာဝန်ခံမှုအပြည့်၊ ဘက်မလိုက်ဘဲ မျှမျှတတနဲ့ ပါဝင်ဖွဲ့စည်းထားကြတဲ့ Multilateralism သဘောပါတဲ့ အဖွဲ့အစည်းတွေဟာ ပိုပြီးယုံကြည်စိတ်ချအားကိုးရမယ်လို့ ယူဆမိပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ နိုင်ငံခေါင်းဆောင်တွေဟာ အမြော်အမြင်ကြီးမားပြီး ရည်မှန်းချက်လည်းကြီး၊ ဆင်ခြင်တုံတရားနဲ့လည်း ပြည့်ဝကြပါတယ်။ လက်ရှိအခြေအနေအရ ကမ္ဘာ့စစ်ပွဲကြီးတစ်ခုခုဟာ ဘယ်နိုင်ငံဘယ်ဒေသတစ်ခုကမဆို အချိန်မရွေး ပေါ်ပေါက်လာနိုင်ပါတယ်။ အမျိုးသားစီးပွား အဓိကထားတဲ့နိုင်ငံတွေအကြား ရင်းရင်းနှီးနှီးနဲ့ ဆက်ဆံရေးကောင်းများ တိုးချဲ့တည်ဆောက်ထားနိုင်မှသာ စိန်ခေါ်မှုတွေ၊ ခြိမ်းခြောက်မှုတွေကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

လွန်ဆွဲပွဲတွေကြားထဲ မျှတအောင် နေထိုင်ရင်း ကျွန်တော်တို့ နိုင်ငံခေါင်းဆောင်တွေဟာ ကိုယ့်မဟာဗျူဟာ အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ နိုင်ငံကို တည်ငြိမ်အောင်နဲ့ ပြည်ထောင်စုကြီး မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစတဲ့ ဒို့တာဝန်အရေးသုံးပါးကိုလည်း ကြိုးပမ်းတည်ဆောက်နေကြပါတယ်။

စီးပွားရေးကို ထိခိုက်မှုနည်းအောင်လုပ်ပြီး စီးပွားရေးအလျင်အမြန် နာလန်ထူရေး၊ နိုင်ငံတကာဆက်ဆံရေးကောင်းအောင်နဲ့ ကမ္ဘာကြီးတည်ငြိမ် အေးချမ်းရေးအတွက်ပါ အပေါင်းလက္ခဏာဆောင်တဲ့ မိတ်ဖက်နိုင်ငံတွေနဲ့အတူ အမြော်အမြင်ရှိရှိ၊ အရည်အသွေးပြည့်ပြည့်ဝဝနဲ့ ကြိုးပမ်းအားထုတ်နေကြတဲ့ သာဓကတွေကို EEF နဲ့ SCO အခင်းအကျင်းတွေကတစ်ဆင့် ထင်ထင်ရှားရှားမြင်တွေ့နေရပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား

**နေပြည်တော် အောက်တိုဘာ ၈**

ယနေ့သည် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်၊ သီတင်းကျွတ်ရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုလျက် ရှိသည်။

ထိုသို့ ဖူးမြော်ကြည်ညိုလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးများပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုကုသိုလ်ယူခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေခရီးသွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များနှင့် ကမ်းခြေများ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက် လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။



ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်းကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ဇော်မင်းလတ်

အလားတူ ညပိုင်းတွင်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများ တပ်ဆင်ခြင်း၊ မီးရောင်စုံများ တပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများဆင်ယင်ထားသကဲ့သို့ နေပြည်တော် ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများ တပ်ဆင်ထားပြီး လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဥယျာဉ်ပန်းခြံများနှင့် အများပြည်သူအပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများတပ်ဆင်ထားရှိပြီး ပြည်သူများလာရောက်အနားယူ အပန်းဖြေလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




နေပြည်တော် ရေပန်းဥယျာဉ်အတွင်း ညဈေးရောင်းပွဲတော်တွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ- ဟိန်းမင်းစိုး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများ တပ်ဆင်ထားသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ- သတင်းစဉ်

## ညောင်ဦး-ပုဂံရှိ ဟိုတယ် ၇၀ ကျော်တို့တွင် အောက်တိုဘာ ၁၂ ရက်ထိ အခန်းများပြည့်နေ

**ညောင်ဦး အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူ များပြားလျက်ရှိရာ သီတင်းကျွတ်ကာလ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် ပုဂံဒေသသို့ ဘုရားဖူးလေ့လာရင်း လာရောက်ကြရာ ဟိုတယ်၊ မိုတယ်များ ကြိုတင်ချိတ်ဆက်အခန်းယူမှုများပြားခဲ့ရာ အောက်တိုဘာ ၆ ရက်မှစတင်ကာ ဟိုတယ်၊ မိုတယ်များ ပြည့်နေပြီဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) တာဝန်ရှိသူများထံမှ သိရသည်။

သီတင်းကျွတ်ကာလ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးလေ့လာရေးလာရောက်သူများ များပြားလျက်ရှိရာ သီတင်းကျွတ်ကာလ မိဘဘိုးဘွားများ၊ ဆွေမျိုးမိတ်ဆွေများထံ ပြန်၍ကန်တော့ကြရင်း ဘုရားဖူးလာရောက်ကြကြောင်း၊ ပုဂံဘုရားများဖူးရန် ရည်ရွယ်ထားသူများသည် စက်တင်ဘာလကတည်းက ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများသို့ အွန်လိုင်းမှတစ်ဆင့် ကြိုတင်မှာယူ ချိတ်ဆက်ထားကြကြောင်း သိရသည်။

သီတင်းကျွတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ အောက်တိုဘာ ၆ ရက်မှစတင်၍ ကြိုတင်ရောက်ရှိနေကြပြီး ပုဂံဒေသရှိ သမိုင်းဝင်အထင်ကရဘုရားများကို ဖူးမြော်ခြင်း၊ နံရံဆေးရေးပန်းချီများ လေ့လာခြင်း၊ အလှဓာတ်ပုံရိုက်ကူးခြင်း၊ လက်ဆွဲပန်းချီဆွဲကြခြင်းများပြုလုပ်ကြကြောင်း၊ အချို့ဘုရားဖူးများက မြင်းလှည်းစီးခြင်း၊ E-Bike အဖွဲ့လိုက် ငှားစီးခြင်းများပြုလုပ်ကြကြောင်း၊ သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ဘုရားဖူးများ တစ်ရက် ၂၀၀၀၀ ကျော် ဝင်ရောက်လျက်ရှိကြောင်းနှင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်း အလုံး ၇၀ ကျော် ပြည့်သည်အထိ ခရီးသွား ဘုရားဖူးပြည်သူ များပြားလျက်ရှိကြောင်း သိရသည်။

**ဝင်းထိန် (ခရိုင် ပြန်/ဆက်)**



# နေပြည်တော်ရေပန်းဥယျာဉ်၌ ကျင်းပလျက်ရှိသည့် ညဈေးရောင်းပွဲတော်သို့ လာရောက်လည်ပတ်ကြသူများဖြင့် စည်ကား

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော် ရေပန်းဥယျာဉ်အတွင်း ကျင်းပလျက်ရှိသည့် ညဈေးရောင်းပွဲတော်သို့ အများပြည်သူရုံးပိတ်ရက်ဖြစ်သည့် ယနေ့တွင် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

**စည်ကား**

"ညဈေးရောင်းပွဲတော်ကို မိသားစုနဲ့ အတူလာခဲ့တာပါ၊ သီတင်းကျွတ်ရုံးပိတ်ရက်ဖြစ်တဲ့အတွက် ညဈေးရောင်းပွဲတော်မှာ ရောင်းချပေးနေတဲ့ စားသောက်ဆိုင်တွေ၊ ခေတ်ပုံရိုက်လို့ရမယ့်နေရာတွေမှာ စည်ကားနေတာကို တွေ့ရပါတယ်။ ကလေးတွေကစားလို့ရမယ့်နေရာတွေ ပြုလုပ်ပေးထားတဲ့အတွက် ကျွန်မတို့လို မိသားစုလိုက်လာတဲ့ သူတွေအတွက် ပိုပြီးအဆင်ပြေပါတယ်၊ အမှိုက်ပုံးတွေ နေရာတိုင်းမှာ ထားပေးတဲ့အတွက် စားသောက်ဆိုင်တွေနဲ့ စားသုံးသူတွေ အမှိုက်တွေကို သေချာစွန့်ပစ်ပေးစေချင်ပါတယ်"ဟု ညဈေးရောင်းပွဲတော်သို့ပျဉ်းမနားမြို့မှလာရောက်လည်ပတ်သူ မဝင့်ရတီလှိုင်က ပြောသည်။

ယနေ့ည ဈေးရောင်းပွဲတော်တွင် ဖျော်ဖြေရေးအစီအစဉ်အဖြစ် နိုင်ငံကျော်တေးသံရှင်များနှင့် The Voice Myanmar မှ တေးသံရှင်တို့က DJ၊ Music Band များနှင့်အတူ ပရိသတ်အကြိုက်တေးသီချင်းများဖြင့် ညနေ ၆ နာရီမှ စတင်၍ ည ၉ နာရီအထိ သီဆိုဖျော်ဖြေကြသည်။





**ဆိုင်ခန်း စုစုပေါင်း ၅၀ ကျော်**

ရေပန်းဥယျာဉ်ညဈေးရောင်းပွဲတော်တွင် ထိုင်း၊ တရုတ်၊ ကိုရီးယား၊ မြန်မာ အစားအစာများ၊ ပင်လယ်စာများ၊ အထောင်းမျိုးစုံ စသည့် အစားအစာရောင်းချသည့် ဆိုင်ခန်းများအပြင် ကလေးကစားစရာ မီးလင်းရောင်စုံအရုပ်အရောင်းဆိုင်များအပါအဝင် ဆိုင်ခန်းစုစုပေါင်း ၅၀ ကျော် ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

ညဈေးရောင်းပွဲတော်ကာလအတွင်း နေပြည်တော် ရေပန်းဥယျာဉ်သို့ လာရောက်လည်ပတ်ကြသူများအနေဖြင့် ဝင်ကြေးအဖြစ် ငါးနှစ်နှင့်အထက် ကလေးတစ်ဦးနှင့် လူကြီးတစ်ဦးလျှင် ငွေကျပ် ၃၀၀၀ စီ ကျသင့်မည်ဖြစ်ပြီး ငါးနှစ်အောက်ကလေးများကို အခမဲ့ ဝင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

**အပန်းဖြေအနားယူနိုင်**

အဆိုပါ ညဈေးရောင်းပွဲတော်ကို နေပြည်တော်ရှိ ဝန်းထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ သီတင်းကျွတ်ပွဲတော်ကာလအတွင်း အပန်းဖြေအနားယူနိုင်ရန် ရည်ရွယ်၍ အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းမင်းစိုး**

---

**✻ ကျောဖုံးမှ**

ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်ကလေးမှာ ယခုအသက် နှစ်လခွဲသားတွင် အရပ်အမြင့် ၂ ပေ ၈ လက်မ၊ ကိုယ်လုံးလုံးပတ် ၃ ပေ ၁၀ လက်မ၊ ကိုယ်အလေးချိန် ၂၂၅ ပေါင်ရှိလာပြီး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်ကလေးမှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် Human Friendly Training စနစ်ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၈၆၈ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်နှင့် သံတွဲမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၆ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၂၆၄၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။



**အခမဲ့ပေးဝေ**

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နှင့် ရမည်းသင်းမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---



# ကျောက်တံခါးမြို့နယ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်

**ကျောက်တံခါး အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကာကွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ဟာရီးကျေးရွာရှိ ဟိန္ဒူဘုရားကျောင်း၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

တွေ့ဆုံပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အဖွဲ့ဝင်များ ဦးဆောင်သည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော စစ်ကြောင်းကြီး ငါးကြောင်းသည် ဟာရီးကျေးရွာအုပ်စုရှိ ဒေသခံပြည်သူ ၉၅ ဦးနှင့် တွေ့ဆုံ၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား အသိပညာပေးဟောပြောခဲ့သည်။

ဟောပြောပွဲသို့ တက်ရောက်လာသော ဒေသခံပြည်သူများက မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစည်သူစန်းက ဒေသခံပြည်သူ ငါးဦးအား ဆေးကုသပေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ဒေသခံပြည်သူ ၂၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

---

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# အဘိဓမ္မာကျေးဇူးဆပ်တရားဖြင့် နေ့စဉ်သီတင်းကျွတ်စေချင်ပါသည်

ဒေါက်တာမြတ်မိုး



ကျေးဇူးရှင်မြတ်စွာဘုရားသည် ခုနစ်ဝါမြောက်တွင် မယ်တော်မာယာဖြစ်ခဲ့ဖူးသည့် သုတိသာနတ်ပြည်ရှိ သန္တုသိတနတ်သားကို ကျေးဇူးဆပ်သည့်အနေဖြင့် တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလကာလပတ်လုံး အဘိဓမ္မာတရားတော်ကြီးကို ဟောကြားတော်မူခဲ့သည်။ ထို့ကြောင့် ထူးမြတ်သာလွန်သော ဤတရားတော်ကြီးသည် ကျေးဇူးဆပ်တရားတော်အဖြစ် ထူးခြားခဲ့သလို ကုသိုလ်တရား၊ သစ္စာတရားအားဖြင့်လည်း ကျယ်ဝန်းနက်နဲလှသည့် တရားဖြစ်သည်ဟု ဆိုကြပါသည်။

**ဗုဒ္ဓ၏အမွေကို လက်ဆင့်ကမ်း**

ယနေ့ခေတ် လူပုဂ္ဂိုလ်များစွာသည် အဘိဓမ္မာ၏ကျေးဇူးများကို သိလို၍ အဘိဓမ္မာတရားတော်ကြီးကို သင်ကြားနာယူလာကြပြီဖြစ်သည်။ သိလို၍သင်၊ သင်ရာမှ ပို၍သိလာကြသည်။ ပို၍နာယူလာကြသည်။ ပါရမီရင့်သန်သူများက အကျင့်အထိသွားနေကြပြီကို လေ့လာမိသည်။ အသိနှင့်အကျင့်ပေါင်း၍ တရားရှိလာကြသည်ကို တွေ့ရသည်။

ဓမ္မတရားတော် အဆုံးအမများကို စနစ်တကျ လေ့လာသင်ကြားနာယူခြင်းသည်ပင် ဗုဒ္ဓအမွေကို လက်ဆင့်ကမ်းခြင်းဟု ခံယူလာကြသည်။ ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တိုင်းမှာ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟူသောသာသနာသုံးရပ် မပျောက်ကွယ်မကွယ်ပအောင်နှင့် သာသနာတော် အဓွန့်ရှည်တည်တံ့တိုးတက်ရန်နှင့် ကာကွယ်စောင့်ရှောက်ရန် ယနေ့ခေတ်ကာလမျိုးတွင် ပို၍တာဝန်ရှိကြသည်ဟု ခံယူထားပါသည်။ ထို့ကြောင့်လည်း အဘိဓမ္မာနှင့်ပတ်သက်၍ ထပ်ကာထပ်ကာနာယူသည်။ အစဉ်မပြတ်မျှဝေသည်။ ဆွေးနွေးသည်။ ဤသို့ဖြင့် သာသနာတော်ကို ကျေးဇူးဆပ်လိုသည်။ မိဘကျေးဇူးဆပ်တရားကို ထပ်ဆင့်မျှဝေခြင်း၊ ထပ်ကာနာယူခြင်းသည်ပင် သာသနာတော်ကို ကျေးဇူးဆပ်နေသကဲ့သို့ဖြစ်သည်ဟု ခံယူမိပါသည်။

**ကုသိုလ်နှင့်အကုသိုလ်အသိ**

တရားတော်ကို သင်ကြားနာယူခြင်းသည် တရားတော်ကို ပူဇော်ခြင်းဖြစ်ပါသည်။ ပူဇော်မှုအထူးပြုထိုက်သော တရားတော်ကြောင့်တရားအသိများတိုးလာသည်။ ခန္ဓာမှလာသော အဘိဓမ္မာအသိဖြင့် မိမိခန္ဓာကို ပြန်လည်တိုက်ဆိုင်ဆင်ခြင်လာနိုင်သည့်အခါ ပညာဟူသောအရာကို ပိုင်ဆိုင်ရန်နီးကပ်ပြီဟု ခံစားမိနိုင်ပါသည်။ မည်သည့်အသိတရားများဖြင့် မည်သည့်အကျိုးများ ဖြစ်ထွန်းလာပါသနည်း။

အဘိဓမ္မာ၏ကျေးဇူးကြောင့် မိမိတို့သန္တာန်တွင် စက္ကန့်မလပ်ဖြစ်နေသော "ရုပ်နာမ်တရားများ" ကို ပိုင်းခြားသရုပ်ခွဲသိနားလည်ရန် အခြေအနေပေးလာသည်။ အနည်းဆုံးတော့ ကုသိုလ်စိတ်များ၊ အကုသိုလ်စိတ်များကို သိခွင့်ရလာသည်။ အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အထိအတွေ့ စိတ်ကူးကြံစည်တွေးတောသမျှမှာ ဖြစ်လာရသည့်အာရုံကိုသာ သိသောစိတ်များအပေါ် လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဦးဆောင်သော အကုသိုလ်နှင့် ကုသိုလ်စေတသိက်များ၏ ခြယ်လှယ်မှုကြောင့် ကုသိုလ်၊ အကုသိုလ်စိတ်များ ဖြစ်လာရတာပါလားဆိုသည်ကို သိခွင့်ရလာသည်။

ကုသိုလ်နှင့် အကုသိုလ် ခွဲခြားသိလာသည့်အခါ အကုသိုလ်ကို ကုသိုလ်ထင်ပြီး မလုပ်သင့်သည်ကို မလုပ်မိတော့ဘဲ ရှောင်ကြဉ်လာတတ်မည်။ ကုသိုလ်လုပ်ရင်း အကုသိုလ်ဖြစ်သွားပုံများ၊ အကုသိုလ်ကို အကုသိုလ်မှန်း ဆင်ခြင်မိလျှင်ပင် ကုသိုလ်ဖြစ်ပုံလေးများကို သိရှိလာရသည်မှာ ဓမ္မအကျိုးတရားတစ်ခုပင် ဖြစ်ပါတော့သည်။

**အဘိဓမ္မာတရားကပေးသော အကျိုးတရားများ**

ပရမတ်တရားများဖြစ်သော စိတ်နှင့်စေတသိက်တို့သည် ရောပြွမ်းနေသည်။ ဝေဒနာအလိုက်၊ ဒွါရဖြစ်တည်ရာအလိုက်၊ အာရုံအလိုက်၊ မှီရာဝတ္ထုအလိုက်၊ ဟိတ်အလိုက် ရောနှောနေကြသည်။ ထိုသို့ရောနေသည့်အပြင် ဒွါရနှင့် အာရုံတို့ တိုက်၍ ဖြစ်ရသောစိတ်ဟူသည် အစဉ်အတန်းလိုက်ဖြစ်နေသည်။ ထိုသို့ ဒွါရနှင့် အာရုံမတိုက်လျှင်ကော..။ စိတ်အသက်၊ ရုပ်အသက်နှင့် စိတ်တို့၊ ရုပ်တို့ဖြစ်ပျက်ပုံနှင့် နိဗ္ဗာန်အကြောင်း၊ ဇောများအကြောင်း၊ ဒွိဟိတ် တိဟိတ်ပုဂ္ဂိုလ်များအကြောင်း၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ရုပ်ဖြစ်ရပုံ၊ ကိုယ်ပြုလိုက်သည့် ကုသိုလ်ကံ၊ အကုသိုလ်ကံများအပေါ် မူတည်၍ ရောက်ရသည့် ၃၁ ဘုံနှင့် ကြုံရဆုံရဘုံဘဝများ၊ ပဋိသန္ဓေစိတ်နဲ့ စုတိစိတ်များအကြောင်း၊ အကြောင်းတရားများဖွဲ့စည်း၍ အကျိုးတရားများဖြစ်ပုံချုပ်ပုံနှင့် ကြောင်းကျိုးဆက်စပ် ပဋိစ္စသမုပ္ပါဒ်၊ အကြောင်းအကျိုးနှင့်သတ္တိပါ ပါလာသည့် ပဋ္ဌာန်းနည်း၊ နောက်ဆုံးအပိုင်းမှာတော့ သမထနှင့် ဝိပဿနာကမ္မဋ္ဌာန်းတရားများအကြောင်း.. စသည် စသည်ဖြင့် စုံလင်လှပါသည်။ ချုပ်ရလျှင် နာမ်၊ ရုပ်၊ ပရမတ္ထတရားများ၏ အကြောင်းရင်းခံသည် မသိမှုအဝိဇ္ဇာကြောင့်ဖြစ်သည်။

တဏှာအရင်းခံ၍ဖြစ်ရသည်။ ထိုတရားနှစ်ခုအရင်းခံ၍ ပြုလိုက်သော ကံကြောင့်သာလျှင် အကြောင်းခံသည်ကို အပေါ်ယံသဘောမျှမဟုတ် နက်နက်နဲနဲ သိခွင့်ရလာပါလိမ့်မည်။ ကောင်းမြတ်သော အကျိုးကျေးဇူးများပင်ဖြစ်ပါတော့သည်။

မိဘကို ကျေးဇူးဆပ်သောတရားကို ဓမ္မအသိဖြင့် သင်ကြားနာယူပူဇော်ခြင်းသည် ယခုဘဝတွင်သာမက နောင်သံသရာတွင်ပါ ကောင်းသောကံများကို ဖြစ်ထွန်းစေပါသည်။ ကောင်းမြတ်သောဓမ္မတရားတို့မည်သည် မိခင်ဖခင်တို့အတွက်သာမက တရားနာယူခွင့်မရသူကို ရလာအောင်၊ သီလမရှိသူကို ရှိလာအောင်၊ သမာဓိမခိုင်သူကို ခိုင်လာအောင်၊ ပညာမပြည့်ဝသူကို ပြည့်လာအောင် ထပ်ဆင့်ပြုခြင်းဖြင့် လောကကြီးကိုပါ ကျေးဇူးပြုနေပါသည်။ သီတင်းကျွတ်ကာလတွင်း သာမက အချိန်နှင့်အမျှ နေ့စဉ်ပြုကျင့်ကာ ကျေးဇူးဆပ်နေရမည့် တရားများဖြစ်၍ ကောင်းကျိုးချမ်းသာ အစဉ်ဖြစ်ထွန်းခြင်းဖြင့် မိဘကျေးဇူးကျေမည်ဖြစ်သည်ဟုလည်း နာကြားဖူးပါသည်။

**ကောင်းကံတရားများထူထောင်ရန်**

ယခုလိုကာလတွင် အားလုံးအတွက် အကျပ်အတည်းကာလတစ်ခုကို ခါးသီးစွာ ဖြတ်ကျော်နေရသည်။ ကမ္ဘာ့လူသားအားလုံး ရင်ဆိုင်နေရသောအရာချည်းမို့ မလွန်ဆန်နိုင်ဖြစ်ရသည်။ ကိုဗစ်ကြောင့် လူများစွာတိမ်းပါးကြရသည်။ ချစ်သူခင်သူများ များစွာပါသွားရသည်။ စစ်ဘေးများ ထူပြောနေသည်။ သဘာဝဘေးဒဏ်ကလည်းမလွတ်၊ မုန်တိုင်း၊ လေဘေး၊ ရေဘေး၊ ငလျင်ဘေး၊ အပူဒဏ်ကို ပြင်းစွာခံစားနေကြရသည်။ အချို့နေရာများတွင် စားနပ်ရိက္ခာမဖူလုံ၊ အငတ်ဘေးကျနေသည်။ ကပ်ကြီးဘေးဒဏ်များနှင့်အတူ ပြိုကွဲကျသွားသည့် ဘဝများစွာနှင့်အတူ ကိုယ့်ပတ်ဝန်းကျင်မှာ သံဝေဂရစရာများကအပြည့်ဖြစ်သည်။ ထိုသို့သော အခြေအနေတွင် မကောင်းသည်များမလုပ်မိစေဖို့ ဆင်ခြင်ရန် သတိတရားများနှင့်အတူ ဤဝန်းကျင်မှာ အသက်ရှင်နေသည်ပင် မျှော်လင့်ချက်များဖြင့် ကောင်းသည်များ လုပ်ဖြစ်ဖို့ အချိန်ရသေးသည်ဟု သတိချပ်သင့်ပါသည်။ တရားတော်များကို နှလုံးသွင်းဆင်ခြင်ပြီး အတွေ့အကြုံနှင့် ပညာဉာဏ်ကို အသုံးချ၍ ကုသိုလ်ကံတရားများကို ထူထောင်ရန် အခွင့်အလမ်းများစွာရှိနေသေးသည်ကို နှလုံးသွင်းထားရပေမည်။

**အကုသိုလ်တရားဆိုးများ**

သို့သော် ယခုလိုအခြေအနေများတွင် မြင်တွေ့ကြားသိနေရသည်က လောဘ၊ ဒေါသ၊ အကုသိုလ်ဒုစရိုက်တရားများကို အရှက်အကြောက်ကင်းစွာဖြင့် ကျူးလွန်နေကြသည့် ဝမ်းနည်းဖွယ်ရာ၊ စိုးရိမ်ဖွယ်ရာအခြေအနေများပင်ဖြစ်သည်။ ယုတ်မာညစ်ညမ်း ဆိုးသွမ်းမှုအပြစ်များကို မသိမှုမောဟပိုက်ကွန်၏ ဖုံးလွှမ်းမှုအားကြီးလွန်းသောကြောင့် ရုန်းမထွက်နိုင်ဘဲ အကုသိုလ်၏ မကောင်းကျိုးများကို ခံစားနေကြရသည်။ လူအများစုသည် အကျဉ်းအကျပ်ထဲတွင် အာရုံများပြီး စိတ်မငြိမ်သက် တွေဝေပျံ့လွင့်နေကြကာ စိတ်လွင့်ပါး၍ လေလွင့်နေသူများစွာကို တွေ့နေရပါသည်။

အချို့က အသိအမြင်မှား၊ အယူမှားများသောအမြင်ရှိနေကြသည်။ မဟုတ်သည်ကိုအဟုတ်၊ ဟုတ်သည်ကို မဟုတ် အမှတ်မှားကြသည်ကို တွေ့မြင်ကြားသိနေရသည်။ ကုသိုလ်ကံ၊ အကုသိုလ်ကံဟူသည် မရှိဟု သိမြင်နေကြသည်။ မရှိသည်ကို သိနေမှတော့ ကံ၏အကျိုးဆိုသည်မှာ မရှိကြောင်း၊ အမှားကိုတော့သိပြီး အမှန်ကိုမသိ၊ ဤသို့ မှားမှားယွင်းယွင်း သိနေခြင်းသည်ပင် ထိုသူတို့အတွက် အမှန်ဖြစ်နေသည်ကား မိစ္ဆာဒိဋ္ဌိ၏ သဘောတရားပင်ဖြစ်သည်ကို သူတို့ကိုယ်တိုင်မသိကြ။

ဤသို့အဆိုးများကြားတွင် အချို့က ကိုယ့်ထက်သာမနာလိုကြသည်လည်းရှိသည်။ အချို့တွင် ဝန်တိုစိတ်ဖြင့် ပေးကမ်းစွန့်ကြဲလှူဒါန်းမှု မပြုနိုင်ကြဘဲ တွန့်တိုမှုများ တွေ့နေရသည်။ နောင်တတစ်ဖန်ပူပန်မှုများလည်း ရှိကြသေးသည်။ အကုသိုလ်ပြုပြီးမှ သို့မဟုတ် ကုသိုလ်မပြုလိုက်ရ၍ စသည်ဖြင့် နောင်တရတတ်ကြသူများဖြစ်သည်။ အချို့ကလည်း ကုသိုလ်အရာတွင် ထက်ထက်သန်သန်မရှိ၊ လေးလံထိုင်းမှိုင်း တွန့်ဆုတ်နေကြသည်။ အချို့ကား ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် ကံ၊ ကံ၏အကျိုးကို ယုံမှားခြင်း၊ မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေကြသည်ကို တွေ့ရသည်။

အဆုံးတွင် လူအများ စိုးရိမ်မှုသောက၊ ငိုကြွေးမှုပရိဒေဝ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမှု ဒုက္ခ ဒေါမနဿ၊ မငိုကြွေးနိုင်လောက်အောင် ပြင်းစွာဖြစ်ရသော ဥပါယာသဒေါသများဖြင့် အမှောင်လွှမ်းသော အခြေအနေတစ်ရပ်ဆီသို့ ဦးတည်နေသည်ဆိုပါလျှင် ထိုအခြေအနေဆိုးများမှာ ဖော်ပြပါတရားဆိုးများကြောင့် ဖြစ်ရသည်ကို ဤသို့ထူးခြားလေးမြတ်သော ဗုဒ္ဓတရားတော်များကသာ ပြဆိုနေပါကြောင်း အလေးထားဖော်ပြလိုပါသည်။

**ကံ ကံ၏အကျိုးခံရမည်**

ယခုလိုသာသနာတွင်းကာလတွင် ကုသိုလ်လုပ်လျှင် အင်မတန်အကျိုးများသလို အကုသိုလ်လုပ်မိလျှင်လည်း အလွန်တရာအကျိုးယုတ်ပါသည်။ သတိထားမိရန်ဖြစ်သည်။ သာသနာတွင်းက ပုဂ္ဂိုလ်များ အထူးသဖြင့် သီလ၊ သမာဓိ၊ ပညာ ပြည့်စုံသော ဆရာတော်၊ သံဃာတော်ကြီးများ၊ လူပုဂ္ဂိုလ်များကို ပြစ်မှားစော်ကားမိလျှင် ပို၍အပြစ်ကြီးပါသည်။

စာမျက်နှာ ၁၁ သို့

> မိဘကိုကျေးဇူးဆပ်သောတရားကို ဓမ္မအသိဖြင့် သင်ကြားနာယူပူဇော်ခြင်းသည် ယခုဘဝတွင်သာမက နောင်သံသရာတွင်ပါ ကောင်းသောကံများကို ဖြစ်ထွန်းစေပါသည်။ ကောင်းမြတ်သောဓမ္မတရားတို့မည်သည် မိခင်ဖခင်တို့အတွက်သာမက တရားနာယူခွင့်မရသူကို ရလာအောင်၊ သီလမရှိသူကို ရှိလာအောင်၊ သမာဓိမခိုင်သူကို ခိုင်လာအောင်၊ ပညာမပြည့်ဝသူကို ပြည့်လာအောင် ထပ်ဆင့်ပြုခြင်းဖြင့် လောကကြီးကိုပါ ကျေးဇူးပြုနေပါသည်။ သီတင်းကျွတ်ကာလတွင်းသာမက အချိန်နှင့်အမျှ နေ့စဉ်ပြုကျင့်ကာ ကျေးဇူးဆပ်နေရမည့်တရားများဖြစ်၍ ကောင်းကျိုးချမ်းသာ အစဉ်ဖြစ်ထွန်းခြင်းဖြင့် မိဘကျေးဇူးကျေမည်ဖြစ်

# ပြည်မြို့ သရေခေတ္တရာပျူမြို့ဟောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးဆောင်ရွက်

ပြည် အောက်တိုဘာ ၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းက ပြည်မြို့ သရေခေတ္တရာ ပျူမြို့ဟောင်းအား ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ စိတ်ဝင်စားပြီး ပိုမိုလာရောက်လည်ပတ်နိုင်စေရေး အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကွင်းဆင်းကြည့်ရှုစစ်ဆေးဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် သရေခေတ္တရာ ပျူမြို့ဟောင်းသို့ ခရီးသွားများ ကျယ်ဝန်းလွတ်လပ်စွာ သွားလာနိုင်ရေး လေးလမ်းသွားကားလမ်း ဖောက်လုပ်နိုင်ရန် လမ်းအူကြောင်းရှာဖွေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပျူမြို့ဟောင်းရှိ နန်းတော်ရာကုန်းသို့ သွားရောက်၍ နန်းတော်ရာကုန်း ပြန်လည်တူးဖော်မည့် အစီအစဉ်များ၊ နန်းတော်ရာကုန်းပတ်လည် အတွင်းကျုံး ပြန်လည်တူးဖော်မည့် အစီအစဉ်များနှင့် အတွင်းကျုံးအား ရေအမြဲရှိစေရေး မူလရေဝင်ရေလွှဲစနစ်အား ပြန်လည်ဖော်ထုတ်နိုင်ရေး ဦးသောမကန်၊ ရဟန္တာကန်နှင့် ကြာကန်တည်ရှိနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရှေးမူမပျက် စနစ်တကျတူးဖော်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပျူမြို့ဟောင်းအတွင်း၌ View Point ပြုလုပ်မည့် သောင်းပြည့်ကုန်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မြေပြင်ရှင်းလင်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။ ၎င်းနောက် ပျူမြို့ဟောင်း မြို့ဝင်တံခါးပေါက်၊ မြို့ရိုးနှင့်ကျုံး ပြန်လည်ဖော်ထုတ်နိုင်ရေး မှတ်ရှည်မြို့ဝင်တံခါးပေါက်၌ ကျူးကျော်နေအိမ်များ ဖယ်ရှားရှင်းလင်းမှုအခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ရှေးဟောင်းဇရိယာအတွင်း ကျူးကျော်နေထိုင်မှုများမရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်မြို့ ရေတွန်းစက်ရုံအနောက်ဘက် ဧရာဝတီမြစ်ကမ်းသို့ရောက်ရှိခဲ့ပြီး ကမ်းပြိုကမ်းစားမှု မရှိစေရေး သဲသောင်ခုံများ တူးဖော်ရန်နေရာနှင့် ဧရာဝတီမြစ်ကမ်းတစ်လျှောက် ဒေသခံပြည်သူများ အပန်းဖြေစေရန် ကမ်းနားလမ်းအား အဆင့်မီကမ်းနားလမ်းအဖြစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်အသင်း၌ မီးလင်းအခေါက်ရွှေ ရောင်းချမည်

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း လပတ်အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို အောက်တိုဘာ ၈ ရက်က အသင်းရုံး၌ကျင်းပရာ အခမ်းအနားတွင် အသင်းနာယက ဦးဆန်းလွင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး မီးလင်းအခေါက်ရွှေအတုံးအခဲ ရောင်းချနိုင်ရေးအတွက် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ မီးလင်းအခေါက်ရွှေ အတုံးအခဲ ၁၀ ပိဿာကျော်ကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီမှ ၃ နာရီထိ (ရွှေလုပ်ငန်းရှင်အသင်းဝင်များမှအပ) မည်သူမဆို ရွှေ ၁ ကျပ်သားမှ ၁၀ ကျပ်သားအထိ တစ်ကြိမ်စီ ဝယ်ယူနိုင်မည်ဖြစ်သည်။

ဝယ်ယူလိုသူများအနေဖြင့် မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းတွင် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

## အင်းစိန်မြို့နယ်၌ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ ဆွေးနွေးဟောပြောပွဲကို အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနနှင့် မြို့နယ်သတင်းစာဆရာအသင်းတို့ပူးပေါင်း၍ ယမန်နေ့နံနက် ၁၀ နာရီတွင် လူထုအခြေပြုဗဟိုဌာနရှိ ဘက်စုံသုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ထုတ်လွှင့်တင်ဆက်

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်မြို့နယ်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က မေးမြန်းဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး မြို့နယ်ပညာရေးဌာန အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်နှင့် မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ သတင်းစာဆရာ စာရေးဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)တို့က ကမ္ဘာ့ဆရာများနေ့နှင့်ပတ်သက်သည့် သိကောင်းစရာများကို စိတ်ဝင်စားဖွယ်ပြည့်စုံစွာ ဆွေးနွေးဟောပြောခဲ့သည်။



အဆိုပါ ကမ္ဘာ့ဆရာများနေ့ ဆွေးနွေးဟောပြောချက်များကို ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အွန်လိုင်းမှ တစ်ဆင့် ထုတ်လွှင့်တင်ဆက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

❁ စာမျက်နှာ ၁၀ မှ


ကာယ၊ ဝစီ၊ မနောပြုမှားမိလျှင်၊ ကြံတွေးမိဝေဖန်မိလျှင်ပင် အကုသိုလ်ဝိပါက်များက အလွန်ကြောက်စရာ ကောင်းလှသည်။ ဆင်ခြင်ကြစေလိုပါသည်။ ဆိုချင်သည်က ကံကံ၏အကျိုးကို ဆင်ခြင်ရန်ဖြစ်သည်။

ကိုယ်လုပ်ခဲ့သမျှ ကောင်းသည်ကို လုပ်လျှင် ကိုယ်စံ၊ မကောင်းသည်ကိုလုပ်ခဲ့လျှင် ခံရမည်သာဖြစ်သည်။ ကိုယ်စိုက်ခဲ့သမျှ ကိုယ်ပြန်ရိတ်သိမ်းနေရသည်သာ ဖြစ်သည်ဟု မှတ်ယူရန်ဖြစ်သည်။ အချိန်မတန်သေး၍ ကိုယ်ခံ ကိုယ်စံရမည့် အကျိုးပေးချိန်တော့ ကွာပါသည်။ ထို့ကြောင့် ယခုလိုအချိန်ကာလမျိုးတွင် မိမိစော်ကားပြစ်မှားမိသည့် ပုဂ္ဂိုလ်များအား အမှတ်ရ၍ မပျက်မကွက် ဝန်ချတောင်းပန်ရှိခိုးကန်တော့ကြစေလိုပါသည်။

### ကောင်းမြတ်သောတရားများ

တရားကောင်းတရားမြတ်များကို လေ့လာသင်ယူနာကြား၊ ကျင့်ကြံအားထုတ်ရန်ဆိုသည်က ရတနာသုံးပါးနှင့် ကံကံ၏ အကျိုးအပေါ်ယုံကြည်မှု "သဒ္ဓါ" နှင့် ကြည်လင်သော သဒ္ဓါတရားအားကောင်းမှုနှင့်အတူ မမေ့လျော့အပ်သော "သတိ" တရားသည်လည်း အလွန်အရေးကြီးပြန်ပါသည်။

ကောင်းမြတ်သော သဒ္ဓါတရားအပေါ်တွင် ကြိုးစားအားထုတ်မှု "ဝီရိယ" လည်း လိုက်ပါရမည်ဖြစ်သည်။ ကံကို ယုံကြည်ခြင်းနှင့် ရုပ်နာမ်ကို ပိုင်းခြားသိမြင်မှု၊ ရုပ်နာမ်တရားများ၏ မမြဲမှု၊ အဖန်တလဲလဲဖြစ်ပျက်ဆင်းရဲမှု၊ အစိုးမရမှုနှင့် အကြောင်းကောင်းလျှင် အကျိုးကောင်းမည်ဟူသော သဘောတရားများက မောဟ၏ဆန့်ကျင်ဘက် ပညာဉာဏ်ရင့်သန်မှု "အမောဟ" တရားများကို ဖြစ်ထွန်းစေပါသည်။



ကောင်းမှုပြုခြင်းနှင့် အကျိုးတရားကို ယုံကြည်မှုက မကောင်းသည်ကို ပြုလုပ်ရမှာကို ရှက်တတ်ကြောက်တတ်စေသည်။ ကုသိုလ်စိတ်၊ အကုသိုလ်စိတ်နှင့်အတူ ကုသိုလ်၊ အကုသိုလ်ကံနှင့်တကွ အကျိုးပေးပုံများ၊ မမြဲမှုနှင့် အစိုးမရမှု၊ ဒုက္ခချည်းသာဖြစ်သည်ကို ကွဲကွဲပြားပြားသိလာရလျှင် အလောဘ လိုချင်တပ်မက်မှုနည်းလာမည်၊ လိုချင်မှုလောဘနည်းလာလျှင် ပေးကမ်းစွန့်ကြဲမှုဒါနတရား ပေါများလာမည်သာဖြစ်သည်။ မတရားလိုချင်မှု နည်းလာလျှင် ကြမ်းတမ်းခက်ထန်မှု အဒေါသလည်း လျော့ပါးလာမည်ဖြစ်သည်။ အဒေါသက သည်းခံခြင်းကို မွေးဖွားသလို မေတ္တာဓာတ်ကိုလည်း ပေးစွမ်းသည်ဟု ဆိုပါသည်။

### ဗြဟ္မာစိုရ်တရားအလေးထား

ယခုလိုအချိန်ကာလမျိုးမှာ လူလူချင်း မေတ္တာတရားထားခြင်းမျိုးသည် မိမိပတ်ဝန်းကျင်ကို အကောင်းဆုံးငြိမ်းချမ်းခြင်းမျိုးဖြင့် ငြိမ်းအေးစေပါသည်။ သူ့အကျိုးကောင်းဖို့ သူ့အကျိုးစီးပွားကို လိုလားနေခြင်းသည်ပင် မေတ္တာတရားတစ်ခုဖြစ်သည်။ ကိုယ့်ထက်ငယ်သူ ကိုယ့်ထက် အားနည်းနိမ့်ပါးသူအတွက်တော့ သနားကြင်နာစိတ်ဖြင့် ကရုဏာတရားထားရန် အရေးကြီးလှသည်။ ကိုယ့်ထက်သာနေလျှင်၊ တော်နေလျှင်၊ ချမ်းသာနေလျှင်တော့ မနာလိုမရှုဆိတ်မဖြစ်ဝမ်းမြောက်မုဒိတာပွားရန်ပင်ဖြစ်သည်။

ချမ်းသာမှုနှင့် ဆင်းရဲမှုအကြား၊ နှစ်သက်မှုနှင့် မနှစ်သက်မှုအကြား မည်သို့မှမဖြစ်၊ မခံစားတတ်ခြင်း၊ ဝမ်းမြောက်ခြင်းလည်းမဖြစ်၊ ဒေါသလည်းမပွား၊ ကံကံ၏ အကျိုးအတိုင်း လျစ်လျူရှုလိုက်လျှင် ပို၍မြင့်သော ပို၍ကောင်းမွန်သော ဥပေက္ခာတရားအဖြစ်သို့ ရောက်သွားနိုင်ပါသည်။ ဤတရားများသည် ကောင်းမြတ်သော ဗြဟ္မာစိုရ်တရားများဖြစ်၍ အခြေအနေအရပ်ရပ်က တောင်းဆိုနေသော ယခုလိုကာလမျိုးတွင် ပို၍ပို၍ကျင့်ကြံကျင့်သုံးနေထိုင်သင့်ကြပါသည်။

သိက္ခာသုံးရပ်သာသနာတွင် ဆောင်ရန်၊ ရှောင်ရန်များအတွက် ဆောင်သီလ၊ ရှောင်သီလများသည်လည်း အရေးပါသည်ကို မမေ့အပ်ပါ။ အဖန်တလဲလဲ ပွားများရမည့်ဘာဝနာကိုလည်း ကြိုးစားအားထုတ်သင့်ကြပါသည်။ မိမိထက် သီလ၊ သမာဓိ၊ ပညာ အသက်အရွယ်ကြီးသူကို အရိုအသေပြုခြင်းနှင့် ကူညီသင့်သည်ကို ကူညီရမည်ကိုလည်း မမေ့သင့်ပါ။ မိမိပြုသမျှကုသိုလ် အမျှဝေတတ်ရမည်ဖြစ်သလို သူတစ်ပါး အလှူရှင်၏ ကုသိုလ်ကိုလည်း သာဓုခေါ်နိုင်ရမည်ဖြစ်ပါသည်။

အခြေအနေနှင့် အချိန်ပေးခိုက် နာယူသင့်သည်ကိုနာယူ၊ ဉာဏ်မီသမျှ ဟောကြားဝေမျှနေရမည်ဟုလည်း ခံယူထားသင့်ကြပါသည်။ ထို့ကြောင့်လည်း ဤသီတင်းကျွတ်အခါသမယကို အခွင့်ကောင်းယူ၍ အချိန်ရှိခိုက် လုံ့လစိုက်နိုင်ရန် အဘိဓမ္မာ တရားတော်မှ တရားအချို့ကို ထုတ်နုတ်၍ ပြုခဲ့ပြီးသောကုသိုလ်များ ပွားများသည်ထက် ပွားများစေရန်နှင့် မပြုရသေးသော ကုသိုလ်များ ထူထောင်မိစေရန်၊ မပြုထိုက်သောအကုသိုလ်များ အသစ်တစ်ဖန်မပြုမိစေရန်နှင့် ပြုခဲ့ပြီးသောအကုသိုလ်များ အတွက်လည်း ပူပန်မှုမဖြစ်စေရန် ဉာဏ်မီသမျှ ကြိုးစား၍ ကုသိုလ်ပြုလိုက်ရပါသည်။ ။

# ထိုင်းဘုရင် မဟာဝဇိရာလောင်ကွန်းက နေ့ကလေးထိန်းကျောင်း သေနတ်ပစ်ခတ်မှုအတွင်း သေဆုံးသူများ၏ မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၊ အားပေးစကားပြောကြား



**ဗန်ကောက် အောက်တိုဘာ ၈**

ထိုင်းဘုရင် မဟာဝဇိရာလောင်ကွန်းနှင့် မိဖုရား စုသီတာတို့သည် အောက်တိုဘာ ၇ ရက်တွင် နေ့ကလေးထိန်းကျောင်းတစ်ခု၌ ဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုအတွင်း သေဆုံးသွားသူများ၏ မိသားစုဝင်များနှင့်တွေ့ဆုံကာ ဝမ်းနည်းစကား ပြောကြားခဲ့သည်။

အဆိုပါ နေ့ကလေးထိန်းကျောင်း သေနတ်ပစ်ခတ်မှုဖြစ်စဉ်တွင် ကလေးငယ် ၂၄ ဦးအပါအဝင် ၃၈ ဦး သေဆုံးခဲ့သည်။

ထိုင်းဘုရင် မဟာဝဇိရာလောင်ကွန်းနှင့် မိဖုရား စုသီတာတို့က အခင်းဖြစ်ပွားမှုအတွင်း ထိခိုက်ဒဏ်ရာရရှိသူများအား ဆေးဝါးကုသမှုပေးလျက်ရှိသည့် ဆေးရုံသို့သွားရောက်ကာ အားပေးစကား ပြောကြားခဲ့သည်။

Nong Bua Lamphu ခရိုင်ရှိ နေ့ကလေးထိန်းကျောင်း၌ အဆိုပါ အကြမ်းဖက်မှုဖြစ်ပွားခဲ့သည့်အတွက် ဝမ်းနည်းမိပါကြောင်းနှင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းသည့်အတွက် ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ပါကြောင်း ထိုင်းဘုရင်လောင်ကွန်းက ဆိုသည်။

ဝမ်းနည်းပူဆွေးလျက်ရှိသည့် မိသားစုများအား အားပေးစကား တိုက်ရိုက်ပြောဆိုခြင်းသည် ထိုင်းဘုရင်မင်းမြတ်အတွက် ပုံမှန်လုပ်ရိုးလုပ်စဉ် တစ်ခု မဟုတ်ပေ။

သေနတ်ပစ်ခတ်မှုကျူးလွန်သူ အကြမ်းဖက်သမားသည် နေ့ကလေးထိန်းကျောင်း၌ ပစ်ခတ်မှုကျူးလွန်ခဲ့ပြီးနောက် ၎င်း၏နေအိမ်သို့သွားကာ အမျိုးသမီးနှင့် သားဖြစ်သူတို့အား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ ယင်းနောက် ၎င်းကိုယ်ကိုယ် သေနတ်ဖြင့် အသေပစ်ခတ်ခဲ့သည်။

အဆိုပါ အကြမ်းဖက်သမားသည် ရဲအရာရှိဟောင်းတစ်ဦးဖြစ်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် တာဝန်မှ ရပ်စဲခံထားရသူဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန်တပ်ဖွဲ့ဝင်များ နိုင်ငံအတွင်းမှ ချက်ချင်းရုပ်သိမ်းပေးရန် ဆီးရီးယားတောင်းဆို



**ဒမတ်စကတ် အောက်တိုဘာ ၈**

ဆီးရီးယားနိုင်ငံအတွင်းမှ အမေရိကန်တပ်ဖွဲ့ဝင်များ ချက်ချင်းရုပ်သိမ်းပေးရန် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၈ ရက်တွင် တောင်းဆိုလိုက်ကြောင်း ယနေ့ ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များရောက်ရှိနေခြင်းသည် တရားမဝင် ရောက်ရှိနေခြင်းဖြစ်ပြီး ကာဒစ်ရှ်ဦးဆောင်သည့် စစ်သွေးကြွများအား အမေရိကန်နိုင်ငံအနေဖြင့် အထောက်အပံ့ပေးနေမှုကို အဆုံးသတ်ရန် ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက တောင်းဆိုခဲ့သည်။ ထို့ပြင် ကာဒစ်ရှ်ဦးဆောင်သည့် စစ်သွေးကြွများသည် ဆီးရီးယားနိုင်ငံအတွင်း၌ အမေရိကန်နိုင်ငံ၏ အကျိုးစီးပွားကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်းလည်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆီးရီးယားနိုင်ငံပိုင်ရေနံများကို အမေရိကန်တပ်ဖွဲ့ဝင်များ ခိုးယူမှုကို ပြစ်တင်ရှုတ်ချပါကြောင်းနှင့် ဆီးရီးယား–အီရတ်နယ်စပ်တစ်လွှားရှိ ဆီးရီးယားရေနံများ ခိုးယူသည့် အမေရိကန်၏ မူဝါဒသည် စက်ဆုပ်ဖွယ်ဖြစ်ကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန်နိုင်ငံသည် နိုင်ငံတကာဥပဒေနှင့် ကုလသမဂ္ဂစည်းမျဉ်းများကို ဆန့်ကျင်ကာ လုပ်ဆောင်နေခြင်းဖြစ်ကြောင်းနှင့် အဆိုပါလုပ်ရပ်အား ပြစ်တင်ရှုတ်ချရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအား တောင်းဆိုကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၉၇ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ အောက်တိုဘာ ၈**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၉၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၄၆၀၉၂၅၇ ဦးရှိလာကြောင်း အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာပေါင်း ၂၉၂၅၁ ဦးရှိကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၈၇၇၈ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၈၈၄ ဦးထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၄၀၅၁၂၂၈ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း၌ ကိုဗစ်–၁၉ရောဂါကာကွယ်ဆေးအလုံးရေ ၂၁၈၉၃၁၄၄၂ လုံးအသုံးပြုပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်ထိ ပြည်သူ ၈၉၆ သန်းကျော်အား ကိုဗစ်–၁၉ ရောဂါ ကူစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**





# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၅၇၁ ဦး ထပ်မံတွေ့ရှိ

**မော်စကို အောက်တိုဘာ ၈**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၅၇၁ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၁၁၈၄၅၁၃ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်–၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက အောက်တိုဘာ ၈ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၁၀၆ ဦး ထပ်မံ တွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါ ရောဂါဖြင့် သေဆုံးသူပေါင်း ၃၈၈၀၉၇ ဦး ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၈၂၈၉ ဦး ထပ်တိုးလာခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၂၀၃၈၅၄၃၁ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ကိုဗစ်–၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ပြောကြားသည်။

ရုရှားနိုင်ငံ၌ မြို့တော်မော်စကိုသည် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရမှု အများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၅၃ ဦးထပ်မံတွေ့ရှိခြင်းကြောင့် မြို့တော်မော်စကို၌ ရောဂါကူးစက်ခံရသူပေါင်း ၃၂၁၀၅၉၅ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်းတွင် ရေကြီးမှုကြောင့် ၂၄ ဦး သေဆုံး



**လာဂို့စ် အောက်တိုဘာ ၈**

နိုင်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ကက်ဆီနာပြည်နယ်တွင် မေလမှစတင်ကာ ရွာသွန်းခဲ့သည့် မိုးရွာသွန်းမှုများကြောင့် ရေကြီးမှုများဖြစ်ပေါ်ကာ သေဆုံးသူ ၂၄ ဦးရှိကြောင်းနှင့် လူပေါင်း ၁၈၀၀၀ ကျော်အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ကယ်ဆယ်ရေးအေဂျင်စီမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အဆိုပါ ရေကြီးမှုများကြောင့် လူနေအိမ် ၁၆၆၂၅ လုံး ပျက်စီးမှုရှိခဲ့ပြီး ကက်ဆီနာပြည်နယ်၏ ဒေသန္တရအစိုးရရုံး ၃၄ ခုလည်း ရေကြီးမှုဒဏ်ခံခဲ့ရကြောင်း ပြည်နယ်အရေးပေါ် စီမံခန့်ခွဲမှုအေဂျင်စီအကြီးအကဲ အမ်မာမူဟာမက်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ရေကြီးမှုများကြောင့် စိုက်ပျိုးမြေဧက ၁၆၂၀ ရေနစ်မြုပ်ခဲ့ကြောင်းနှင့် ရေကြီးမှုဒဏ်ခံခဲ့ရသည့် ဒေသခံများကိုလည်း ပြည်နယ်အစိုးရအနေဖြင့် မကြာမီအထောက်အပံ့များ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြည်နယ်အရေးပေါ် စီမံခန့်ခွဲမှုအေဂျင်စီ အကြီးအကဲ အမ်မာမူဟာမက်က ပြောကြားသည်။

နိုင်ဂျီးရီးယားအာဏာပိုင်များသည် မေလအတွင်းကတည်းက ပြည်နယ် ၃၆ ခုအနက် ၃၂ ခုတွင် အရေးပေါ် သတိပေးချက်ထုတ်ပြန်ထားခဲ့ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၉ ဦး ထပ်မံသေဆုံး

**မနီလာ အောက်တိုဘာ ၈**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၉ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၃၂၃၀ ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

**ရောဂါကူးစက်ခံရသူ ၂၀၉၇ ဦး ထပ်မံတွေ့ရှိ**

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၂၀၉၇ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၃၉၆၅၈၆၅ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၇၀၆၅ ဦးရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၉၈၇ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ် ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၂ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# သီရိလင်္ကာအစိုးရက စပါးစိုက်တောင်သူများအတွက် အော်ဂဲနစ်ဓာတ်မြေဩဇာထောက်ပံ့မှုတွင် ကန်ဒေါ်လာ ၄၃ သန်းကျော် ခွဲဝေပေးထား

**ကိုလံဘို အောက်တိုဘာ ၈**

သီရိလင်္ကာနိုင်ငံ အစိုးရသည် လာမည့်စပါးစိုက်ရာသီအတွင်း စပါးစိုက်တောင်သူများအတွက် အော်ဂဲနစ်ဓာတ်မြေဩဇာ ထောက်ပံ့မှုတွင် အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၅၉ သန်း(ရူပီး ၁၆ ဘီလီယံ)ခွဲဝေပေးထားကြောင်း စိုက်ပျိုးရေးဝန်ကြီး မာဟင်ဒါအာမာရာဝီရာက အောက်တိုဘာ ၈ ရက်တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံအစိုးရသည် လယ်သမားများအတွက် အရည်အသွေးမြင့်မားသည့် အော်ဂဲနစ်ဓာတ်မြေဩဇာများ ထောက်ပံ့နိုင်ရန် အဆင့်လိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း စိုက်ပျိုးရေးဝန်ကြီး မာဟင်ဒါအာမာရာဝီရာ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်းမီဒီယာများက သတင်းဖော်ပြသည်။

သီရိလင်္ကာနိုင်ငံ စိုက်ပျိုးရေးဌာနသည် ၂၀၂၂-၂၀၂၃ စိုက်ပျိုးရာသီအတွင်း စပါးစိုက်ပျိုးမှုအတွက် လယ်သမားများ၏ မြေဩဇာသုံးစွဲမှုတွင် အော်ဂဲနစ်ဓာတ်မြေဩဇာကို ၃၀ ရာခိုင်နှုန်းအထိ အသုံးပြုရန်လည်း အကြံပြုထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၈၈ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ အောက်တိုဘာ ၈**

မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၈၈ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၄၈၅၁၈၉၆ ဦးရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

**ပြည်တွင်းကူးစက်ခံရသူများဖြစ်**

ရောဂါထပ်မံ ကူးစက်ခံရသူများအနက် ခြောက်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၁၇၈၂ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

အလားတူ တစ်ရက်အတွင်းသုံးဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၆၃၉၄ ဦး ရှိလာပြီဖြစ်သည်။

သို့သော် တစ်ရက်အတွင်း ၁၅၀၉ ဦး ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါပြန်လည်သက်သာလာသူပေါင်း ၄၇၉၁၆၂၅ ဦးရှိကြောင်း သိရသည်။



လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၃၈၇၇ ဦးရှိပြီး ယင်းတို့အနက် ၃၈ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၂၄ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

**ပြည်သူ ၈၄ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်**

လက်ရှိအချိန်အထိ ပြည်သူ ၈၆ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်သည်။ ပြည်သူ ၈၄ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၄၉ ဒသမ ၇ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူပြီးဖြစ်ကာ ပြည်သူ ၁ ဒသမ ၆ ရာခိုင်နှုန်းသည် ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# ပြည့်တန်ဆာအဖြစ်ခိုင်းစေ၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၈**

ပြည့်တန်ဆာအဖြစ်ခိုင်းစေ၍ ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် သုခဒီပ ရပ်ကွက်နေ မ XXX ၁၈ နှစ်အား တစ်ရပ်ကွက်တည်းနေ မိုးမိုးထွေး (ခ) အငယ်လေး(ခ) ကတုံးမနှင့် ရီရီလွင်(ခ)မလွင်တို့က တပ်ကုန်းမြို့နယ် ခုတင် (၁၀၀၀) စစ်ဆေးရုံတွင် အဘွားကြီးတစ်ဦးကို ပြုစုရမည်/အဝတ်လျှော်ပေးရမည်၊ တစ်လလျှင် စရိတ်ငြိမ်း တစ်သိန်းရှစ်သောင်းကျပ်ရမည်ဟု ပြောဆိုစည်းရုံးပြီး တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာနေ ဒေါ်တုတ်၏အိမ်သို့ပို့ဆောင်ကာ ပြည့်တန်ဆာအဖြစ် အတင်းအဓမ္မခိုင်းစေ၍ ငွေကြေးအကျိုးအမြတ် ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ထုံးဖိုမြို့မရဲစခန်း (ပ) ၇၉/၂၀၂၂၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ဇေယျာသီရိခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၆ ရက်တွင် တရားခံ မမိုးမိုးထွေး (ခ)အငယ်လေး (ခ)ကတုံးမနှင့် မရီရီလွင်(ခ) မလွင်တို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မစန်းစန်းနွယ်(ခ)ဒေါ်တုတ်အား ရာဇဝတ်ကြီးကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ ထုတ်ဆင့်၍ တရားခံပြေး သတ်မှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးမြို့နှင့် ညောင်ရွှေမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ရန်မင်းအောင်နှင့် ကျော်မြင့်ထွန်းတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ပဲခူးမြို့ ဥဿာမြို့သစ်(၄)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းတွင် ရန်မင်းအောင်နှင့် ကျော်မြင့်ထွန်းတို့ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ကိုလည်းကောင်း။

အလားတူ အောက်တိုဘာ ၆ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာအနီးတွင် မောင်လေးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင်သစ်မျိုးစုံ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်ယာဉ်များ သိမ်းဆည်းရမိ




မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် အောက်တိုဘာ ၈**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော အထည်အလိပ်များ ကီလိုဂရမ် ၁၈၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၄၈၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမှ အုမ္မသီး-အုမ္မခါးသို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့်ပိုးသတ်ဆေးဟုယူဆရသော ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော Dong Feng Dump Truck အမျိုးအစားယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) **(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၆၅၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က မုံရွာမြို့နယ်၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)နှင့် လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) **(စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်များအတွင်း တရားမဝင်သစ်မျိုးစုံ ၁၂ ဒသမ ၃၈၈၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၃၆၂၄၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ **အမှုတွဲခုနစ်မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၆၈၉၆၀၄၀)** ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၁၀-၂၀၂၂ တနင်္ဂနွေနေ့

### MRTV HD

- **၀၆:၀၀** "မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်" (မင်္ဂလသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၃၅** ဘဒ္ဒန္တဝါယာမဟောကြားတော်မူသော "**အဘိဓမ္မာအဒါတော်နေ့**" တရားတော်
- **၀၈:၃၀** သတင်းသမားပြောတဲ့သတင်းစကား
- **၀၉:၂၅** စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုသီချင်းဆိုပြိုင်ပွဲ "တူယှဉ်နွဲပျော်ဂီတပွဲတော် Season-2" တေးသီချင်းဆိုပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ်(အုပ်စု-၈)(ပွဲစဉ်-၆)
- **၁၂:၃၀** '**ရဟန်းတစ်ပါးကြွလာသည့်တရားတော်**'
- **၁၃:၀၀** အသိပညာနှင့်အမှန်တရား
- **၁၃:၃၀** MRTV National News
- **၁၄:၁၀** ရုပ်မြင်သံကြားဇာတ်လမ်း "**ရဟန်းစားရသောဆွမ်းတစ်နပ်**"
- **၁၆:၄၅** Sports Diary
- **၁၇:၁၀** (၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အတီးအကဲဖြတ်ဒိုင်အဖွဲ့) ဆွေးနွေးခန်း အစီအစဉ်
- **၁၇:၃၅** Economic Review
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** သုတဝေဖြာသီရိဝေဟာ
- **၁၉:၁၀** မြန်မာဇာတ်လမ်းတွဲ "**အတိုးမပေးတဲ့..နှီးလေး**" (**အပိုင်း - ၂**)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၀:၅၀** "ဆီမီးပူဇော်သီတင်းကျွတ်မီးထွန်းပွဲတော်"
- **၂၁:၀၀** "အဥ္စလီအငြိမ့်"

### mitv

- **07:01** Evergreen Classic: Mingalar Su Taung (Kyawt Kay Khaing)
- **07:08** Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-4) King Parrot Got Trapped While Searching for Food
- **07:37** Thadingyut Festival
- **07:47** Faces Of ASEAN (Cambodia)
- **08:01** News
- **08:27** Myanmar Handicrafts
- **08:58** Daytamotbarat Sasana Land
- **09:20** Today Myanmar
- **09:27** A Special Moment with A Man of Versatility (Epi-1) Spiritual & Yoga Life
- **10:01** News
- **10:28** Kyaikkasan Pagoda
- **10:44** Perspectives: Monthly Economic Review

### MRTV NRC

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၃)

**ချင်း (လိုင်စိုး) (၀၇:၀၀ မှ ၀၈:၀၀)**
နာနတ်သီးနှင့်ကျန်းမာရေး

**ချင်း (ခြိုး) (၀၈:၀၀ မှ ၀၉:၀၀)**
'ဝ' ဥစိုက်ပျိုးခြင်း

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
မြန်မာ့မြေမှုစိုက်ပျိုးစီးပွားလူမှုဘဝများ(တောင်ပလုရွာက ငှက်သိုက်လုပ်ငန်းနှင့်ရွာလွတ်ဆေးတံလုပ်ငန်း)

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
လယ်ခြမ်းမြေမှ ရိုးရာအလှ(အပိုင်း-၂)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ရိုးရာခေါက်စီး(ခေါ်)ရှမ်းထမင်းသုပ်

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
မြန်မာ့မြေမှုစိုက်ပျိုးစီးပွားလူမှုဘဝများ (ပိုးမွေးမြူရေးနှင့်ခေါက်ဆွဲနွဲ့အကြောင်း)

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
"ဝ" ဥစိုက်ကြမယ်

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
ကယားရိုးရာကြက်သားဟင်းထုပ်

**ဝကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၃)

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
နွှဲစိုတူပျော်ရိုးရာမီးထွန်းပွဲတော်

### MRTV NEWS

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၀၈:၄၅** "မြို့တော်နေပြည်တော်က ကျောက်စိမ်းဥယျာဉ်"
- **၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၉:၁၅** "Weekly Selected News"
- **၉:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၁:၄၅** Next Level (Week- 6)
- **၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၁:၃၀** နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ရာသက်ပန်ငပါင်းဖို့ရန်ရည်ရွယ်မှုသာ"
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၇
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

### MRTV FARMERS'

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- **၀၆:၅၀** လင်းရောင်စဉ်ဖြာရွှင်မြူးသည့်ချိန်ခါ
- **၀၇:၁၀** ထားဝယ်သမိုင်းဝင်ရှင်ကိုးရှင်
- **၀၇:၄၅** ပခုက္ကူမြို့မှ သမိုင်းဝင်သိဟိုဠ်ရှင်မြတ်စွာဘုရား
- **၀၈:၀၀** ဆီမီးပူဇော်သီတင်းကျွတ်မီးထွန်းပွဲတော်
- **၀၈:၁၅** အဝိဋ္ဌာန်အောင်လို့သွားရောက်ပူးမြော်ကျောက်ဆည်မြို့က မဟာရွှေသိမ်တော်

### MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# သန့်ရှင်းသာယာသော မြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်



မြစ်ကြီးနားမြို့ ရှေးဟောင်းသမိုင်းဝင် အောင်တော်မူသကျမာရဇိန် အံ့တော်ရှင်စေတီတော်မြတ်ကြီး၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

**နေပြည်တော်  အောက်တိုဘာ ၈**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်လျက်ရှိကြသည်။

**ဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အပါအဝင် မြို့နယ်ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့ အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌ လည်းကောင်း၊ ကရင်ပြည်နယ် လှိုင်းဘွဲမြို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီး၌ မျက်နှာတော်သစ်ခြင်း၊ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် အဘယရာဇမုနိဘုရားကြီး၌ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ပဋ္ဌာန်းသိမ်းအောင်ပွဲ ပြုလုပ်



**နေပြည်တော်  အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီးအား မျက်နှာတော်သစ်ခြင်း၊ ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဌာနဆိုင်ရာပေါင်းစုံစုပေါင်း၍ သံဃာတော်များအား ဝါတွင်းကာလ ဆွမ်းဆန်တော်လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါမဟာမြတ်မုနိဘုရားကြီး၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် အဖွဲ့ဝင်များက မဟာမြတ်မုနိဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းတို့ဖြင့် ဆက်ကပ်ပူဇော်ကြပြီး မျက်နှာတော်သစ်ရေသပ္ပာယ်ခြင်း၊ ရွှေသင်္ကန်းများနှင့် အလှူငွေများဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် မဟာမြတ်မုနိဘုရားကြီး၌ ဌာနဆိုင်ရာပေါင်းစုံ စုပေါင်း၍ ကျိုင်းတုံမြို့ပေါ်ရှိ ဘုန်းကြီးကျောင်း ၁၇ ကျောင်းမှ သံဃာတော် ၁၈၆ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၁၃ ပါးတို့ကို ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေများနှင့် အရုဏ်ဆွမ်းများ ဆက်ကပ်လောင်းလှူကြသည်။

**တက်ရောက်**

ထို့ပြင် ကျိုင်းတုံမြို့နယ် ပန်ကွဲကျေးရွာရှိ အဘယရာဇမုနိဘုရားကြီး၌ အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ၊ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ရေစက်ချမင်္ဂလာကို ဆက်လက်ပြုလုပ်ရာ လွယ်မွေသာသနာပြုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝေပုလ္လ အမှူးပြုသော သံဃာတော်များ၊ တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံမြို့ ဝေပုလ္လကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲကို အောက်တိုဘာ ၄ ရက်မှ ၈ ရက်အထိ ငါးရက်တိုင်တိုင် သံဃာတော် ၁၈ ပါးဖြင့် ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အောင်ဇမ္ဗူရပ်ကွက်လုံးဆိုင်ရာ ဆွမ်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**နေပြည်တော်  အောက်တိုဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် ဒီဇဝါလမ်းပေါ်ရှိ လေသာကျောင်းတိုက်ရှေ့တွင် ရပ်ကွက်လုံးဆိုင်ရာ ဆွမ်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရပ်ကွက်တာဝန်ရှိသူများ၊ အကျိုးဆောင်များနှင့် ပြည်သူများစုပေါင်း၍ လောင်းလှူကြကြောင်း သိရသည်။

**ပြန်လည်စတင်နိုင်**

အဆိုပါ ဆွမ်းသိမ်းအောင်ပွဲသည် ယခုနှစ်မှစ၍ ပြန်လည်စတင်နိုင်ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ခေတ္တနားနေခဲ့ရသည်။ ယခုအကြိမ် လောင်းလှူခြင်းမှာ နှစ်အားဖြင့် အကြိမ်(၆၀) ကျော်ပြီဖြစ်ကြောင်း သိရသည်။ ရပ်ကွက်တွင်း၌ ဓမ္မာရုံသုံးရုံရှိပြီး ဆွမ်းပတ်အားဖြင့် ဝါတွင်းအဖိတ်နေ့တိုင်း အလှည့်ကျလောင်းလှူခဲ့ကြသည်။ နောက်ဆုံးပတ်ကျရောက်သော ဆွမ်းလောင်းဓမ္မာရုံသည် ဆွမ်းသိမ်းအောင်ပွဲပြုလုပ်ရသော အစဉ်အလာဖြစ်သည်။

ဆွမ်းသိမ်းအောင်ပွဲတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ငွေပဒေသာပင်များကို ကျောင်းတစ်ကျောင်းလျှင် ငွေကျပ်ငါးသောင်းဖြင့် ဘုန်းတော်ကြီးကျောင်း ၂၀ မှ ပင့်သံဃာစုစုပေါင်း ၃၉၆ ပါးအား ငွေပဒေသာပင်များကို မဲစနစ်ဖြင့် နဝကမ္မဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

၅၃၇

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၂၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၀၇၀ | ၂၀၄၀ | ၂၀၈၀ | ၂၀၅၅ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၂၇၃၅ |
| 95 Ron | ၂၀၇၅ | ၂၁၂၀ | ၂၁၂၀ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၀ | ၂၁၂၅ | ၂၁၀၅ | ၂၂၀၀ | ၂၂၁၅ | ၂၁၁၀ | ၂၁၂၅ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၇၅ | ၂၈၂၀ |
| HSD (500 ppm) | ၂၈၀၅ | ၂၈၆၀ | ၂၈၅၅ | ၂၈၂၀ | ၂၈၅၅ | ၂၈၀၀ | ၂၈၇၅ | ၂၈၄၅ | ၂၉၅၅ | ၂၉၅၀ | ၂၈၅၀ | ၂၈၆၀ | ၂၈၉၅ | ၂၈၉၅ | ၂၈၉၅ | ၃၁၁၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၈၉၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၉၅ | ၂၉၃၀ | ၂၉၅၅ | ၂၉၅၀ | ၂၉၂၀ | ၃၀၃၀ | ၃၀၂၅ | ၂၉၂၅ | ၂၉၃၅ | ၂၉၇၀ | ၂၉၇၀ | ၂၉၇၀ | ၃၁၉၀ | ၃၄၅၀ |
| HSD (10 ppm) | ၂၈၉၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၉၅ | ၂၉၃၀ | ၂၉၅၅ | ၂၉၅၀ | ၂၉၂၀ | ၃၀၃၀ | ၃၀၂၅ | ၂၉၂၅ | ၂၉၃၅ | ၂၉၇၀ | ၂၉၇၀ | ၂၉၇၀ | ၃၁၉၀ | ၃၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၂၆ | ၁၉၉၈ |
| 95 Ron | ၁၉၇၃ | ၂၀၄၆ |
| HSD (500 ppm) | ၂၆၉၁ | ၂၇၇၄ |
| HSD (50 ppm) | ၂၇၆၂ | ၂၈၄၇ |
| HSD (10 ppm) | ၂၇၆၂ | ၂၈၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် နှစ်ဦးအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် အောက်တိုဘာ ၈**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့မွန်းလွဲပိုင်းတွင်လည်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်နယ်ခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းအခမ်းအနားကို ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ရှိ PDF အဖွဲ့ဝင် အမျိုးသားနှစ်ဦးကို ခံဝန်ကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သီတင်းကျွတ်ကာလ Yangon Book Plaza ရှိ စာအုပ်ဈေးရောင်းပွဲတော်တွင် စာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် သံဈေးငါးလွှာရှိ Yangon Book Plaza ၌ သီတင်းကျွတ်ကာလ စာအုပ်ဈေးရောင်းပွဲတော်အဖြစ် အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီမှစတင်၍ စာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်တွင် ငါတို့စာပေ၊ Yokepya နှင့် Exit Books တိုက်မှ ထုတ်ဝေသော စာအုပ်များ၏ ၂၀ ရာခိုင်နှုန်းနှင့် အခြားသော စာပေတိုက်များမှထုတ်ဝေသော စာအုပ်များကို ၁၀ ရာခိုင်နှုန်းအထိ ဈေးလျှော့ပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် စာအုပ်လေးအုပ်ကို ကျပ်တစ်ထောင်၊ သုံးအုပ်ကို ကျပ်တစ်ထောင်၊ တစ်အုပ်ကို ငါးရာကျပ်၊ ရုပ်ပြစာအုပ် တစ်အုပ်ကို ကျပ်တစ်ထောင်နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

ထို့နောက် စာအုပ်ဈေးရောင်းပွဲတော်တွင် လာရောက်ဝယ်ယူသော ဗဟန်းမြို့နယ်မှ ဒေါ်သင်းမြတ်မြတ်ထွန်းက " ဒီစာအုပ်ဈေးရောင်းပွဲတော်ကို အွန်လိုင်းကတွေ့လို့ သူငယ်ချင်းတွေနဲ့အတူတူ လာခဲ့တာပါ။ ကျွန်မကြိုက်တဲ့ စာအုပ်တွေအများကြီးတွေ့တယ်။ ဈေးနှုန်းလည်းသင့်တဲ့အတွက် စာအုပ်မျိုးစုံဝယ်ခဲ့ပါတယ်"ဟု ပြောသည်။

ထို့ပြင် စာအုပ်ဝယ်ယူသူများအနေဖြင့် MPU၊ VISA၊ Master၊ JCB Card နှင့် AYA Pay များဖြင့် ငွေပေးချေနိုင်ပြီး ငါတို့စာပေနှင့် AYA Pay တို့ ပူးပေါင်း၍ AYA Pay ဖြင့် ငွေပေးချေပါက Cash Back အစီအစဉ်များလည်းရှိသည်။ အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

စန္ဒာမိုး





## ကျောက်ပန်းတောင်း မြို့မစည်ပင်သာယာဈေးကြီးတွင် ဈေးဝယ်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကား

**ကျောက်ပန်းတောင်း အောက်တိုဘာ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မစည်ပင်သာယာဈေးကြီးတွင် သီတင်းကျွတ်ကာလဖြစ်သည့် အဖိတ်နေ့ဖြစ်သော ယနေ့ နံနက် ၇ နာရီမှစတင်၍ ကုသိုလ်ဒါနပြုလုပ်ကြရန်နှင့် ဈေးရောင်းချကြရန်တို့အတွက် ဈေးဝယ်လာကြသူများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်၍ ဈေးရောင်းချကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

သီတင်းကျွတ်လပြည့်နေ့တွင် အလှူအတန်းပြုလုပ်ကြရန်၊ ဘုရားပွဲတော်လာသူများအား ကျွေးမွေးဧည့်ခံကြရန်နှင့် အားကစားပြိုင်ပွဲများတွင် ဈေးရောင်းချကြရန်တို့အတွက် အဖိတ်နေ့ဖြစ်သော ယနေ့တွင် မြို့မစည်ပင်သာယာဈေးနှင့် ပျံကျဈေးတို့တွင် ဈေးဝယ်၊ ဈေးသည်များဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိရာ မြို့မစည်ပင်သာယာဈေးစည်းကမ်းထိန်းသိမ်းရေးဝန်ထမ်းများက ဈေးပတ်လမ်းတွင် ယာဉ်များရပ်တန့်ခြင်းမပြုရန်၊ မော်တော်ဆိုင်ကယ်များ လမ်းပြောင်းပြန်မောင်းနှင်ခြင်း မပြုရန်နှင့် လမ်းဘေးတွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ စည်းကမ်းမဲ့ ကြာရှည်ရပ်တန့်ခြင်း မပြုကြရန်တို့ကို သတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**ကိုနေ (ကျောက်ပန်းတောင်း)**

## မိုးနဲမြို့နယ် မြို့မဈေးကြီး၌ အဖိတ်နေ့ ဈေးရောင်းဈေးဝယ်များဖြင့် စည်ကား

**မိုးနဲ အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အကြို အဖိတ်နေ့တွင် မြို့မဈေးကြီး၌ ယနေ့နံနက်ပိုင်းက ဈေးရောင်း ဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိသည်။

ဝါထွက်ကာလ အဖိတ်နေ့တွင် ရပ်ကွက်များနှင့် ကျေးရွာများအတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများသည် သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့) တွင် ဆွမ်းတော်ကပ်လှူခြင်း၊ ကောင်းမှုကုသိုလ်များပြုလုပ်ခြင်းနှင့် ဘိုးဘွားများကန်တော့ရန်အတွက် မြို့မဈေးသို့လာရောက်၍ လိုအပ်သည့် ပစ္စည်းများကို ဝယ်ယူသူများနှင့်ဈေးရောင်းသူများဖြင့် ဈေးအတွင်း စည်ကားလျက်ရှိကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

■



## ချောင်းဆုံမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေး



**ချောင်းဆုံ အောက်တိုဘာ ၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ကျွန်းသာယာခန်းမ (ချောင်းဆုံ) အပါအဝင် စုရပ် ၁၅ နေရာ၌ ယနေ့နံနက်က မြို့နယ်ကျန်းမာရေး ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (Phase 15) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ပထမအကြိမ်)၊ (Phase 14) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ဒုတိယအကြိမ်) နှင့် ထပ်ဆောင်း Booster ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ထိုးနှံရာတွင် (Phase 15) ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး (ပထမအကြိမ်) အဖြစ် မှီခို ၁၅ ဦးအားလည်းကောင်း၊ (Phase 14) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ဒုတိယအကြိမ်) အဖြစ် မှီခိုသူ ၃၀ အား လည်းကောင်း၊ ထပ်ဆောင်း Booster အဖြစ် ၆၅ ဦး စုစုပေါင်း ၁၁၀ အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ချောင်းဆုံ(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်ရေးစည်းရုံးလှုံ့ဆော်မှု ပြုလုပ်

**သာပေါင်း အောက်တိုဘာ ၈**

ဧရာဝတီတိုင်း ဒေသကြီး သာပေါင်းမြို့နယ်တွင် စည်ပင်သာယာရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ခြင်းဆိုင်ရာ နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်၍ ကျန်းမာရေးအသိပညာပေးလှုပ်ရှားမှုကို ယနေ့ နံနက် ၇ နာရီက ပြည်သူများ သွားလာသည့် စည်ကားရာ သီရိရွှေသာဈေး ဈေးတန်းများနှင့် ဈေးပတ်ဝန်း ကျင်မှ ဈေးရောင်း၊ ဈေးဝယ်သူများနှင့် သွားလာသူများအား နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေ တပ်ဆင်ပေးခဲ့ကြသည်။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်ကျော်နှင့် ဝန်ထမ်းများက ပြည်သူများအား နေအိမ်ပြင်ပသို့ ထွက်ခွာသွားလာပါက မဖြစ်မနေ စနစ်တကျ နှာခေါင်းစည်း တပ်ဆင်သွားရန်နှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များ နှင့်အညီ လိုက်နာဆောင်ရွက် သွားလာကြရန် အသိပညာပေး နှိုးဆော်တိုက်တွန်းပြောကြားပြီး နှာခေါင်းစည်းတပ်ဆင်လာခြင်းမရှိသော ပြည်သူများအား နှာခေါင်းစည်း အခု ၃၀၀ အခမဲ့ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။ **သာပေါင်း(ပြန်/ဆက်)**




## ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေး



**ရန်ကုန် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်းရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့်လွှမ်းခြုံမှုရှိစေရန် မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ဆေးထိုးစုရပ်များဖြစ်သည့် (၃၈) ရပ်ကွက် မင်္ဂလာအေးကျောင်းတိုက် (၃၆) ရပ်ကွက်ဒေသန္တရကျန်းမာရေးဌာန၊ (၄၈) ရပ်ကွက်ဒေသန္တရကျန်းမာရေးဌာနနှင့် (၅၀) ရပ်ကွက်ဒေသန္တရကျန်းမာရေးဌာနတို့တွင် ပြည်သူ ၄၁၈ ဦးတို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ယမန်နေ့က ဆက်လက်ထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရေးနှင့် လာရောက်ထိုးနှံကြသည့် ပြည်သူများ အဆင်ပြေချောမွေ့စွာ ထိုးနှံနိုင်စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်းဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**မြင့်မြင့်ရီ**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်း တပ်ဆင်ရေးစည်းရုံးလှုံ့ဆော်မှု ပြုလုပ်

**မိုင်းယု အောက်တိုဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများ နှာခေါင်းစည်းတပ်ဆင်ရေး စည်းရုံးလှုံ့ဆော်မှုကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

**အသိပညာပေး**

မိုင်းယောင်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီဝင်များဖြစ်သည့် မိုင်းယုမြို့အုပ်ချုပ်ရေးမှူး ဦးလောထွေးနှင့် ကော်မတီအဖွဲ့ဝင်များ ပူးပေါင်း၍ သက်ဆိုင်ရာအဖွဲ့ခွဲအလိုက် အဖွဲ့ဝင်များပါဝင်၍ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အပြင်ထွက်သွားလာပါက နှာခေါင်းစည်းတပ်ကြရန်၊ ကုန်တင်ယာဉ်မောင်းနှင်သူများ၊ ကုန်ဆုံဆိုင်ပိုင်ရှင်များ၊ ဈေးရောင်းဈေးဝယ်ပြည်သူများနှင့်လမ်းသွားလမ်းလာပြည်သူများအား နှာခေါင်းစည်း တပ်ဆင်သွားလာကြရေး အသိပညာပေး ပြောကြားပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြသည်။

**အားချာ**

# ရောဝတီမြစ်ဆုံအပန်းဖြေစခန်းအဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား အောက်တိုဘာ ၈**

ကချင်ပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ်သည့် ရောဝတီမြစ်ဆုံအပန်းဖြေစခန်းကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၈ ရက် နံနက် ၉ နာရီက သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ကချင်ပြည်နယ်ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းခွဲမှတစ်ဆင့် တန်ဖရဲရွာဘေး၌ မြေကေ ၂၀ ပေါ်တွင် ကားရပ်နားရန်နေရာနှင့် မြစ်ကမ်းဘေးတွင် အပန်းဖြေနေရာအဖြစ် တိုးချဲ့ဆောင်ရွက်သွားမည့်နေရာတို့အား လိုက်လံရှင်းလင်းပြသကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် အပန်းဖြေစခန်းအဝင်လမ်းအား လမ်းသားတိုးချဲ့ခင်းကျင်းနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။



ယင်းနောက် မြစ်ဆုံအပန်းဖြေစခန်းနေရာ၌ ကချင်ပြည်နယ် ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ရှုခင်းအလှကြည့်ရန် နေရာများအပြင် ရိုးရာစားသောက်ဆိုင်များ၊ မလိခမြစ်နှင့် မေခမြစ်ကို ကောင်းကင်ကြိုးဖြင့် (Zip Line Adventure) အပျော်စီးဖြတ်သန်းနိုင်မည့် အစီအစဉ်များအပါအဝင် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရောဝတီမြစ်ဆုံ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် နေရာများနှင့် မြစ်ဆုံအလှရှုခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လာရောက်လည်ပတ်ကြသည့် ပြည်သူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက် တွေ့ဆုံကာ မြစ်ဆုံနေရာရှိ မလိခနှင့် ဖုန်မိုင်ခမြစ်ဆုံ သမိုင်းကျောက်တိုင်နှင့် မြစ်ဆုံနေရာရှိ ရိပ်သာပျက်စီးယိုယွင်းနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မြစ်ဆုံအပန်းဖြေစခန်းကို အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ရိုးရာစားသောက်ဆိုင်များ၊ ရိုးရာလက်ဆောင်ပစ္စည်းအရောင်းဆိုင်များ၊ ကလေးကစားကွင်း၊ အပျော်စီးအမြန်ရေယာဉ်များဖြင့် မြစ်ကြောင်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုနိုင်မည့် အစီအစဉ်များ၊ Wadding Garden အပါအဝင် မြစ်ဆုံကျောက်ဖြင့် အလှဆင်ခြင်းလုပ်ငန်း လက်တွေ့ပြသသည့် အစီအစဉ်များနှင့် အပျော်ရွှေကျင်ခြင်း အစီအစဉ်များကို ရေတိုစီမံကိန်းများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေရှည်စီမံကိန်းအတွက် မီးပုံးပျံစီးနိုင်မည့် အစီအစဉ်များ၊ မေခနှင့်မလိခမြစ်ကို မှန်တံတားဖြင့် ဖြတ်ကူးနိုင်မည့်အစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ရှမ်းပြည်နယ်ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၈**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများဖြစ်သည့် ဘတ်စကက်ဘောပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ဘိလိယက်၊ စနူကာ ပြိုင်ပွဲတို့တွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိခဲ့သည့် ရှမ်းပြည်နယ်ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဂုဏ်ပြုပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမတံခွန်စိုက်ဒိုင်းဆုရရှိခဲ့သည့် ရှမ်းပြည်နယ် အမျိုးသား ဘတ်စကက်ဘောအသင်းမှ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းထံ ဒိုင်းဆုကို အပ်နှံသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**




# စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော် ပုညရှင်သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကျင်းပ

**မုံရွာ အောက်တိုဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော် ပုညရှင်သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်နိုင်ရေးအတွက် အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါစေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်တွင် ကျင်းပသည်။

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး ပုညရှင် သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက စုစုပေါင်းလှူဒါန်းငွေကျပ် ၃၅၄၄၄၀၀၀၀ ကို လှူဒါန်းခဲ့ကြကြောင်းသိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး အနောက်ဘက်ရင်ပြင်တော်ပေါ်တွင် တည်ဆောက်မည့် အလျား ၁၀၈ ပေ၊ အနံ ၅၄ ပေ၊ အမြင့် ၁၈ ပေရှိ ပုညရှင်သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကရင်ပြည်နယ်ကိုယ်စားပြု ဗဟိုအဆင့်ပြိုင်ပွဲဝင်များအား အောင်နိုင်ရေးအလံပေးအပ်



**ဘားအံ အောက်တိုဘာ ၈**

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်ပြိုင်ပွဲဝင် ကရင်ပြည်နယ်ကိုယ်စားပြုအသင်းအား ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ချီးမြှင့်ခြင်းနှင့် အောင်နိုင်ရေးအလံပေးအပ်သည့်အခမ်းအနားကို ယမန်နေ့မွန်းတည့် ၁၂ နာရီခန့်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဗဟိုအဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ပြိုင်ပွဲများကို အဆင့်ဆင့်ကျင်းပ၍ အရည်အချင်းရှိသူများကို စိစစ်ရွေးချယ်ကာ စခန်းသွင်းလေ့ကျင့်စေပြီး ပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အနေဖြင့် ဝါသနာရှင် (ပထမတန်း)၊ (ဒုတိယတန်း) ပြိုင်ပွဲများ၊ အဆင့်မြင့်ပညာအဆင့် ပြိုင်ပွဲများ၊ အခြေခံပညာအဆင့်ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင် ၁၀၀ ပါဝင်ယှဉ်ပြိုင်နိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ အကောင်းဆုံး ကြိုးစားပါဝင်ယှဉ်ပြိုင်ကြရန်နှင့် အောင်မြင်မှုအသီးအပွင့်များဖြင့် ပြည်နယ်၏ဂုဏ်ကို ဆောင်နိုင်ကြသူများဖြစ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုထံ အောင်နိုင်ရေးအလံပေးအပ်ကာ ပြိုင်ပွဲဝင်များအား ထောက်ပံ့ငွေကျပ် ၅၇ သိန်းကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်နန်းဘေဘီမြင့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကရင်ပြည်နယ်ကိုယ်စားပြု ဗဟိုအဆင့်ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner ဖြင့် Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Nitrogen Dioxide ($NO_2$)၊ Sulphur Dioxide ($SO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မုံရွာမြို့၊ ထားဝယ်မြို့၊ မြစ်ကြီးနားမြို့၊ လွိုင်ကော်မြို့၊ ဘားအံမြို့၊ မော်လမြိုင်မြို့၊ စစ်တွေမြို့၊ တာချီလိတ်မြို့နှင့် လားရှိုးမြို့တို့တွင် တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များအား **Air Quality Index (AQI)** ဖြင့် တွက်ချက်ထားမှုအရ အောက်ပါအတိုင်း လေ့လာဆန်းစစ်တွေ့ရှိရပါသည်–

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင် အောက်ဆိုက် | အိုဇုန်း | ကာဗွန်မို နောက်ဆိုက် |
| ၁ | | **ပြည်ထောင်စုနယ်မြေ နေပြည်တော်** | | | | | | |
| | ၁ | ပြည်ထောင်စုနယ်မြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ဥတ္တရသီရိမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ဗိုလ်တထောင်မြို့နယ် | ကောင်းမွန် | | | | | |
| | ၂ | သာကေတအိမ်ရာဝင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန သာကေတမြို့နယ် | ကောင်းမွန် | | | | | |
| ၃ | | **မန္တလေးတိုင်းဒေသကြီး** | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ပြင်ဦးလွင်ခရိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ပြင်ဦးလွင်ခရိုင် မြန်မာ့သစ်လုပ်ငန်း ပြင်ဦးလွင်သစ်ထုတ်ရေးဒေသရုံးဝင်း ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ပြင်ဦးလွင်ခရိုင် မော်တော်ယာဉ်နည်းပညာသုတေသန ဌာနရုံးဝင်း ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | အောင်မြေသာစံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း မန္တလေးမြို့ | ထိခိုက်စေနိုင် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၆ | မိတ္ထီလာခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း မိတ္ထီလာမြို့ | ကောင်းမွန် | | ထိခိုက်စေနိုင် | ကောင်းမွန် | | |
| | ၇ | ညောင်ဦးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ညောင်ဦးမြို့ | ကောင်းမွန် | | လက်ခံနိုင်သော | ကောင်းမွန် | | |
| | ၈ | ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း ကျောက်ဆည်မြို့ | ခံနိုင်ရည်နည်းပါး သူအတွက် ထိခိုက်နိုင် | ကောင်းမွန် | | | | |
| ၄ | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း မုံရွာမြို့ | - | ကောင်းမွန် | ထိခိုက်စေနိုင် | လက်ခံနိုင်သော | ကောင်းမွန် | |
| | ၂ | မြန်မာ့သစ်လုပ်ငန်းရုံးဝင်း မုံရွာမြို့ | - | ကောင်းမွန် | ခံနိုင်ရည်နည်းပါးသူအတွက် ထိခိုက်နိုင် | ကောင်းမွန် | | |
| ၅ | | **တနင်္သာရီတိုင်းဒေသကြီး** | | | | | | |
| | ၁ | လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ထားဝယ်မြို့ | ကောင်းမွန် | | | | | - |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း ထားဝယ်မြို့ | ကောင်းမွန် | | | | | - |
| ၆ | | **ကချင်ပြည်နယ်** | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း မြစ်ကြီးနားမြို့ | ကောင်းမွန် | | | | | - |
| | ၂ | မြစ်ကြီးနားခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | - |
| | ၃ | အောင်ဇေရန်အောင်ဘုရားကျောင်းဝင်း မြစ်ကြီးနားမြို့ | ကောင်းမွန် | | | | | - |
| ၇ | | **ကယားပြည်နယ်** | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း လွိုင်ကော်မြို့ | - | - | - | ကောင်းမွန် | | |
| ၈ | | **ကရင်ပြည်နယ်** | | | | | | |
| | ၁ | စည်ပင်သာယာရေးအဖွဲ့ရုံးဝင်း ဘားအံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ဖွဲကပင်တောင်ခြေ ဘားအံမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | | **မွန်ပြည်နယ်** | | | | | | |
| | ၁ | ဈေးချိုပိုင်းအနီး မော်လမြိုင်မြို့ | ကောင်းမွန် | | | | | - |
| ၁၀ | | **ရခိုင်ပြည်နယ်** | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း စစ်တွေမြို့နယ် | ကောင်းမွန် | | | | | - |
| | ၂ | ပြည်နယ်ဦးစီးမှူးရုံး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်း စစ်တွေမြို့နယ် | ကောင်းမွန် | | | | | - |
| | ၃ | တောင်ရင်းအုပ်စု၊ တိုးချဲ့ရပ်ကွက်၊ ကျောက်ဖြူဘိုးဘွားရိပ်သာအနီး ဝန်းကျင် | ခံနိုင်ရည်နည်းပါး သူအတွက် [illegible] | ကောင်းမွန် | | | | |
| | ၄ | ပလေဝလမ်းဆုံအနီးဝန်းကျင် ပလေဝမြို့ | - | - | ကောင်းမွန် | | | - |
| | ၅ | ဒွါရာဝတီမြို့မဈေးအနီးဝန်းကျင် သံတွဲမြို့ | - | - | ကောင်းမွန် | | | - |
| ၁၁ | | **ရှမ်းပြည်နယ်** | | | | | | |
| | ၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်း တောင်ကြီးမြို့ | ကောင်းမွန် | - | - | - | - | - |
| | ၂ | တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး တာချီလိတ်မြို့ | - | ကောင်းမွန် | | | - | ကောင်းမွန် |
| | ၃ | လားရှိုးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးဝင်း လားရှိုးမြို့ | - | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | - | ကောင်းမွန် |

**လေထုအရည်အသွေးညွှန်းကိန်း(Air Quality Index–AQ)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |


လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

ဝတ္ထုတို

## ငြိမ်းချမ်းအောင် (နတ်တလင်း)




**အခန်း (၁)**

ကိုမြအောင်တစ်ယောက် ငါးမျှားတံကိုကိုင်၍ ရွာအပြင်ဘက်ချောင်းရိုးရှိရာသို့ လျှောက်လာခဲ့သည်။ အခါတိုင်း ငါးမမျှားဖြစ်ပေမယ့် ဒီနေ့အလုပ်လည်း အားနေသောကြောင့် ဟင်းစားရအောင် ငါးမျှားထွက်လာခဲ့ခြင်းဖြစ်၏။ ရွာမှာ ချောင်းရိုးအင်းအိုင်တွေ များလှတာကြောင့် ဟင်းစားအတွက်မပူရ။ ငါးမရလျှင် တောင်ချောင်းစပ်က ကန်စွန်းနွယ်တွေခူးပြီး ပြန်ရုံနှင့်ရပြီ။ ရွာချောင်းက နွေမိုးဆောင်းသုံးရာသီ ရေမပြတ်၍ ငါးကပေါလှသည်။ ရွာကအချို့လူများက ရေကွင်းဆွဲ၊ ခတ်တို့ရှော့တိုက်ပြီး ငါးဖမ်းကြလေ၏။ ကိုမြအောင်က ခတ်တို့ရှော့တိုက်ပြီး ငါးရှာချင်သော်လည်း ပစ္စည်းကမရှိ။ ထို့ကြောင့် အလွယ်လုပ်၍ရသော ငါးမျှားတံလေးဖြင့်သာ ငါးမျှားဖို့ထွက်လာခဲ့၏။ ချောင်းစပ်ရောက်တော့ နေရာကောင်းကိုရှာ၍ ထိုင်လိုက်သည်။ ငါးမျှားရသည်မှာလည်း စိတ်ရှည်ရှည်ထားနိုင်မှ တော်ကာကြမည်။ ထိုသို့မဟုတ်က ဒီနေ့ဟင်းစားရဖို့ လမ်းမမြင်။ ငါးမျှားချိတ်အချွန်ကို ငါးစာတီကောင်သေချာတပ်၍ ချောင်းရေထဲသို့ ဖြည်းဖြည်းချင်းချလိုက်၏။ ငါးမျှားချိတ်ချလိုက်၍မကြာမီ ရေထဲမှ ငါးပွက်နေသည်များကိုကြည့်ကာ ကိုမြအောင် ဝမ်းသာစိတ်နှင့် ပြုံးလိုက်မိလေသည်။

**အခန်း ( ၂)**

"ခင်ကြည်ရေ၊ ငါ ဒေါ်လေးထွေးတင်ဆီက ကောက်ရိတ်ပေး ကြိုထုတ်လာခဲ့တယ်၊ အိမ်အတွက် လိုအပ်တာတွေကို ဝယ်ထားဦး"

ကိုမြအောင် လှမ်းပေးသော ပိုက်ဆံတွေကိုယူရင်း မခင်ကြည်တစ်ယောက် သက်ပြင်းတစ်ချက် ချလိုက်မိသည်။ အလုပ်ကမစရသေး ကြိုတင်ငွေက ယူသုံးတာများနေ၏။ အလုပ်နှင့် လက်မပြတ်မှ စားဝတ်နေရေးအဆင်ပြေသော ဘဝပေးအခြေနေကိုလည်း မခင်ကြည် စိတ်နာလှပြီ။ ဝမ်းဝရုံဖြင့်သာ ကျေနပ်ရ၍ ရွှေငွေရတနာ မဆင်ယင်နိုင်ခဲ့ချေ။ ရွှေငွေရတနာဟူ၍ ဘာတစ်ခုမျှမရှိသော်လည်း ကိုမြအောင်တို့ လင်မယားမှာ အကြီးအငယ်တွေအဆင့်ဆင့်နှင့် အရွယ်မရောက်သေးသည့် သားသမီးရတနာတွေက များလှသည်။

"အဖေ သားဒီနေ့ ဒေါ်လေးထွေးတင်တို့အိမ်က နွားတွေ ကျောင်းပေးတာ ပိုက်ဆံရလာတယ်ဗျ"ဟု ဝမ်းသာအားရ ပြောရင်း အိမ်ထဲဝင်လာသော သားဖြစ်သူ ဖိုးအေးကိုကြည့်၍ ကိုမြအောင် စိတ်မကောင်းဖြစ်မိသည်။ ကျောင်းတက်ရမည့် အရွယ်ဖြစ်သော်လည်း ဖိုးအေးက ကျောင်းမတက်။ ကိုမြအောင်တို့လင်မယား အလုပ်ထွက်လုပ်ချိန်ဆို အိမ်မှာ ကလေးထိန်းရင်း မိဘကိုတစ်ဖက်တစ်လမ်းကနေ ကူညီလုပ်ကိုင်ပေးနေ၏။

**အခန်း (၃)**

"ရွာကအလုပ်တွေပဲ လုပ်နေလို့ကတော့ တစ်သက်လုံးဘာမှဖြစ်လာမှာ မဟုတ်ဘူး မြအောင်၊ ငါတို့အရွယ်ငယ်ပါသေးတယ်ကွာ ကြီးပွားဖို့အလုပ်ထွက်လုပ်သင့်ရင်လုပ်ရမှာပေါ့၊ ငါတော့ လိုက်သွားဖို့ ဆုံးဖြတ်ပြီးပြီ မင်းလိုက်မယ်ဆို ငါလည်း အဖော်ရတာပေါ့ကွာ၊ တစ်လတစ်လရမယ့် ပိုက်ဆံက အများကြီးပဲ မြအောင်ရေ"

တစ်ရွာတည်းသား သူငယ်ချင်းဖြစ်သူ ကိုထွန်းနိုင်၏စကားကြောင့် ကိုမြအောင် ရုတ်တရက် ဆုံးဖြတ်ရခက်သွားသည်။ ကိုထွန်းနိုင်ပြောသလို ရွာမှာအလုပ်လုပ်ရသည်မှာ မိသားစုစားလောက်ရုံသာရှိပြီး ငွေပိုငွေလျှံဟူ၍မသုံးရ။ ယခု ကိုထွန်းနိုင်က အသိတစ်ယောက်၏ အကူအညီဖြင့် တခြားနိုင်ငံမှာ အလုပ်သွားလုပ်ဖို့ ပြင်ဆင်ထားပြီဖြစ်၏။ ထို့ကြောင့် မသွားခင် ညီအစ်ကိုလိုရင်းနှီးနေသော ကိုမြအောင်ကိုပါ သူနှင့် အလုပ်လိုက်လုပ်ဖို့ လာပြောခြင်းဖြစ်လေသည်။ ဟိုမှာ ဘာအလုပ်လုပ်ရမည်ဟု သေချာမသိသေးသော်လည်း အလုပ်လာခေါ်သူက လုပ်အားခကြိုတင်ငွေကို ထုတ်ပေးထားပြီဖြစ်၏။

" မင်း ပြောတာမှန်ပါတယ် ထွန်းနိုင်ရာ၊ ငါ့မိန်းမက ကလေးငယ်တွေနဲ့ဆိုတော့ မိသားစုကိုထားခဲ့ဖို့ စိတ်မချဘူး၊ လိုက်ဖို့မလိုက်ဖို့ စဉ်းစားပါရစေဦး သူငယ်ချင်းရာ"

"အေးပါကွာ၊ မင်းသေချာစဉ်းစားပြီးမှ အကြောင်းပြန်ပါ၊ ငါသွားဖို့က ရက်ပိုင်းလောက်ပဲ လိုတော့တယ်"ဟု ပြော၍ ကိုထွန်းနိုင် ပြန်သွားလေသည်။ ကိုမြအောင်တို့စကားပြောနေစဉ် မခင်ကြည်က အနားမှာရှိသော်လည်း ဘာတစ်ခွန်းမျှ ဝင်မပြော။ ကိုထွန်းနိုင်ပြန်သွား၍ အတော်ကြာမှ မခင်ကြည်က

" ကိုမြအောင် ရှင်သူတို့နဲ့ အလုပ်လုပ်ဖို့လိုက်သွားမှာလား"ဟု မဝံ့မရဲဖြင့် မေးလိုက်သည်။ ထိုအခါ ကိုမြအောင်က

"စဉ်းစားတုန်းပါပဲ ခင်ကြည်ရာ၊ ငါအချိန်လွန်မှ နောင်တမရချင်ဘူး"

**အခန်း (၄)**

ချောင်းထဲမှာ ငါးမျှားနေရင်း ကိုမြအောင်တစ်ယောက် ကိုထွန်းနိုင်လာခေါ်သည့် အလုပ်အကြောင်းကို တွေးမိ၍ စိတ်ထဲမတင်မကျ ဖြစ်နေသည်။ ဒီနေ့ ကိုထွန်းနိုင်နှင့်အတူ ရွာကလူအချို့ အလုပ်လုပ်ဖို့ သွားပြီဖြစ်သော်လည်း ကိုမြအောင်မလိုက်ဖြစ်ခဲ့။ မသေချာသော အလုပ်တစ်ခု ဖြစ်နေသောကြောင့် လိုက်သွားဖို့လည်း မဝံ့မရဲဖြစ်နေ၏။ ထို့ကြောင့် ကိုထွန်းနိုင်လာခေါ်သောအခါ အားနာစိတ်ဖြင့် မလိုက်နိုင်ကြောင်းကို ပြောလိုက်ရတော့သည်။ ထိုအခါ ကိုထွန်းနိုင်နှင့်အတူ ပါလာသောသူက "ရွာအလုပ်ပဲ လုပ်နေလို့ကတော့ စားဝတ်နေရေးက အဆင်ပြေမှာမဟုတ်ပါဘူးဗျာ၊ လူကြုံရှိတုန်း လိုက်ခဲ့ပါလား၊ ခင်ဗျား မိသားစုအတွက် ကြိုတင်ငွေပေးခဲ့မှာပါဗျ"ဟု ပြောရင်း လက်ဆွဲအိတ်ထဲက ပိုက်ဆံအချို့ကို ထုတ်ပြလေသည်။ ထိုလူပြသော ပိုက်ဆံတွေကို ကိုမြအောင် မြင်ပေမည့် လိုချင်စိတ်မရှိခဲ့။ ကိုထွန်းနိုင်ကလည်း ထိုသူဘက်ကကူပြော၍ လိုက်ခဲ့ဖို့ တရစပ်ပြောနေသော်လည်း ကိုမြအောင် မလိုက်နိုင်ကြောင်းကို အပြတ်ပြောလိုက်လေသည်။

" အဖေ ငါးတွေ ဘယ်လောက်ရပြီလဲ"

ကြိမ်လုံးလေးကို ကိုင်ရင်းအနားရောက်လာသည့် သားဖြစ်သူဖိုးအေး၏ စကားသံကြောင့် ကိုမြအောင် အတွေးစပြတ်သွားသည်။

" သိပ်မရသေးပါဘူး သားရယ်၊ နွားကြိုးတွေ သေချာချည်ခဲ့လား၊ တော်ကြာကြိုးမခိုင်ရင် နွားတွေ အခင်းထဲဝင်စားနေဦးမယ်"ဟု ပြောရင်း ငါးမျှားချိတ်ကို အစာတပ်နေသည်။

" အဖေ သား ဒီမနက်နွားကျောင်းဖို့သွားတော့ ဒေါ်လေးထွေးတင်တို့အိမ်က စကားတစ်ခွန်းကြားလာတယ်ဗျ၊ အဖေ့ကို ပြောပြချင်လို့ နွားတွေချည်ခဲ့ပြီး ဒီကိုရောက်လာတာ"ဟု ဖိုးအေးက ပြောလိုက်သည်။ ထိုအခါ ကိုမြအောင်က "ပြောစမ်းပါဦး ဘာတွေထူးဆန်းတာများ ကြားလာလို့လဲ သားရယ်"

" ဒေါ်လေးထွေးတင်နဲ့ လူကြီးတွေ ပြောနေတာကို သားကြားလာတာ အရင်နေ့က ဦးလေးထွန်းနိုင်နဲ့ ပါလာတဲ့လူက အလုပ်ရှာပေးမယ်ပြောပြီး လိမ်စားနေတာတဲ့"ဟု ကလေးပီပီ ဖိုးအေးကသူကြားလာသမျှ ကို ပြောပြလိုက်သည်။

သားဖြစ်သူပြောစကားကို ကြား၍ ကိုမြအောင်တစ်ယောက် အလုပ်လုပ်ဖို့ လိုက်သွားသော သူငယ်ချင်းဖြစ်သူ ကိုထွန်းနိုင်အတွက် စိတ်ပူသွားမိသည်။ အလုပ်လာခေါ်သူ ပိုက်ဆံအိတ်ဖွင့်ပြတော့ လောဘဇောတွေဖြင့် စိုက်ကြည့်နေသည့် ကိုထွန်းနိုင်အဖြစ်ကို အမှတ်တမဲ့ ကိုမြအောင် မြင်လိုက်၏။ အလုပ်လိုက်မသွားဖို့ ကိုထွန်းနိုင်ကို ပြောချင်ပေမယ့် ကိုမြအောင်မပြောဖြစ်။ ပြောလည်း ရမည်မဟုတ်မှန်းသိ၍ ငြိမ်နေလိုက်ရတော့သည်။

" အဖေ၊ ငါးမျှားချိတ်မှာ အစာမတပ်ဘဲ ငါးမျှားလို့မရဘူးလား"ဟု ကိုမြအောင် ငါးမျှားနေသည်ကို အနားမှာ ထိုင်ကြည့်နေသော ဖိုးအေးက မေးလိုက်သည်။ သားဖြစ်သူဖိုးအေး၏ စကားကိုကြား၍ ကိုမြအောင်က ပြုံးရင်း

" ငါးမျှားချိတ်မှာ ငါးစာတပ်ထားမှ ငါးတွေကချိတ်အချွန်ကိုမမြင်ဘဲ အစာစားချင်ဇောနဲ့လာကြမှာပေါ့ သားရယ်၊ အစာမပါဘူးဆို ချိတ်အချွန်က အန္တရာယ်ရှိတယ်ဆိုပြီး ငါးတွေအနားဘယ်လာကြတော့မလဲ၊ အချို့ငါးတွေက အစာကိုပဲ မြင်ကြတာလေကွာ၊ ဒါကြောင့်မို့ သူတို့ ပလိုင်းထဲရောက်နေတာပေါ့"ဟု ပြောရင်း အနားမှာ ချထားသော ငါးပလိုင်းလေးကို သားဖြစ်သူ ဖိုးအေးဆီလှမ်းပေးလိုက်သည်။ အဖေဖြစ်သူပြောနေသည့်စကားကို ဖိုးအေးက သေချာသဘောမပေါက်သော်လည်း ပလိုင်းထဲကငါးတွေကို ကြည့်၍ ပျော်ရွှင်နေ၏။ ချောင်းထဲမှာ ငါးပွက်ရာတွေအများကြီး ထနေသော်လည်း ဒီနေ့ ကိုမြအောင်တစ်ယောက် ငါးသိပ်မရခဲ့ပေ။ ထို့ကြောင့် အစာကုန်နေသော ငါးမျှားချိတ်ကို ရေထဲကပြန်ဖော်၍ ငါးစာအသစ်တပ်ရင်း ငါးအကြီးကြီးမိဖို့ နောက်ထပ်နေရာ ပြောင်းရှဦးမည်ဖြစ်လေသည်။ ။

> "သားဖြစ်သူပြောစကားကိုကြား၍ ကိုမြအောင်တစ်ယောက် အလုပ်လုပ်ဖို့လိုက်သွားသော သူငယ်ချင်းဖြစ်သူ ကိုထွန်းနိုင်အတွက် စိတ်ပူသွားမိသည်။ အလုပ်လာခေါ်သူ ပိုက်ဆံအိတ်ဖွင့်ပြတော့ လောဘဇောတွေဖြင့် စိုက်ကြည့်နေသည့် ကိုထွန်းနိုင်အဖြစ်ကို အမှတ်တမဲ့ ကိုမြအောင် မြင်လိုက်၏။ အလုပ်လိုက်မသွားဖို့ ကိုထွန်းနိုင်ကို ပြောချင်ပေမယ့် ကိုမြအောင် မပြောဖြစ်။ ပြောလည်းရမည်မဟုတ်မှန်းသိ၍ ငြိမ်နေလိုက်ရတော့သည်"

## မျိုးဆက်သစ်ပျိုးခင်း ကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## သီတင်းကျွတ်ပြီ

ရောင်စုံလင်းလက် ထိန်ထိန်ညီ
သီတင်းကျွတ်လေပြီ၊
ဝါဝါဆီမီး အလှကဲ
မီးပုံးလေးတွေဆွဲ။
မီးမြင်းမိုရ်ပွဲ တူရာသီ
ကြာပန်းသင်းထုံကြည်၊
အဿဝတီ နက္ခတ်ကျူး
ကောင်းကင်တိမ်လိပ်မြူး။
ပူဇော်အထူး ဗုဒ္ဓဂုဏ်
ရည်မှန်းစိတ်အာရုံ၊
ကောင်းမှုစုံတဲ့ မြတ်သောလ
ကြည်နူးပျော်ဖွယ်ပ့ါ။
ဘိုးဘွားမိဘ ဆရာကို
ကန်တော့ကိုယ်နှုတ်ချို၊
မေတ္တာပိုသည့် ရိုးရာမှု
နှစ်စဉ်နှစ်တိုင်းပြု။ ။

ဆွေသံစဉ်ဟန်(ကျိုက်လတ်)

## ဝါကျွတ်ချိန်ခါ ပျော်စရာ

သီတင်းကျွတ်လ တူရာသီ
ဝါလကင်းလွတ်ပြီ။
ကြာမျိုးစုံညီ ရနံ့သင်း
ပွင့်ကြကန်အတွင်း။
လူ့ပြည်သက်ဆင်း မြတ်ဗုဒ္ဓါ
ရည်မှန်းပူဇော်ကာ။
ဖြူနီပြာဝါ မီးပုံးများ
ရောင်စုံချိတ်ဆွဲထား။
မီးပုံးပျံများ ထက်ကောင်းကင်
လွှတ်ကြပျော်ပျော်ရွှင်။
မြန်ပြည်တစ်ခွင် ရှုမဝ
သာယာလပြည့်ည။
ဆရာမိဘ မြတ်ဂုဏ်ဆိုင်
ကန်တော့ကြမြိုင်မြိုင်။
တို့များအပြိုင် ဆင်ယင်နွှဲ
ရိုးရာမီးထွန်းပွဲ။ ။

သာကီနွယ်(ညောင်ရမ်း)

## နှလုံးသားလှပါစေ

လောကကို အမုန်းမပွားနဲ့
နှလုံးသား လှပါစေ။
ဒေါသမာန် အမျက်မထား
ရှောင်ရှားကာလေ။
ဖြူစင်ခြင်း ချစ်သဒ္ဓါဝေ
မေတ္တာတွေ ဖြန့်ကြက်မိုး။
အများကျိုးကို ရည်ရွယ်လျက်
ဆတက်ထမ်းပိုး။
ကတိသစ္စာ ချစ်မြတ်နိုးလို့
ကိုယ့်တန်ဖိုး ကိုယ်မြှင့်တင်။
စေတနာ အပြုံးပန်းနဲ့
လန်းဆန်းကြည်လင်။
မြတ်ကောင်းမှု အတူယှဉ်
ဖြူစင်ဖွယ် စိတ်နှလုံး။
မုဒိတာ ရင်မှာလွှမ်း၍
ဝမ်းမြောက်ရွှင်ပြုံး။
မြတ်ခန္တီ လက်ကိုင်သုံးလို့
သူတော်ထုံး ပွားကျင့်ကြံ။
ရည်မှန်းရာ အနာဂတ်
ဖြောင့်မတ်ကေန်။
အကောင်းအဆိုး အမှားအမှန်
ဝေဖန်ကာ သုံးသပ်ရင်း။
လောကဘုံ ခရီးလမ်းကို
လှမ်းလျှောက်ပါမင်း။ ။

ရဲသွေးနီ(တက်ဝန်)

ဆောင်းပါး

# ပတ်ဝန်းကျင်ကောင်းတစ်ခုကို ကိုယ်တိုင်တည်ဆောက်ရယူပါ

မင်းသိန်းထက်(ဇလပ်မြေ)

လူဟူ၍ဖြစ်လာပါက ပတ်ဝန်းကျင်နှင့်ကင်းကွာပြီး နေထိုင်ချင်၍မရပေ။ လူသားအားလုံးသည် လူ့ပတ်ဝန်းကျင်ထဲတွင် မွေးဖွားလာရပြီး လူ့ပတ်ဝန်းကျင်ထဲတွင် ကြီးပြင်းကြရသည်မှာ သဘာဝပင်ဖြစ်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုနှင့် ပုံသွင်းမှုတို့ကို အနည်းနှင့်အများဆိုသလို ခံကြရပါသည်။ အထူးသဖြင့် လန်းဆန်းပြီး ငယ်ရွယ်နုပျိုသော လူငယ်တို့သည် ပတ်ဝန်းကျင်အပေါ်တွင် စိတ်ဝင်တစားနှင့် စူးစမ်းလေ့လာကြသည်မှာလည်း သဘာဝပင်ဖြစ်သည်။

**လက်တွေ့အသုံးချတတ်ရန်လို**

ယနေ့ခေတ်တွင် လူနေမှုအဆင့်အတန်းမြင့်မားလာသည်နှင့်အမျှ ပတ်ဝန်းကျင်နှင့် အဖွဲ့အစည်းများလည်း တိုးပွားလာကြသည်။ ထို့ကြောင့် အပေါင်းအသင်းများ၊ မိတ်ဆွေများနှင့် လူမှုဆက်ဆံရေးကဏ္ဍတို့တွင် ပိုမိုကျယ်ပြန့်လာပေသည်။ လူမှုဘဝတွင် ရပ်တည်ရှင်သန်ရေးနှင့် အောင်မြင်ရေးတို့အတွက် မိတ်ဆွေများ၊ အပေါင်းအသင်းများ၏ ဆက်ဆံရေးကဏ္ဍသည် အလွန်အရေးကြီးလှပေသည်။ ထို့ကြောင့် လူမှုဆက်ဆံရေးနယ်ပယ်တွင် အပေါင်းအသင်းမိတ်ဆွေများနှင့် မည်သို့ပေါင်းသင်းဆက်ဆံကြရမည်ကို လူသားများအနေဖြင့် သိရှိနားလည်ပြီး လက်တွေ့အသုံးချတတ်ရန် လိုအပ်ပါသည်။

မြန်မာမှုနယ်ပယ်တွင် မိတ်ဆွေများကို ရွေးချယ်ပေါင်းသင်းကြရာတွင် နိမ့်ကျသူများနှင့်လည်း မိတ်ဆွေဖွဲ့ပြီး ပေါင်းသင်းတတ်ရမည်ဟု မှတ်သားရပါသည်။ ထိုနေရာတွင် နိမ့်ကျသူများဆိုသည်မှာ လူမိုက်များကို ရည်ရွယ်ခြင်းမဟုတ်ပေ။ ဘဝပေးအခြေအနေအရ အသိပညာ၊ အတတ်ပညာများကို သင်ယူခွင့် မရကြသူများနှင့် လူမှုရေး၊ စီးပွားရေးတို့တွင် မိမိတို့လောက် အဆင်မပြေကြသူများကို ရည်ရွယ်ခြင်းဖြစ်ပေသည်။ ထိုသို့ နိမ့်ကျသူများနှင့် အပေါင်းအသင်း၊ မိတ်ဆွေဖွဲ့ရာတွင် သူတို့အပေါ်တွင် ဖိနှိပ်လိုခြင်းကြောင့် မဖြစ်စေရန် သတိပြုလိုက်နာရပါမည်။ သူတို့အပေါ်တွင် ကြင်နာသနားတတ်ရန်နှင့် မေတ္တာစိတ်ဖြင့် လမ်းညွှန်ပြသနိုင်ရေးတို့အတွက် အပေါင်းအသင်း၊ မိတ်ဆွေဖွဲ့သင့်ပါသည်။

**သုံးသပ်ပြုပြင်ကြ**

ထို့ပြင် မိမိထက် ကြီးမြင့်သူများနှင့်လည်း အပေါင်းအသင်း၊ မိတ်ဆွေများ ဖွဲ့ကြရမည်ဖြစ်သည်။ မိမိထက် အစစအရာရာ သာလွန်ပြီး အောင်မြင်နေကြသူများ၊ ကြီးမြင့်သူများနှင့် မိတ်ဆွေဖွဲ့ရာတွင် မနာလိုဖြစ်ရန်မဟုတ်ပေ။ အတုယူပြီး ကြိုးစားအားထုတ်နိုင်ကြရန်သာဖြစ်သည်။ သူတို့ဆီမှ လေးစားအတုယူစရာကောင်းမွန်သောအချက်များကို စံနမူနာထားရင်းဖြင့် မိမိတို့၏ လိုအပ်ချက်၊ အားနည်းချက်များကို သုံးသပ်ပြုပြင်ကြရပါမည်။ သို့မှသာ မိမိထက်အောင်မြင်ကြသူများနှင့် အပေါင်းအသင်း၊ မိတ်ဆွေဖွဲ့ရင်းဖြင့် မိမိတို့၏ အောင်မြင်မှုလမ်းကြောင်းပေါ်သို့ မယိမ်းမယိုင် လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။

ထို့ပြင် မိမိနှင့် အသိပညာ၊ အတတ်ပညာတူညီသော (သို့မဟုတ်) လုပ်ငန်းရည်ရွယ်ချက် တူညီသော တန်းတူအချင်းချင်းနှင့်လည်း အပေါင်းအသင်း၊ မိတ်ဆွေဖွဲ့ကြရပေမည်။ အောင်မြင်မှု လမ်းကြောင်းပေါ်သို့ အတူတူလျှောက်လှမ်းနေကြသော တန်းတူလူသားအချင်းချင်း ငြင်းခုံနေကြဖို့၊ တိုက်ခိုက်နေကြဖို့မဟုတ်ပေ။ ကြုံတွေ့လာသော အခက်အခဲ၊ ပြဿနာများကို အတူတူပူးပေါင်း၍ ဖြေရှင်းနိုင်ရန်ဖြစ်ပေသည်။ အောင်မြင်မှုရရှိစေရန် ကြိုးစားနေကြဆဲဖြစ်သောကြောင့် မိမိတို့၏ လိုအပ်ချက်များ၊ အားနည်းချက်များကို အချင်းချင်း ဆွေးနွေးတိုင်ပင်အဖြေရှာကြရင်း အတူတူလျှောက်လှမ်းကြရပေမည်။ တစ်ဦးကိုတစ်ဦး ကူညီစောင့်ရှောက်ကြခြင်းဖြင့် ရရှိလိုသော အောင်မြင်မှုများကို ရှာဖွေတွေ့ရှိနိုင်ကြပေမည်။ အပေါင်းအသင်း၊ မိတ်ဆွေဖွဲ့ခြင်းနှင့် ပတ်သက်၍ စိတ်သဘောထားများကို ဤသို့ထားရှိသင့်ကြောင်း ပညာရှိများက လမ်းညွှန်ထားပါသည်။

**ပတ်ဝန်းကျင်ကောင်းနှင့် ပတ်ဝန်းကျင်ဆိုး**

သို့ရာတွင် လူငယ်များအနေဖြင့် ပတ်ဝန်းကျင်ကောင်းနှင့် ပတ်ဝန်းကျင်ဆိုးတို့ကို ခွဲခြားတတ်ရန် အရေးကြီးလှပေသည်။ ကျောင်းသင်ခန်းစာများတွင် သင်ယူခဲ့ဖူးသော "ကျေးညီနောင်" ပုံပြင်ကို မှတ်မိကြပေလိမ့်မည်။ မုန်တိုင်းဒဏ်ကြောင့် ကျေးညီနောင်တို့ အဖော်ကွဲသွားကြပြီး တစ်ကောင်ကို ခိုးသား၊ ဓားပြများက ကောက်ယူမွေးစားထားသည်။ ကျန်သောတစ်ကောင်ကိုမူ ဆရာရသေ့က ကောက်ယူမွေးစားထားလေသည်။ ခိုးသား၊ ဓားပြတို့ မွေးစားထားသော ကျေးသည် ကြမ်းတမ်းရိုင်းစိုင်းပြီး ဆရာရသေ့မွေးစားထားသော ကျေးသည် ယဉ်ကျေးလိမ္မာရှိသည်ကို လူငယ်တို့အနေဖြင့် သိရှိခဲ့ပြီးဖြစ်သည်။ ထို့အတူ လူငယ်များ၏ ပတ်ဝန်းကျင်တွင်လည်း ကောင်းသောပတ်ဝန်းကျင်နှင့် ဆိုးသောပတ်ဝန်းကျင်တို့က ဒွန်တွဲရှိနေပါသည်။

ထို့ကြောင့် လူငယ်တို့အနေဖြင့် အရွယ်ရောက်လာသောအခါ အောင်မြင်မှုများရရှိပြီး လူသားအကျိုးပြုသော မောင်မယ်များဖြစ်လာကြစေရန် ပတ်ဝန်းကျင်ကောင်းလိုအပ်ပါသည်။ ဘဝအောင်မြင်ရေးနိယာမများအရ အံ့ဩစရာကောင်းသည်မှာ ပတ်ဝန်းကျင်ကောင်းတစ်ခုကို အထူးရှာဖွေနေစရာ မလိုပေ။ ပတ်ဝန်းကျင်ကောင်းတစ်ခုကို မိမိတို့ကိုယ်တိုင် ဖန်တီးပြီးရယူနိုင်ပေသည်။

**ဖန်တီးရယူ**

ပတ်ဝန်းကျင်ကောင်းကိုဖန်တီးခြင်းဆိုရာ၌ အဓိကအနေဖြင့် အောင်မြင်ကြသူများနှင့် မိတ်ဆွေ၊ သူငယ်ချင်းဖွဲ့ပြီး ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးရယူကြရန်ပင်ဖြစ်သည်။ အောင်မြင်ကြသူများအကြောင်း ရေးသားထားသော အတ္ထုပ္ပတ္တိ စာအုပ်များ၊ သူတို့၏ ဟောပြောချက်များနှင့် အကြံပြုချက်များကို ဖတ်ရှုခြင်း၊ အင်တာနက်မှ ရှာဖွေလေ့လာခြင်းတို့ဖြင့် သူတို့၏ မိတ်ဆွေ၊ သူငယ်ချင်းများအဖြစ် ခံယူနိုင်ပေသည်။

အောင်မြင်ကြသူများ၏ ဟောပြောချက်များ၊ အကြံပြုချက်များကို လူငယ်တို့၏ လက်တွေ့ဘဝနှင့် ပေါင်းစပ်ပြီး ကြုံတွေ့လာနိုင်သော ဘဝအခက်အခဲများကို ရင်ဆိုင်ရာ၌ နည်းလမ်းကောင်းများကို ရရှိနိုင်ပါသည်။ ထို့ကြောင့် လူငယ်များနှင့် မိတ်ဆွေ၊ သူငယ်ချင်းဖြစ်သင့်သော အောင်မြင်ကြသူ အချို့နှင့် ပတ်ဝန်းကျင်ကောင်းတစ်ခုဖန်တီးရန် လမ်းစရှာပေးလိုက်ပါသည်။

၁။ **ဂျက်မား–** သူသည် တရုတ်နိုင်ငံမှ အလီဘာဘာကုမ္ပဏီကို ပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်းရှင်ဖြစ်သည်။

၂။ **ဘီလ်ဂိတ်–** သူသည် Microsoft ဆော့ဖ်ဝဲကို တီထွင်သူ ဘီလျံနာသူဌေးကြီး ဖြစ်သည်။

၃။ **မာ့ခ်ဇူကာဘတ်–** သူသည် Facebook ကို တီထွင်သူ ဘီလျံနာသူဌေးကြီးဖြစ်သည်။

၄။ **ရော်နယ်ဒို–** သူသည် ကမ္ဘာ့အကောင်းဆုံးဘောလုံးကစားသမားဆုကို အကြိမ်ကြိမ်ရရှိထားသူဖြစ်သည်။

၅။ **အီလွန်မတ်ခ်–** သူသည် အာကာသဒုံးပျံယာဉ်၊ လျှပ်စစ်ကားတို့ကို တီထွင်သူ သိပ္ပံပညာရှင် ဘီလျံနာသူဌေးကြီးဖြစ်သည်။

ထိုပုဂ္ဂိုလ်တို့လို မဟုတ်သော်လည်း ယနေ့လူငယ်တို့၏ ပတ်ဝန်းကျင်တွင် လူမှုရေးအရဖြစ်စေ၊ ပေါင်းသင်းဆက်ဆံရေး၌ဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ အောင်မြင်နေကြသူများ ရှိပေလိမ့်မည်။ သူတို့နှင့် မိတ်ဆွေ၊ သူငယ်ချင်းများဖွဲ့ပြီး သူတို့လိုကြိုးစားမည်ဆိုလျှင် လူငယ်တို့လည်း အောင်မြင်မှုများရရှိနိုင်ပါသည်။ အကယ်၍ မအောင်မြင်ခဲ့သည့်တိုင် လူငယ်တို့အတွက် အကျိုးကျေးဇူး တစ်စုံတစ်ခုကိုရရှိမည်မှာ အမှန်ပင်ဖြစ်သည်။

အင်တာနက် ဂိမ်းများကိုသာ ကစားနေကြသော လူငယ်များ၊ Facebook နှင့် Social Media များကို ရောက်တတ်ရာရာ အသုံးပြုနေကြသော လူငယ်များနှင့် နှိုင်းယှဉ်လျှင် အောင်မြင်ကြသူများကို လေ့လာပြီး ကြိုးစားနေသောလူငယ်များက အခွင့်အလမ်းကောင်းများစွာကို ပို၍ရရှိကြမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် အောင်မြင်ကြသူများနှင့် ပတ်ဝန်းကျင်ကောင်းတစ်ခုကို ကိုယ်တိုင်ဖန်တီး၍ တည်ဆောက်ရယူနိုင်သော လူငယ်လေးများဖြစ်ကြပါစေဟု ဆန္ဒပြုရေးသားလိုက်ပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၂၄၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈၉ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၈-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇-၁၀-၂၀၂၂)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၈-၁၀-၂၀၂၂)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၂၄၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၈၉)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၉၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၆၇,၃၄၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း(၆၂၆,၂၆၂)ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂၂)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၀,၁၁၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁)ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၆၇) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂)ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း)မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည် ရောဂါအခံတစ်ခုခုရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံမှုကို ခံယူမှုမရရှိ

### ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

ခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသော အယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို လာရောက် မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်အခဲရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည်ရောဂါအခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန်နှင့် ၎င်းတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါ နာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာ ကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၅၂၁၀၆၈ | ၉၅၅၉၄၁၀၂ | ၁၀၈၇၆၅၅ |
| ၂။ | အိန္ဒိယ | ၄၄၆၀၉၂၅၇ | ၄၄၀၅၁၂၂၈ | ၅၂၈၇၇၈ |
| ၃။ | ပြင်သစ် | ၃၅၇၆၆၃၅၇ | ၃၄၇၃၇၈၂၅ | ၁၅၅၄၂၂ |
| ၄။ | ဘရာဇီး | ၃၄၇၅၇၂၅၇ | ၃၃၉၀၅၁၂၀ | ၆၈၆၈၄၉ |
| ၅။ | ဂျာမနီ | ၃၃၉၄၈၆၃၂ | ၃၂၅၆၅၅၀၀ | ၁၅၀၅၃၅ |
| ၆။ | တောင်ကိုရီးယား | ၂၄၉၅၁၁၁၅ | ၂၄၄၃၃၁၂၃ | ၂၈၆၄၆ |
| ၇။ | ဗြိတိန် | ၂၃၇၃၅၂၇၃ | ၂၃၃၇၉၄၉၄ | ၁၉၀၈၈၈ |
| ၈။ | အီတလီ | ၂၂၇၃၇၅၇၇ | ၂၂၀၃၄၂၀၄ | ၁၇၇၄၁၈ |
| ၉။ | ဂျပန် | ၂၁၅၁၆၅၂၃ | ၂၀၄၂၅၉၃၇ | ၄၅၄၀၄ |
| ၁၀။ | ရုရှား | ၂၁၁၈၄၅၁၃ | ၂၀၃၈၅၄၃၁ | ၃၈၈၀၉၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၄၈၆၀၄၃ | ၁၀၅၉၆၁၈၇ | ၄၃၁၅၃ |
| ၂။ | အင်ဒိုနီးရှား | ၆၄၄၃၉၄၉ | ၆၂၆၉၂၆၂ | ၁၅၈၁၉၈ |
| ၃။ | မလေးရှား | ၄၈၅၀၁၀၈ | ၄၇၉၀၁၁၆ | ၃၆၃၉၁ |
| ၄။ | ထိုင်း | ၄၆၈၂၁၃၂ | ၄၆၄၂၈၉၄ | ၃၂၇၇၁ |
| ၅။ | ဖိလစ်ပိုင် | ၃၉၆၅၈၆၅ | ၃၈၇၅၅၇၀ | ၆၃၂၃၀ |
| ၆။ | စင်ကာပူ | ၁၉၄၂၂၀၄ | ၁၈၅၁၈၄၅ | ၁၆၂၈ |
| ၇။ | မြန်မာ | ၆၂၆၂၆၂ | ၆၀၀၁၁၀ | ၁၉၄၆၇ |
| ၈။ | ဘရူနိုင်း | ၂၂၇၇၅၆ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၅၉၉၃ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၂၁ | ၁၃၄၇၉၄ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခုမှ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း ၁၇ ဒသမ ၃၂ တန် တင်သွင်းခဲ့ကြောင်း သိရသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၈ ရက်အတွင်း ကုမ္ပဏီသုံးခုမှ ယာဉ်စီးရေ ငါးစီးဖြင့် နှာခေါင်းစည်း ၃၆ ဒသမ ၃၂ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

## ဆင်ချီတိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အဌမအကြိမ်မြောက် ထုတ်ချေး

အောင်လံ အောက်တိုဘာ ၈

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေ အဌမအကြိမ်မြောက် ထုတ်ချေးခြင်းကို ယနေ့နံနက် ၉ နာရီက ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆင်ချီတိုင်ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ထုတ်ချေးခဲ့သည်။



အဆိုပါ ထုတ်ချေးမှုတွင် ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့်သူ ၃၆ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့်သူ ၈၄ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့်သူ ငါးဦး စုစုပေါင်း အသင်းသား ၁၂၅ ဦးအား စီမံကိန်းရန်ပုံငွေကျပ် ၄၁၆ သိန်း ထုတ်ချေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၄-၉-၂၀၂၂ ရက်နေ့မှအဆက်)

ငင်းသည် ခုနစ်နှစ်ပြည့်သောအခါ မိမိတိုင်းပြည်သို့ ပြန်လိုသောကြောင့် ဆရာအား သင်ယူသောပညာသည် ဘယ်သောအခါမှ ကုန်ပါမည်နည်းဟု မေးလေသည်။ ဆရာကလည်း သူ့အား တူရွင်းတစ်ချောင်းကိုကိုင်၍ အရပ်လေးမျက်နှာသို့သွားပြီး တစ်ယူဇနာသွားမိလျှင် ဆေးဖက်မဝင်သောအပင်ကိုတွေ့လျှင် သူ့ထံသို့ ယူစေရန်ခိုင်းလေသည်။ သူလည်း ဆရာခိုင်းသည့်အတိုင်းလုပ်ရာ ဆေးဖက်မဝင်သောအပင် တစ်ပင်မျှမရကြောင်း ဆရာ့အား ပြောလေသည်။ ဆရာကလည်း သူ့အားပြောကြားချက်ကိုသိရလျှင် သင်ပညာကုန်တတ်ပြီး သင်ပြန်လိုက ပြန်နိုင်ကြောင်း ခွင့်ပြုလိုက်လေသည်။

ဇီဝကသည် နေပြည်တော်သို့ ပြန်လာရာတွင် သာကေတမြို့သို့ အရောက်၌ ရိက္ခာပြတ်သည်။ သူဌေးကတော်တစ်ဦး ဦးယဉ်းခေါင်းခဲနာ ခုနစ်နှစ်တိုင်စွဲကပ်နေသည်ကို နှာနှတ်ဆေး တစ်ခါတည်းပေးလိုက်ခြင်းဖြင့် ရောဂါပျောက်သွားလေသည်။

ရောဂါပျောက်ကင်းသောကြောင့် ဆေးကုသခအဖြစ် ဇီဝကအား ငွေတစ်သောင်းခြောက်ထောင်နှင့် ကျွန်ယောက်ျား၊ ကျွန်မိန်းမ၊ ရထား၊ မြင်း၊ ဆင်တို့ကိုပေးရာ ယင်းတို့ကိုယူ၍ ရာဇဂြိုဟ်ပြည်သို့ ပြန်လာလေသည်။ ထိုပစ္စည်းများကို အဘယမင်းသားအား အကုန်အပ်၍ မင်းသား၏ အိမ်တော်တွင် နေလေသည်။ ဗိမ္ဗိသာရမင်းကြီး၌ မြင်းသရိုက်ရောဂါရှိရာ မင်းကြီး၏ ဆေးဆရာများက ကုသ၍မရ မပျောက်၍ လက်မြှောက်အရှုံးပေးကြသည်။ ထိုရောဂါကို ဇီဝကသည် ဆေးတစ်ကြိမ်ပေးရုံ၊ လိမ်းပေးရုံဖြင့် ရောဂါပျောက်ကင်းသွားလေသည်။

မင်းကြီးသည် ဝမ်းသာဝမ်းမြောက်ရှိသဖြင့် ဇီဝကအား မောင်းမငါးရာတို့၌ ဝတ်ဆင်ထားသော တန်ဆာအားလုံးကို ချွတ်ပုံ၍ ပေးလေသည်။ ထိုအခါ ဇီဝကသည်မင်းကြီးအားအဘိုးအဘွားများ၏ပစ္စည်းဘဏ္ဍာကို မယူလိုကြောင်းနှင့် အသက်ရှည်သမျှ ယခုကုသထားသော ကျေးဇူးကို အောက်မေ့သတိရတော်မူပေးပါဟု လိမ္မာပါးနပ်စွာဖြင့် ပြန်လည်လျှောက်ထားပြောဆိုလေသည်။

မင်းကြီးသည် အလွန်နှစ်သက်သဘောကျတော်မူ၍ ဇီဝကအား သူနှစ်သက်သောနေရာကိုလည်းကောင်း၊ ဘေးတော် ဘိုးတော်တို့၏ အမွေဖြစ်သော သရက်ဥယျာဉ်ကိုလည်းကောင်း၊ တစ်နှစ်တွင် အခွန်တစ်သိန်းထွက်သော မြို့ရွာကြီးကိုလည်းကောင်း၊ ထူးမြတ်သော အသုံးအဆောင်တို့ကိုလည်းကောင်း ပေးသနားတော်မူသည်။ ထို့အပြင် မင်းကြီးက ဘုရားရှင်နှင့်တကွသော သံဃာတော်နှင့်တကွ မောင်းမမိဿံတို့အား ငင်းဆေးဖြင့် အလုပ်အကျွေးပြုပါရန် မိန့်ကြားလေသည်။ ဇီဝကလည်း လက်ခံလေသည်။

တစ်နေ့သောအခါ၌ ရာဇဂြိုဟ်ပြည်မှ "မဟာသာလ" မည်သော သူဌေးသည် ဦးယဉ်းခေါင်းခဲနာ ခံစားနေရသည်။ ဆေးဆရာများကလည်း ဤသူဌေးကြီးသည် ငါးရက်၊ ခုနစ်ရက်သာနေရမည် စသည်ဖြင့် ပြောကြလေသည်။ ယင်းသို့ဖြစ်နေသည်ကို မင်းကြီးက သွားရောက်ကုသပေးရန် ဇီဝကအား လွှတ်လိုက်ပါသည်။

ဇီဝကသည် ထိုရောဂါခံစားနေရသော သူ၏ ဦးခေါင်းအရေခွံကိုခွာ၍ ပိုးကြီးတစ်ကောင်နှင့် ပိုးငယ်တစ်ကောင်တို့ကို ထုတ်ပြသည်။ ငင်းတို့သည် ရောဂါရှင်၏ ဦးနှောက်ကို ပိုးကြီးက ငါးရက်စားမည်၊ ပိုးငယ်က ခုနစ်ရက်စားမည်၊ ကုန်ပါက သေမည်ဖြစ်ကြောင်းရှင်းပြ၍ ဦးခေါင်းအရေခွံ ခွာသည်ကို ပြန်ချုပ်လိုက်ရာ ရက်သတ္တသုံးပတ်ဖြင့် လုံးဝပျောက်ကင်းသွားလေသည်။ ဇီဝကအား ကတိအတိုင်း သူဌေးကြီးက သူ့ကိုကျွန်ခံ၍ ငွေတစ်သိန်းပေးသည်။ ဇီဝကသည် ငွေတစ်သိန်းသာယူပြီး ယင်းတစ်သိန်းကို မင်းကြီးအားပေးလေသည်။ ထို့အပြင် မင်းကြီးအမိန့်အရ ဗာရာဏသီမြို့ရှိ ဝမ်းတွင်းအူထုံးနေသော သူဌေးသားအား ဝမ်းခွဲကုသပြီး ဆေးကုသငွေ တစ်သောင်းခြောက်ထောင်ကို ယူ၍ပြန်လာသည်။

ထို့နောက် အဝန္တိတိုင်း ဥဇ္ဇေနီပြည့်ရှင် "စဏ္ဍပဇ္ဇောတ" မင်းသည် မစားနိုင်၊ မသောက်နိုင် ဖျော့တော့သည့်ရောဂါ စွဲကပ်၍ ဗိမ္ဗိသာရမင်းကြီးထံ သံတမန်စေလွှတ်၍ အကူအညီတောင်းခံလေသည်။ ထို့ကြောင့် မင်းကြီးသည် ဇီဝကအား စေလွှတ်၍ ကုခိုင်းစေသည်။

စဏ္ဍပဇ္ဇောတမင်း လုံးဝမကြိုက်သည့်ထောပတ်ပါသောဆေးကိုဖော်၍ ကုသရမည်သိသော ဇီဝကသည် ထောပတ်ထဲသို့ ဆေးပေါင်းစုံထည့်၍ ထောပတ်နံ့မထွက်အောင် အကြိမ်များစွာ ချက်လုပ်ထားသောဆေးကို မင်းကြီးအား တိုက်ကျွေးလေသည်။

ဆေးတိုက်ပြီးသောအခါ ဇီဝကသည် မြန်သောဆင်ယာဉ်ကိုစီး၍ ရာဇဂြိုဟ်ပြည်သို့ အမြန်ပြန်လာလေသည်။ စဏ္ဍပဇ္ဇောတမင်းသည် ဆေးသောက်၍ လေကြို့တက်သောအခါ ထောပတ်နံ့ ထွက်လာသည်။ ငင်းသည် အမျက်ဒေါသထွက်၍ ဇီဝကအား သတ်အံ့ဟု အမျက်ထွက်လေသည်။ သို့သော် ငင်းမင်းခံစားနေရသောရောဂါ ပျောက်သွားသဖြင့် မင်းသည် ကျေးဇူးပြုရန် အကောင်းမြတ်ဆုံး ချောမွေ့လှသည့် အဖိုးများစွာ ထိုက်တန်သော သိဝိရာဇ်တိုင်းဖြစ် ပုဆိုးတစ်စုံနှင့်တကွ ဆန်လှည်း အစီးငါးရာ၊ ငွေတစ်သောင်းခြောက်ထောင်၊ အရန်ပုဆိုးတစ်ထောင်တို့ကို ဇီဝကထံသို့ ပို့ပေးလိုက်လေသည်။

ဇီဝကသည် ထိုသိဝိရာဇ်တိုင်းဖြစ် ပုဆိုးအစုံကို ဘုရားရှင်အား လှူဒါန်းလေသည်။ ပုဆိုး အဝတ်တစ်ထောင်တို့ကို ရဟန်းတို့အား လှူဒါန်းလေသည်။ ဇီဝကသည် ဘုရားရှင်အား သိဝိရာဇ်တိုင်းဖြစ် ပုဆိုးအစုံကို လှူဒါန်းခြင်းနှင့်အတူ လျှောက်ထားလေသည်။ ရဟန်းသံဃာတော်များသည် ပံ့သကူသင်္ကန်းဖြင့် သုံးဆောင်သည်မှာ မနှစ်လို၍ နွမ်းနယ်လှသည်ဖြစ်သောကြောင့် မိမိပေးလှူသော သင်္ကန်းများကို သံဃာတော်များအား သုံးဆောင်ခွင့်ပြုရန် လျှောက်ထားလေသည်။ ဘုရားရှင်ကလည်း ခွင့်ပြုတော်မူသည်။ ပြည်သူပြည်သား အပေါင်းကလည်း ယင်းတစ်ရက်၊ နှစ်ရက်အတွင်း သင်္ကန်းလျာပုဆိုးများကို သံဃာတော်များအား အသောင်းမက လှူဒါန်းကြကုန်သည်။

ဇီဝကသည် မြတ်စွာဘုရားမကျန်းမာသောအခါ၌လည်း သွားရောက်၍ ဆေးကုသပေးသည်။ သံဃာတော်များကိုလည်း မကျန်းမာသောအခါ ဆေးကုသပေးလေသည်။ ငင်းသည် ဘုရား၊ တရား၊ သံဃာတော် များကို ကြည်ညိုသည်။ ဘုရားထံသို့ ချဉ်းကပ်၍ တရားနာလေ့ရှိသည်။ ငင်းသည်

> **ဇီဝကသည် မြတ်စွာဘုရားမကျန်းမာသောအခါ၌လည်း သွားရောက်၍ ဆေးကုသပေးသည်။ သံဃာတော်များကိုလည်း မကျန်းမာသောအခါ ဆေးကုသပေးလေသည်။ ငင်းသည် ဘုရား၊ တရား၊ သံဃာတော်များကို ကြည်ညိုသည်။ ဘုရားထံသို့ ချဉ်းကပ်၍ တရားနာလေ့ရှိသည်။ ငင်းသည် သူပိုင်သော သရက်ဥယျာဉ်၌ ကျောင်းများစွာဆောက်လုပ်၍ ဘုရားနှင့်တကွ သံဃာတော်များသီတင်းသုံးရန် လှူဒါန်း**

သူပိုင်သော သရက်ဥယျာဉ်၌ ကျောင်းများစွာ ဆောက်လုပ်၍ ဘုရားနှင့်တကွ သံဃာတော်များ သီတင်းသုံးရန် လှူဒါန်းလေသည်။ ထို့ကြောင့် ထိုကျောင်းတိုက်များကို"ဇီဝကမ္ဗဝန = ဇီဝက =အမ္ဗဝန" အမည်ပေး၍ "ဇီဝက သရက်ဥယျာဉ်ကျောင်းတိုက်များ"ဟူ၍ အမည်တွင်လေသည်။

### မဟာပန်နှင့် စူဠပန်ညီနောင်နှစ်ပါးအကြောင်း

ရာဇဂြိုဟ်ပြည်၌"ဓနသေဋ္ဌိ"(မဟာဓ)မည်သော သူဌေးကြီးတစ်ဦးရှိသည်။ ငင်း၌ မြေးနှစ်ယောက်ရှိသည်။ မဟာပန္ထက (မဟာပန်) နှင့် စူဠပန္ထက(စူဠပန်) ဖြစ်ပါသည်။ စူဠပန်သည် ငယ်ရွယ်သေးသည်။ မဟာပန်သည် အဘိုး ဘုရားကျောင်းတော်သို့သွား၍ တရားနာသွားသည့်အချိန်၌ လိုက်ပါလျက်ရှိသည်။ ငင်းမဟာပန်သည် ဘုရားရှင်ဟောကြားသော တရားများကို အလွန်နှစ်သက်သည်။ ထို့ကြောင့် သူ့အဘိုးအား ဘုရားကျောင်းတော်တွင် သာမဏေပြုပေးရန် ခွင့်ပန်သည်။

သူဌေးကြီးကလည်း သူ့မြေးဆန္ဒအတိုင်း သာမဏေ ဝတ်ပေးလိုက်ပါသည်။ ငင်းသည် အသက်(၂၀)ပြည့်သောအခါ ရဟန်း (ပဉ္စင်း)အဖြစ်ကို ရလေသည်။ ငင်း၏ ဘုရားဟောကြားသည့် ပိဋကတ်တော်များကို သင်ယူလိုက်နာသောကြောင့်လည်းကောင်း၊ ကမ္မဋ္ဌာန်းတရားကို လုံ့လစိုက်၍ အားထုတ်သောကြောင့်လည်းကောင်း မကြာမီ ရဟန္တာဖြစ်သွားလေသည်။

မဟာပန်သည် ရအပ်သော ဈာန်မဂ်ဖိုလ်ချမ်းသာကို ခံစားရလေသည်။ ဤသို့ခံစားနေရခြင်းနှင့် သူ့ညီတော် စူဠပန်အားခံစားလို၍ သူ၏အဘိုးအား ညီတော်ကိုခေါ်၍ ရဟန်းပြုပေးရန် တောင်းခံလေသည်။ ထိုသို့ တောင်းခံချက်ကြောင့် အဘိုးကလည်း မဟာပန်၏ညီငယ် စူဠပန်အား ရဟန်းဝတ်ပေးလိုက်လေသည်။

စူဠပန်သည် ကဿပဘုရားရှင်လက်ထက်၌ ရဟန်းဖြစ်ခဲ့ဖူးပါသည်။ ဉာဏ်ထိုင်းသော ရဟန်းတစ်ပါးကို ပျက်ရယ်ပြုခဲ့ဖူးသော ဝဋ်ကြွေးကြောင့် ယခုဘဝ၌ ဉာဏ်ထိုင်းလေသည်။ စူဠပန်အား နောင်တော်ရဟန်း မဟာပန်က သင်ပေးသော ဂါထာများကို တစ်ပိုဒ် တစ်ဂါထာမှမရ ဖြစ်နေသည်။ ထိုအခါ မဟာပန်သည် ညီတော်စူဠပန်အား သင်သည် ဘုရားသာသနာတော်နှင့် မည်သို့မျှ မထိုက်တန်၍ဆိုပြီး ကျောင်းမှနှင်ထုတ်လေသည်။

ထိုအခါ စူဠပန်သည် ကျောင်း၏တစ်နေရာမှနေ၍ ဝမ်းနည်းစွာငိုကြွေးနေသည်။ ဇီဝကသည် ဘုရားအမှူးရှိသော ဘုရားနှင့်တကွ သံဃာတော်များအား ဆွမ်းကပ်လိုသောကြောင့် ဆွမ်းညွှန် ရဟန်းဖြစ်သော မဟာပန်ရဟန်းအား မေးလျှောက်လေသည်။

ဘုရားရှင်နှင့်တကွ ရဟန်းဘယ်နှပါးရှိသလဲဟု မေးလျှောက်လေသည်။ မထေရ်လည်း ငါးရာရှိသည် ဆိုလျှင် ဇီဝကက ဘုရားနှင့်တကွ ရဟန်းငါးရာအား နံနက်သူ့အိမ်တွင် ဆွမ်းဘုဉ်းပေးတော်မူရန် ပင့်လျှောက်ထားလေသည်။

မထေရ်က စူဠပန်ကို ချန်၍ ကျန်မထေရ် ၄၉၉ ပါးဖြင့် ကြွတော်မူအံ့။ စူဠပန်သည် တစ်ဂါထာကို လေးလမျှ သင်ကြားပြသရာ ဉာဏ်ထိုင်း၍ မရသောကြောင့် သင်သည် လှူသောဆွမ်းနှင့် မထိုက်တန်ကြောင်း ဇီဝကအား ပြောကြားလိုက်လေသည်။ ထိုစကားကို စူဠပန်ကြားသောအခါသူ၏နောင်တော်သည် သူ့အား စိတ်ပျက်ဟန်ရှိသည်။ ထို့ကြောင့် သူသည် သင်္ကန်းဝတ်နှင့် မနေသင့်၊ လူထွက်ပြီး ကုသိုလ်များ ပြုလုပ်အံ့ဟုကြံ၍ နောက်တစ်နေ့ နံနက် မိုးလင်းသော် လူထွက်ရန် ကျောင်းမှ ငေးမှိုင်စွာ ထွက်သွားလေသည်။

(ဆက်လက်ဖော်ပြပါမည်)



# ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ ရှေးခေတ် ရေအရင်းအမြစ်ဆိုင်ရာ အထောက်အထားများ ရှာဖွေ၊ ဖော်ထုတ်၊ သုတေသနပြုခြင်းနှင့် ထိန်းသိမ်းခြင်း

**ဒေါက်တာအိရွှေစင်မြင့်(ပုဂံ)**

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသဧရိယာ (ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာဒေသနှင့် ကြားခံဒေသ) သည် စုစုပေါင်း ၂၃၀ ကီလိုမီတာကျယ်ဝန်း၍ ပုဂံလွင်ပြင်နယ်နိမိတ်သည် အရှေ့ဘက်တွင် အင်တိုင်းချောင်း၊ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် ဧရာဝတီမြစ်၊ တောင်ဘက်တွင် နလဲတောချောင်းနှင့် အရှေ့တောင်ဘက်တွင် တုရင်တောင်တန်းတို့ နယ်နိမိတ်သဖွယ်တည်ရှိပြီး ရှေးဟောင်း ရေကန်၊ ရေတွင်း၊ မြစ်ချောင်းများ၊ အင်းများကို ယနေ့တိုင် တွေ့မြင်နိုင်ပါသည်။ သုတေသနပြုလေ့လာချက်အရ ရေတွင်း၊ ရေကန်၊ အင်းအိုင် စုစုပေါင်း ၉၀ ကျော်ခန့်ရှိပြီး ရေကန် ၃၀ ရာခိုင်နှုန်း၊ ရေကန်ငယ် ၆၂ ရာခိုင်နှုန်း၊ ရေတွင်း ငါးရာခိုင်နှုန်းနှင့် အင်း သုံးရာခိုင်နှုန်းတို့ တွေ့ရှိရပါသည်။

ထပ်မံ၍ အသေးစိတ် သုတေသနပြုရာတွင် ၁၀ ဧကနှင့်အထက်ရှိ ရေကန် (Very Large Lake)၊ ၁၀ ဧကနှင့် ၇ ဧက ကြားရှိ ရေကန်(Large Lake)၊ ၆ ဧကနှင့် ၄ ဧက ကြားရှိ ရေကန် (Medium Lake)၊ ၃ ဧကနှင့် ၁ ဧက ကြားရှိ ရေကန်(Small Lake) နှင့် ရေဝပ်ဧရိယာ ၉၉ နေရာတို့ဖြစ်ပြီး အဆိုပါ ရှေးဟောင်းရေကန် အများစုသည် လေးကိုင်းပုံ ကန်ပေါင်များဖြင့် တမံတုပ်ထားသော ရေလှောင်ကန်၊ ရေစစ်ကန် ပူးတွဲပါသော ရေကန်၊ အင်းကန်(ဝါ) ရေလှောင်အင်း၊ အုတ်ကန်၊ ဘုရားကျောင်း ပရဝဏ် အတွင်းရှိ ရေကန်၊ တူးမြောင်း၊ ရေဝင်ရိုး၊ ရေနုတ်မြောင်း၊ ကျုံးတို့ဖြစ်ပါသည်။

ထိုရှေးဟောင်းရေကန်၊ အင်းအိုင်တို့နှင့် ရေလမ်းကြောင်းများ အချင်းချင်းချိတ်ဆက်မှုကို ထပ်မံသုတေသနပြုချက်များအရ အောက်ပါအတိုင်း တွေ့ရမည်ဖြစ်ပါသည် –

(က) မြောက်မှ အရှေ့ဖွားစောကျေးရွာရှိ ဇေယျသွပ်ကန်အတွင်းသို့ စီးဝင်သော ရေလမ်းကြောင်း၊

(ခ) ကန်သစ်ကန်မှ အလံပုဂံကန်အတွင်းသို့ စီးဝင်သော ရေလမ်းကြောင်း၊

(ဂ) တုရင်တောင်အနီးမှ ဖြတ်သန်း စီးဆင်းလာသော ရေလာရိုးမှ တောင်ကျောင်းကန် (သန့်စင်ကြယ်)အတွင်းသို့ စီးဝင်သော ရေလမ်းကြောင်း၊

(ဃ) အလံပုဂံကန်မှ အလယ်ကန်သို့ စီးဝင်သော ရေလမ်းကြောင်း၊

(င) အလယ်ကန်၊ တောင်ကျောင်းကန် (သန့်စင်ကြယ်)မှမင်းနန်သူ (လေးမျက်နှာ) ကန်အတွင်းသို့ စီးဝင်သွားသော ရေလမ်းကြောင်း၊

(စ) ရွှေချောင်းနှင့် မြင်းကပါချောင်း အပါအဝင်ရေကန်များသို့ဆက်နွှယ်ချိတ်ဆက်ထားသော ရေလမ်းကြောင်းများ ဖြစ်ပါသည်။

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသတွင်ရှိသော ရှေးခေတ်ရေကန်များတွင် ရေစစ်ကန်ပါသော ရေကန်များကို အများဆုံး တွေ့ရပါသည်။ ရေစစ်ကန်ကို တစ်ဆင့်ခံထားခြင်းသည် မိုးသည်းထန်စွာ ရွာသွန်းစဉ်ကာလအတွင်း စီးဝင်လာသော ရေ၏ အနည်အနှစ်နှင့် အခြားသော အမှိုက်သရိုက် မြေဆွေးများ ပါဝင်လာနိုင်၍ အနည်ထိုင်စေရန် ဖြစ်သည်။ ရေစစ်ကန်အတွင်း ရေပြည့်ပြီး အနည်ထိုင်ပြီးသောအခါ ပင်မရေလှောင်ကန်အတွင်းသို့ သီးသန့်ပြုလုပ်ထားသော ရေပိုလွှဲမြောင်း၊ ကျောက်၊ အုတ်တို့ဖြင့် ပြုလုပ်ထားသော ပြွန်ပေါက်တို့မှတစ်ဆင့် ရေသွင်းခြင်းဖြစ်ပါသည်။

**ရေစစ်ကန်ဧရိယာသည် ပင်မရေကန်ဧရိယာထက် ငါးဆ၊ ခြောက်ဆခန့် ပိုမိုကျယ်ဝန်း**

ထင်ရှားသည့် ရေစစ်ကန်ပါသော ရှေးခေတ်ရေကန်မှာ မင်းနန်သူရွာရှိ မင်းနန်သူကန် (လေးထောင့်ကန် (သို့) လေးမျက်နှာကန်) ဖြစ်ပါသည်။ ပင်မရေကန်ကြီး၏ လေးဘက်လေးတန်၌ လှေကားထစ်အဆင့်ဆင့်ကို အုတ်ရိုးနံရံ ကာရံထားပြီး ရေသယ်ယူရာတွင် လွယ်ကူစေရန်အတွက် ကျောက်တုံးလှေကား ပြုလုပ်ပေးထားပါသည်။ ရေစစ်ကန်မှ ပင်မရေကန်အတွင်း ရေသွင်းသော အပေါက်ကိုလည်း ကျောက်ဖြင့် ပိုက်လုံးသဖွယ် ပြုလုပ်ထားပြီး ရေစစ်ကန်ဧရိယာသည် ပင်မရေကန်ဧရိယာထက် ငါးဆ၊ ခြောက်ဆခန့် ပိုမိုကျယ်ဝန်းပါသည်။ မင်းနန်သူကန်ကို လက်ရှိလူနေမှုဘဝတွင် ကျေးရွာပြည်သူများက ယနေ့တိုင် အသုံးပြုလျက်ရှိပါသည်။ အလားတူပုဂံဒေသတွင် ရေစစ်ကန်ပါသည့် ရေကန်များကို အရှေ့ဖွားစောကျေးရွာ၊ အနောက်ဖွားစောကျေးရွာ၊ ဖျောက်ဆိပ်ပင်ကျေးရွာနှင့် သူငွေးကန်ကျေးရွာတို့တွင် တွေ့ရှိရပါသည်။

**ပျမ်းမျှမိုးရွာသွန်းသည့် ရက်မှာ ၄၅ ရက်**

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ မိုးရွာသွန်းမှု အခြေအနေမှာ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ တိုင်းတာမှုများအရ ၂၀၁၂ ခုနှစ် မှ ၂၀၂၁ ခုနှစ်အတွင်း မိုးရွာသွန်းသည့်ရက်များကို လေ့လာရာတွင် ပျမ်းမျှမိုးရွာသွန်းသည့် ရက်မှာ ၄၅ ရက်ခန့်သာ ရှိပါသည်။ မိုးရွာသွန်းသည့်ကာလမှာ ဖွန်လမှ အောက်တိုဘာလအတွင်းဖြစ်ကာ ကျန်တစ်နှစ်ပတ်လုံး ခြောက်သွေ့ကာလများသာဖြစ်ပြီး ကျဲပါးသော သစ်တောနှင့် အပူပိုင်းသဘာဝပေါက်ပင်များသာ ရှိပါသည်။

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ တိုင်းတာမှုများအရ ပုဂံဒေသတွင် ၂၀၁၂ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ရွာသွန်းခဲ့သည့် မိုးရေချိန်လက်မများမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

ဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ရေအရင်းအမြစ်ဆိုင်ရာ အထောက်အထားများ စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ရေတိုလုပ်ငန်း၊ တစ်နှစ်၊ နှစ်နှစ်အတွင်း အပြီးဆောင်ရွက်၍ ရရှိသည့် လုပ်ငန်းများ ရှိသကဲ့သို့ တချို့လုပ်ငန်းများသည် နှစ်စဉ် Priority များ ခွဲခြားပြီး ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများ ဖြစ်ပါသည်။

ရှေးခေတ် ရေအရင်းအမြစ်ဆိုင်ရာ အထောက်အထားများ ရှာဖွေ၊ ဖော်ထုတ် သုတေသနပြုခြင်း လုပ်ငန်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက နှစ်စဉ် တူးဖော်သုတေသနပြုခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းအပြင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

**ရေစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် ဗဟုသုတများ**

အီတလီနိုင်ငံသား Dr. Massimo Sarti (Hydrological Expert, University of Marche ) နှင့် ပျူရှေးမြို့ဟောင်းများ၏ ရေစီမံခန့်ခွဲမှု အထောက်အထားများ ရှာဖွေသုတေသနပြုခြင်း၊ ပုဂံခေတ် ရေစီမံခန့်ခွဲမှု အထောက်အထားများ ရှာဖွေသုတေသနပြုခြင်းလုပ်ငန်းများကို ၂၀၁၄ ခုနှစ်မှစတင်၍ ယနေ့အထိ သုတေသနပြု ဆောင်ရွက်လျက်ရှိပါသည်။

အီတလီနိုင်ငံသား Dr. Massimo Sarti

| လအမည် | ပျမ်းမျှ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ဇန်နဝါရီ | ၀.၀၄ | - | - | - | ၀.၄၇ | - | - | ၁.၆၉ | ၁.၉၃ | ၀.၁၆ | - | ၀.၁၂ |
| ဖေဖော်ဝါရီ | ၀.၀၉ | - | - | ၀.၃၂ | - | - | - | - | - | - | - | - |
| မတ် | ၀.၂၀ | ၀.၁၆ | - | - | - | - | ၀.၄၇ | - | ၀.၀၄ | - | - | ၃.၇၀ |
| ဧပြီ | ၀.၈၉ | ၁.၃၄ | - | - | ၀.၁၂ | - | ၄.၂၅ | ၀.၁၆ | - | ၀.၃၅ | ၁.၃၄ | - |
| မေ | ၃.၇၃ | ၃.၃၉ | ၂.၆၅ | ၂.၇၂ | ၀.၇၉ | ၅.၅၂ | ၆.၁၁ | ၇.၅၆ | ၃.၀၃ | ၃.၁၉ | ၂.၅၆ | ၆.၁၈ |
| ဇွန် | ၃.၃၀ | ၂.၅၆ | ၃.၈၈ | ၃.၃၁ | ၁.၉၃ | ၂.၃၂ | ၀.၉၈ | ၇.၂၀ | ၁.၀၆ | ၀.၁၂ | ၀.၉၈ | - |
| ဇူလိုင် | ၁.၃၇ | ၀.၄၀ | ၀.၃၆ | ၀.၄၀ | ၄.၉၆ | ၁.၈၁ | ၃.၆၂ | ၂.၆၄ | ၂.၇၆ | ၁.၉၇ | ၅.၁၂ | |
| ဩဂုတ် | ၃.၃၈ | ၁.၃၉ | ၃.၂၀ | ၇.၃၅ | ၇.၁၄ | ၇.၅၆ | ၀.၅၆ | ၁.၇၇ | ၄.၆၅ | ၃.၃၄ | ၉.၉၂ | |
| စက်တင်ဘာ | ၅.၂၈ | ၅.၆၀ | ၁၂.၂၆ | ၂.၂၉ | ၄.၄၃ | ၄.၉၂ | ၇.၀၈ | ၃.၈၆ | ၄.၅၆ | ၄.၈၁ | ၁၇.၄၀ | |
| အောက်တိုဘာ | ၄.၅၁ | ၃.၃၅ | ၉.၀၃ | ၃.၉၄ | ၅.၃၉ | ၇.၈၈ | ၇.၂၉ | ၂.၂၄ | ၂.၉၂ | ၃.၁၉ | ၈.၂၃ | |
| နိုဝင်ဘာ | ၁.၄၄ | ၀.၁၆ | - | ၂.၂၉ | ၀.၄၇ | ၃.၉၇ | ၁.၁၄ | ၀.၀၄ | ၁.၄၅ | ၀.၃၁ | ၂.၀၁ | |
| ဒီဇင်ဘာ | ၀.၁၄ | - | ၀.၀၄ | - | ၀.၀၄ | - | ၀.၃၂ | ၀.၀၃၆ | ၀.၁၂ | - | - | |
| စုစုပေါင်း | | ၁၈.၃၅ | ၃၀.၄၂ | ၂၂.၆၂ | ၂၅.၂၄ | ၃၀.၉၈ | ၃၁.၈၂ | ၂၇.၅၂ | ၂၂.၅၂ | ၁၇.၄၄ | ၄၇.၅၆ | ၁၀.၀၀ |
| | | | | | | | | | | | | |
| မိုးရွာရက် | | ၃၄ | ၄၂ | ၃၂ | ၄၃ | ၆၁ | ၅၇ | ၃၆ | ၄၄ | ၃၉ | ၄၇ | ၈ |

အတွင်းရှိ တာဝန်ရှိသူများ၊ ဆက်စပ်ဌာနဆိုင်ရာ များနှင့် တွေ့ဆုံ၍ ရေစီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် ဗဟုသုတများ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ရေစီမံခန့်ခွဲမှု သုတေသနပညာရှင်က အခြားကမ္ဘာ့အမွေအနှစ်ဒေသများတွင် ရေစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်သည့် နည်းစနစ်အတိုင်း ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ ရှေးခေတ် ရေစီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုထားပါသည် –

(က) ရေဝပ်မှု ဖြစ်ပေါ်ခဲ့သည့် လမ်းမကြီးဘေးတွင် ရေနုတ်မြောင်းများ ဖောက်လုပ်ခြင်း၊

(ခ) ကျေးရွာအတွင်းလမ်းများနှင့် ကျေးရွာချင်းဆက်လမ်းများ၏ ဘေးတွင် ရေနုတ်မြောင်းများ ဖောက်လုပ်ခြင်း၊

(ဂ) လောကနန္ဒာဘုရား ရေတိုက်စားမှုအား အင်ဂျင်နီယာနည်းပညာဖြင့် ၃ မီတာအရှည် Cutout ပြုလုပ်ပြီး မြစ်ရေတင် စီမံကိန်းနှင့် ချိတ်ဆက်၍ ရေရှည်အကျိုး ဖြစ်ထွန်းစေမည့်နည်းလမ်းဖြင့် သုတေသနပြု ဆောင်ရွက်ခြင်း၊

(ဃ) ညောင်လက်ဖက်ကန်အနီးတွင် ရေပိုလွှဲ ပြုလုပ်၍ ကျုံးအတွင်းဖြစ်စေ၊ ဧရာဝတီမြစ်အတွင်းဖြစ်စေ ရေလွှဲ ဖောက်လုပ်ခြင်း၊

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၌ ၂၀၂၁ ခုနှစ်တွင် ပြင်းထန်သည့် မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် မိုးရေချိန် ၁၇ ဒသမ ၄ အထိ ရွာသွန်းခဲ့ပြီး ထိုသို့ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရှေးဟောင်းအဆောက်အအုံများ၏ တံတိုင်းအတွင်း ရေဝပ်ခြင်း၊ ရှေးဟောင်း အဆောက်အအုံ ၆၀ ကျော် ထိခိုက်ပျက်စီးခြင်း၊ လမ်းမများပေါ်တွင် ရေကြီး၊ ရေလျှံခြင်းများ

သည် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသသို့ ၂၈–၂–၂၀၂၂ ရက်မှ ၃–၃–၂၀၂၂ ရက်အထိ ပထမအကြိမ်၊ ၂၀–၈–၂၀၂၂ ရက်မှ ၅–၉–၂၀၂၂ ရက်အထိ ဒုတိယအကြိမ် လာရောက်၍ ကွင်းဆင်းခြင်း၊ အကြံပြုချက်များ ပေးခြင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား သင်တန်းပေးခြင်း (Revival of Ancient Hydrology Field On-Site Training)နှင့် ညောင်ဦးခရိုင်

(င) အနော်ရထာလမ်းမ၏ တောင်ဘက်မှ မြောက်ဘက်သို့ ရေစီးဆင်းစေရန်အတွက် ရေလမ်းကြောင်းများဖော်ဆောင်ပေးခြင်း၊

(စ) ပုဂံဒေသအတွင်း ရှေးခေတ် ရေစီးဆင်းမှု အချင်းချင်းချိတ်ဆက်နိုင်သည့် Network တည်ဆောက်ခြင်း၊

စာမျက်နှာ ၂၅ သို့ ✳



မိုးရွာသွန်းပြီးနောက် ပုဂံဘုရားတစ်ဆူအနီး၌ ရေဝပ်မှုဖြစ်ပွားနေစဉ်။



ဘုရားတစ်ဆူအနီးမှ ရေဝပ်နေသည့်နေရာ၌ ရေစုပ်စက်များဖြင့် စုပ်ထုတ်နေစဉ်။

✳ **စာမျက်နှာ ၂၄ မှ**

(ဆ) ကွန်တို (Contour Lines) များဖြင့် Contour Map of Bagan Water Management System အသေးစိတ်မြေပုံများရေးဆွဲပြီး ရေကြီး၊ ရေလျှံမှု ထမ်မံမဖြစ်ပေါ်စေရေး ကြိုတင်ပြင်ဆင်ခြင်း၊

(ဇ) ကြာဖြူကန်(ပုဂံ–ညောင်ဦး လေဆိပ်အနီး) အား မပျက်စီးစေရေး ထိန်းသိမ်းခြင်း၊

(ဈ) မြကန် – အလံပုဂံကန် ချိတ်ဆက်မှုအား ပြန်လည်ဖော်ထုတ်ခြင်း၊

(ည) ခရီးသွားလုပ်ငန်း (Tourism) အတွက် ရှေးခေတ် ရေစီမံခန့်ခွဲမှု(Hydrology) နှင့် ပတ်သက်သည့် ပုဂံဒေသအတွက် ခရီးစဉ် ဖော်ဆောင်ခြင်း၊

(ဋ) စူဠာမဏိဘုရား တံတိုင်းအောက်ခြေရှိ ရှေးခေတ် ရေထွက်ပေါက်နှင့် ရေထွက်စနစ်အား ပြန်လည်ဖော်ထုတ် ထိန်းသိမ်းခြင်း၊

(ဌ) ထိန်ကန်၊ စူဠာမဏိဘုရား၊ ရွှေနန်းရင်တော် အနီးတစ်ဝိုက်၌ အသေးစိတ်သုတေသနပြုခြင်း စသည့်အချက်များ ဆောင်ရွက်သင့်ကြောင်း အကြံပြုထားပါသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနသည် ကနေဒါနိုင်ငံ Trent University နှင့်ပူးပေါင်း၍ ၂၀၁၇–၂၀၁၈ ခုနှစ်တွင် တုရင်တောင်၊ သက်စိုးတောင်၊ ကတက်ကန်နှင့် နတ်ရေကန် အနီးတွင် “Integrated Socio–Ecological History of Residential Patterning, Agricultural Practices, and Water Management at the “Classical” Burmese (Bama)Capital of Bagan, Myanmar (11th to 14th Century CE)” သုတေသနလုပ်ငန်းကိုလည်းကောင်း၊ ၂၀၁၈–၂၀၁၉ ခုနှစ်တွင် တုရင်တောင်ပေါ်ရှိ နတ်ရေကန်၊ ဘုရားအမှတ်(၃၁၅) အနောက်မြောက်ဘက်၊ အနောက်အိုးထိန်းတောင်၏ အရှေ့ဘက်နှင့် ရွှေချောင်းနေရာတို့တွင် တူးဖော်သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ပုဂံခေတ်လူမှု စီးပွားဘဝဆိုင်ရာများ လေ့လာနိုင်ရန်အတွက် ကျေးရွာများတွင် တူးဖော်သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ ရှေးခေတ် ရေအရင်းအမြစ်ဆိုင်ရာ အထောက်အထားများ ရှာဖွေ၊ ဖော်ထုတ်သုတေသနပြုခြင်းလုပ်ငန်းကို နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်သာမက နှစ်စဉ်တူးဖော်သုတေသနပြုခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ခဲ့ပါသည်။ ရေစီမံခန့်ခွဲမှု တူးဖော်သုတေသနလုပ်ငန်းများအဖြစ်–

(က) သန့်စင်ကြယ်ကျေးရွာနှင့် အရှေ့ဖွားစောကျေးရွာ ဧရိယာအကြားရှိ ရေအသုံးချမှုဆိုင်ရာ အရင်းအမြစ်များ တူးဖော်သုတေသနပြုခြင်း၊

(ခ) အလံပုဂံကန် အရှေ့ဘက်မှ တုရင်တောင်မြောက်ဘက်သို့စီးဆင်းလာသောရေလာရိုးကို တူးဖော်သုတေသနပြုခြင်း၊

(ဂ) အလံပုဂံကန် အရှေ့ဘက် ရွှေချောင်းမှ တောင်ကျောင်းကန်သို့ စီးဆင်းသော ရေလာရိုးကို တူးဖော်သုတေသနပြုခြင်း၊

(ဃ) အလံပုဂံကန် အရှေ့မြောက်ဘက် ကျောက်ရိုးတန်းရှိသည့် နေရာကို တူးဖော်သုတေသနပြုခြင်း၊

(င) အလံပုဂံကန်မြောက်ဘက် ကျောက်ရိုးတန်းရှိသည့်နေရာကို တူးဖော်သုတေသနပြုခြင်း၊

(စ) အလံပုဂံကန်၏ အရှေ့တောင်ဘက် ကန်ပေါင်ဟု ယူဆရသည့် နေရာတို့တွင် တူးဖော်သုတေသနပြုခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

**သဲကျောက်တုံးများဖြင့် အခိုင်အမာစီထားသော ရေလှောင်ကန်**

တူးဖော်သုတေသနပြုခဲ့သည့် အလံပုဂံကန်သည် သန့်စင်ကြယ်ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၉၀၀ ကျော်နှင့် ကုန်းတန်းကြီးကျေးရွာ၏ အရှေ့ဘက် မီတာ ၁၀၀၀ တွင် တည်ရှိပါသည်။ သဲကျောက်တုံးများဖြင့် အခိုင်အမာ စီထားသော ရေလှောင်ကန် အမျိုးအစားဖြစ်ပြီး မြားခေါင်းပုံရှည်မျောမျောပုံသဏ္ဌာန်ဖြစ်ပြီး ၄၀ ဒသမ ၆၅ ဧကခန့် ကျယ်ဝန်းပါသည်။

ယခုအခါ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ရှေးခေတ်က အသုံးပြုခဲ့သော ရေလမ်းကြောင်းများမှာ ယနေ့ခေတ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အမျိုးမျိုး ဆောင်ရွက်ခြင်း၊ လမ်းဖောက်လုပ်ခြင်းနှင့် ကျူးကျော်ခြင်းများကြောင့် ပိတ်ဆို့ခြင်းများ ဖြစ်ပေါ်နေပြီး မိုးရေကြီးပါက စီးဆင်းစရာလမ်းကြောင်းများ မရှိတော့ဘဲ ရှေးဟောင်းအဆောက်အအုံ စေတီ၊ ပုထိုးများ၏ ပရိဝုဏ်ထဲသို့ ရေများဝင်ရောက်၍ ထိခိုက်ပျက်စီးမှုများ ကြုံတွေ့နေရပါသည်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ပြည်တွင်း ပြည်ပ ပညာရှင်များ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် မိုးရွာသွန်းမှုများပြားခြင်းနှင့် ရေဝပ်ခြင်း၊ ရေလွှမ်းမိုးခြင်းတို့ကြောင့် နှစ်ပေါင်းထောင်ချီ ကြာမြင့်နေပြီဖြစ်သည့် ပုဂံဒေသရှိ စေတီပုထိုး၊ ဂူဘုရားများ၊ ရှေးဟောင်းအဆောက်အအုံများအား ထိခိုက်ပျက်စီးမှု မရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း အများပြည်သူများ သိရှိနိုင်ပါရန် အသိပေးတင်ပြလိုက်ရပါသည်။ ။



သန့်စင်ကြယ်ရွာရှိ အလံပုဂံရေကန်။

**“ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ရှေးခေတ်ကအသုံးပြုခဲ့သော ရေလမ်းကြောင်းများမှာ ယနေ့ခေတ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းအမျိုးမျိုး ဆောင်ရွက်ခြင်း၊ လမ်းဖောက်လုပ်ခြင်းနှင့် ကျူးကျော်ခြင်းများကြောင့် ပိတ်ဆို့ခြင်းများဖြစ်ပေါ်နေပြီး မိုးရေကြီးပါက စီးဆင်းစရာလမ်းကြောင်းများ မရှိတော့ဘဲ ရှေးဟောင်းအဆောက်အအုံ စေတီ၊ ပုထိုးများ၏ ပရိဝုဏ်ထဲသို့ ရေများဝင်ရောက်၍ ထိခိုက်ပျက်စီးမှုများကြုံတွေ့နေရပါသည်။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ပြည်တွင်းပြည်ပ ပညာရှင်များ၊ ဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ ယဉ်ကျေးမှုအမွေအနှစ်ဒေသများတွင် မိုးရွာသွန်းမှုများပြားခြင်းနှင့် ရေဝပ်ခြင်း၊ ရေလွှမ်းမိုးခြင်းတို့ကြောင့် နှစ်ပေါင်းထောင်ချီ ကြာမြင့်နေပြီဖြစ်သည့် ပုဂံဒေသရှိ စေတီပုထိုး၊ ဂူဘုရားများ၊ ရှေးဟောင်းအဆောက်အအုံများအား ထိခိုက်ပျက်စီးမှု မရှိစေရေး ဆောင်ရွက်လျက်ရှိ ”**

# နိုင်ငံတကာအဆင့်မီ မြန်မာ့ကော်ဖီကောင်းများ နိုင်ငံပေါင်း ၁၄ နိုင်ငံသို့ တင်ပို့နေ

**ရန်ကုန် အောက်တိုဘာ ၈**

ရေခံမြေခံကောင်းသော မြန်မာနိုင်ငံ၌ ကုန်းမြင့်ကော်ဖီနှင့် မြေနိမ့်ကော်ဖီကို စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ကမ္ဘာ့နိုင်ငံပေါင်း ၁၄ နိုင်ငံသို့ နိုင်ငံတကာအဆင့်မီသော မြန်မာ့ကော်ဖီများ တင်ပို့လျက်ရှိကြောင်း ပြင်ဦးလွင် ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ(ပွေးတောင်)မှ သိရသည်။

မြန်မာနိုင်ငံ၌ စိုက်ပျိုးထွက်ရှိသော အာရေးဗီးကားကော်ဖီနှင့် ရိုဘတ်စတာကော်ဖီနှစ်မျိုးကို ကမ္ဘာတွင် သောက်သုံးမှုစံနှုန်းသတ်မှတ်ချက်အမှတ်ပေးစနစ်ဖြစ်သော Speciality Coffee Association of America (SCAA)မှ ကုန်းမြင့်တွင်စိုက်ပျိုးသည့် အာရေးဗီးကားကော်ဖီကို ၈၉ မှတ်နှင့် မြေနိမ့်ဒေသတွင်စိုက်ပျိုးသော ရိုဘတ်စတာကော်ဖီကို ၈၂ မှတ်ဖြင့် နိုင်ငံတကာအဆင့်မီ မြန်မာ့ကော်ဖီအဖြစ် လက်ခံထားလျက်ရှိသည်။ နိုင်ငံတကာစံနှုန်းတွင် အမှတ် ၆၀ ရရှိသောကော်ဖီကို သာမန်ကုန်သွယ်မှုပြုလုပ်သော ကော်ဖီအဖြစ် လည်းကောင်း၊ အမှတ် ၇၀ နှင့်အထက် ရရှိသောကော်ဖီကို နိုင်ငံတကာတန်းဝင်ကော်ဖီအဖြစ် လည်းကောင်း ကမ္ဘာ့နိုင်ငံများက လက်ခံထားလျက်ရှိသည်။

"မြန်မာနိုင်ငံကထွက်ရှိတဲ့ ကော်ဖီနှစ်မျိုးမှာ မြေနိမ့်ပိုင်းကစိုက်ပျိုးတဲ့ရိုဘတ်စတာကော်ဖီနဲ့ ကုန်းမြင့်ပိုင်းမှာစိုက်တဲ့ အာရေးဗီးကားကော်ဖီဆိုပြီးရှိပါတယ်။ ကမ္ဘာ့တန်းဝင်အဖြစ် သောက်သုံးနိုင်ဖို့ ရိုဘတ်စတာကော်ဖီကို ၈၂ မှတ်နဲ့ အာရေးဗီးကားကော်ဖီကို ၈၉ မှတ်ရရှိထားတာကြောင့် ဝယ်ယူမယ့်နိုင်ငံတွေကို ကော်ဖီနမူနာပေးရတာရှိတယ်။ သူတို့တွေက စမ်းသပ်အတည်ပြုပြီးတာနဲ့ ကွန်တိန်နာတစ်လုံး၊ နှစ်လုံးဖြစ်စေ၊ တစ်တန်ဖြစ်စေ မှာယူလေ့ရှိပါတယ်။ ပို့လိုက်တဲ့ကော်ဖီရောက်သွားရင်လည်း ထပ်ပြီး စမ်းသပ်စစ်ဆေးတဲ့အခါမှာ မြန်မာ့ကော်ဖီဟာ



ငှက်ပျောသီး၊ ပန်းသီး၊ သံပရာ၊ လိမ္မော် စတဲ့သစ်သီးရနံ့တွေရပြီး မြေနိမ့်ကော်ဖီဆိုရင် ဟင်းခတ်အမွှေးအကြိုင်အနံ့တွေရတယ်လို့ မှတ်ချက်ပြုကြလေ့ရှိပါတယ်။ အဆင့်အတန်းမြင့် မြန်မာ့ကော်ဖီကို အနောက်နိုင်ငံတွေက ကမ္ဘာ့ပေါက်ဈေးထက်မြင့်ပြီး ဝယ်ကြတယ်။ ပြည်တွင်းမှာလည်း ကော်ဖီစစ်စစ်နဲ့ ထုတ်လုပ်တဲ့ အသေးစားလုပ်ငန်းတွေ တိုးလာသလို သောက်သုံးမှုလည်းများလာပါတယ်။ ပြည်တွင်းအတွက် ဖြစ်စေ၊ ပြည်ပပို့ကုန်ဖြစ်စေ မြန်မာ့ကော်ဖီအရည်အသွေးမကျအောင် သောက်သုံးမှုအရည်အသွေးကို စမ်းသပ်ပြီး ထုတ်လုပ်မယ်ဆိုတဲ့အသိကိုပေးဖို့ ကော်ဖီစိုက်ခင်းကနေ ကော်ဖီသောက်သုံးတဲ့အဆင့်အထိ ကော်ဖီကောင်းတစ်ခွက်ရရှိအောင် ပြင်ဦးလွင်က ကော်ဖီဆိုင်ရာ အသိပညာပေးစင်တာမှာ သောက်သုံးသူအတွက် ကော်ဖီအရည်အသွေးဆန်းစစ်တဲ့ သင်တန်းကို ပေးနေပါတယ်" ဟု စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေးဗဟိုဌာန တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီမြင့်က ပြောသည်။

ပြင်ဦးလွင် Coffee Knowledge Center တွင် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနခွဲနှင့် မြန်မာနိုင်ငံကော်ဖီအသင်းတို့ ပူးပေါင်း၍ အောက်တိုဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် သောက်သုံးသူအရည်အသွေးဆန်းစစ်သော အခြေခံသင်တန်းကို ဖွင့်လှစ်ခဲ့ပြီး အပြစ်အနာအဆာမပါသောကော်ဖီကို ကျွမ်းကျင်စွာ ထုတ်လုပ်နိုင်သောအဆင့်၌ Cre-Q၊ Cre-Test သင်တန်းတက်ရောက်၍ သင်တန်းဆင်းလက်မှတ်ရရှိကာ ထိုသင်တန်းဆင်းလက်မှတ်ရရှိထားသူများက ပြန်လည်သင်ကြားပို့ချလျက်ရှိသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသောကော်ဖီကို UK၊ အမေရိကန်၊ နယ်သာလန်၊ နယူးဇီလန်၊ ဩစတြေးလျ၊ ဂျာမနီ၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ထိုင်းနိုင်ငံနှင့် ထိုင်ဝမ်အပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံတို့မှ ဝယ်ယူလျက်ရှိပြီး ကုန်သွယ်မှုပုံစံဖြင့် ထုတ်လုပ်မှုထက် အရည်အသွေးပြည့်မီစွာထုတ်လုပ်မှုဖြင့် နိုင်ငံခြားဝင်ငွေရရှိရန် ကော်ဖီစိုက်တောင်သူများ ကြိုးပမ်းလျက်ရှိသည်။ ပြည်တွင်း၌ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ကော်ဖီယဉ်ကျေးမှု ပိုမိုထွန်းကားလာလျက်ရှိရာ မန္တလေးမြို့တွင် တစ်လလျှင် ကော်ဖီဆိုင် လေးဆိုင်မှ ငါးဆိုင်အထိ ဖွင့်လှစ်လာလျက်ရှိပြီး ရန်ကုန်မြို့တွင်လည်း အသင့်သောက်ကော်ဖီထုပ်သောက်သုံးမှုမှ ကော်ဖီစစ်စစ်ကို အသုံးပြုရောင်းချသော ကော်ဖီထုပ်၊ ကော်ဖီဆိုင်၊ ကော်ဖီဘားတို့တွင် သောက်သုံးမှုများလာကာ ဆိုင်များတိုးချဲ့ဖွင့်လှစ်လာမှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပွင့်လန်းခဲ့သည်။

**ဒုတိယအများဆုံး သောက်သုံး**

ကမ္ဘာတွင် ကော်ဖီအများဆုံးထွက်ရှိသော နိုင်ငံမှာ ဘရာဇီးနိုင်ငံဖြစ်ပြီး ဥရောပနိုင်ငံများက အများဆုံးသောက်သုံးလျက်ရှိသည်။ ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၅၀၀ မှ ၈၀၀၀ ခန့်ဈေးရှိသည်။ ကော်ဖီသည် ကမ္ဘာ့ကုန်သွယ်မှုတွင် နံပါတ်(၁)ရေနံပြီးပါက ဒုတိယကုန်သွယ်မှုအများဆုံး ပို့ကုန်တစ်ခုဖြစ်ပြီး နေ့စဉ်သောက်သုံးနေသော ရေနှင့်အဖျော်ယမကာပြီးလျှင် ဒုတိယအများဆုံး သောက်သုံးလျက်ရှိသည်။

ပြင်ဦးလွင်တွင် တစ်နှစ်လျှင် ကော်ဖီမက်ထရစ်တန် ၅၀၀၊ ရှမ်းပြည်နယ်မှ အများဆုံးထွက်ရှိလျက်ရှိကာ ... 

**သတင်း - ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**



## မိုးညှင်းမြို့နယ်၌ GAHP နှင့် နွားမွေးမြူရေး သင်တန်းဆင်းပွဲပြုလုပ်

**မိုးညှင်း အောက်တိုဘာ ၈**

ပဲခူးတိုင်းဒေသကြီး မိုးညှင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ GAHP နှင့် နွားမွေးမြူရေးသင်တန်းဆင်းပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမိုးဇော်က ကောင်းမွန်သောမွေးမြူရေးကျင့်စဉ်နှင့် ညီညွတ်သော မွေးမြူရေးခြံများ ပေါ်ထွန်းလာစေရေး စနစ်တကျမွေးမြူတတ်စေရေး သင်တန်းပို့ချပေးခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းက ပို့ချပေးသော မွေးမြူရေးနည်းစနစ်များကို အသုံးပြု၍ မွေးမြူရေးခြံများတွင် ဆက်လက်စည်းရုံးလုပ်ကိုင်ဆောင်ရွက်နိုင်ရေး သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၄ ရက်မှ ၇ ရက်ထိဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းသားများအား မွေးမြူရေးခြံသုံးဆေးဝါးများ ခွဲဝေဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပ

**ပြင်ဦးလွင် အောက်တိုဘာ ၈**

ပြင်ဦးလွင်မြို့ အထက(ခွဲ) အလက(၁)ကျောင်းခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကို အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

**စိတ်ဝင်တစားလေ့လာ**

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငုချိုချိုကျော်က ကျောင်းသား၊ ကျောင်းသူများအား စာပေမှရရှိသည့် အကျိုးကျေးဇူးများနှင့် သိကောင်းစရာများ၊ ယနေ့ခေတ် Social Media သုံးခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများ၊ အခြားဗဟုသုတများကို ဟောပြောဆွေးနွေးခဲ့ရာ ကျောင်းသားကျောင်းသူများက စိတ်ဝင်တစား လေ့လာမှတ်သားခဲ့ကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများအား ဗဟုသုတများရရှိရန် ရည်ရွယ်ပြီး နံရံကပ်စာစောင်ပြဘုတ်များနှင့် စာအုပ်စာပေများကို ခင်းကျင်းပြသရာ စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြတ်ဆုမွန်(ပြင်ဦးလွင်)**





## စိုက်ပျိုးစရိတ်ချေးငွေများ စဉ်ဆက်မပြတ် ထုတ်ချေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**လပွတ္တာ အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများ စဉ်ဆက်မပြတ်ထုတ်ချေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို လပွတ္တာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေနဒီခန်းမ၌ ယမန်နေ့က ကျင်းပခဲ့သည်။

**ရှင်းလင်းဆွေးနွေး**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားကာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)မှ ဒုတိယအထွေထွေမန်နေဂျာ ဦးသိန်းထိုက်က အချိန်စေ့လွန်ကြွေးကျန်များ ထိရောက်စွာကျဆင်းရေး၊ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးကာလနှင့် ပြန်ဆပ်ရမည့်ကာလများ၊ စိုက်ပျိုးစရိတ်ချေးငွေနှင့် ကိုဗစ် -၁၉ အထူးချေးငွေဆိုင်ရာ ဖြေလျှော့ဆောင်ရွက်မှုအခြေအနေ၊ ချေးငွေကျန်များဖြစ်ပေါ်ရသည့်အကြောင်းအရင်းများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး လပွတ္တာခရိုင်ဘဏ်မှ ယာယီခရိုင်မန်နေဂျာက ဘဏ်ခွဲ၏ထုတ်ချေးရေး၊ ကောက်ခံရေးလုပ်ငန်းများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ❂ ဝင်ငွေအမြင့်မားဆုံးမှ

တိုက်စစ်မှူးနေမာနဲ့ တိုက်စစ်မှူး မိုဟာမက်ဆာလာတို့လည်း ဝင်ငွေအမြင့်မားဆုံးဘောလုံးသမားစာရင်းမှာ ထိပ်ဆုံးငါးဦးစာရင်းဝင်ခဲ့ပြီး ပီအက်စ်ဂျီအသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာဟာ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီအတွင်း အမေရိကန်ဒေါ်လာ ၈၇ သန်း (ယူရို ၇၈ ဒသမ ၄ သန်း)နဲ့ လီဗာပူးအသင်း တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ အမေရိကန်ဒေါ်လာ ၅၃ သန်း(ယူရို ၄၇ ဒသမ ၇ သန်း)ဝင်ငွေရရှိလိမ့်မယ်လို့ ခန့်မှန်းထားတာ ဖြစ်ပါတယ်။

အမ်ဘတ်ပီဟာ ၂၀၁၇ ခုနှစ်က မိုနာကိုအသင်းကနေ ပြောင်းရွှေ့လာပြီး နောက်ပိုင်း ပီအက်စ်ဂျီအသင်းနဲ့အတူ ပြင်သစ်ပထမတန်းဖလား လေးကြိမ်နဲ့အတူ ဆုဖလားစုစုပေါင်း ၁၁ လုံးအထိ ရယူဆွတ်ခူးနိုင်ခဲ့သူ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဟာလန်းကတော့ ဒေါ့မွန်အသင်းကနေ ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်း မန်စီးတီးအသင်းနဲ့အတူ ၁၂ ပွဲမှာ ၁၉ ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ဝင်ငွေအမြင့်မားဆုံးဘောလုံးသမားစာရင်းမှာ အဆင့်(၆)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။ အခြားသောကစားသမားတွေဖြစ်တဲ့ လီဝန်ဒိုစကီး၊ ဟာဇက်၊ အင်နီယေစတာနဲ့ ကီဗင်ဒီဘရိုင်းတို့ကတော့ အဆင့်(၇)ကနေ အဆင့်(၁၀)အထိ ရပ်တည်နေပါတယ်။ **ငွေကြယ်**

### ❍ လက်ရှိချန်ပီယံ

ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲပြန်ရရေးအတွက် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၂၃ မိနစ်တွင် မြတ်ကောင်းခန့်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့သလို မဟာယူနိုက်တက်အသင်းမှာ ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းက ထိန်းချုပ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရန် ထပ်မံကြိုးစားခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို မိနစ် ၅၀ တွင် နန္ဒကျော်က သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၃ ပွဲကစား ရမှတ် ၃၃ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး မဟာယူနိုက်တက်အသင်းက ၁၅ ပွဲကစား ကိုးမှတ်ရရှိထားသည်။ ပွဲစဉ် (၁၅) ဒုတိယနေ့ကို အောက်တိုဘာ ၉ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရခိုင်အသင်းနှင့် အားကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MNL**

# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် မြဝတီအသင်း ဂိုးပြတ်အနိုင်ရ


မြဝတီအသင်းနှင့် Young Lionesses အသင်း ယှဉ်ပြိုင်စဉ်။

**ရန်ကုန် အောက်တိုဘာ ၈**

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) ပထမနေ့ကို အောက်တိုဘာ ၈ ရက်က ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပရာ မြဝတီအသင်းက Young Lionesses အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။

ပွဲစဉ် (၁) တွင် ပွဲစဉ်မပါဝင်ခဲ့သည့် မြဝတီအသင်းသည် ပထမဆုံးပွဲအဖြစ် Young Lionesses (ခ) မြန်မာ ယူ-၁၆ လက်ရွေးစင်အသင်းနှင့် စတင်ကစားရာ လေးဂိုးပြတ်အနိုင်ရခဲ့သည်။ မြဝတီအသင်းတွင် မေဇင်နွယ် (ဂိုး)၊ ခင်သန်းဝေ၊ ဖြူဖြူဝင်း၊ ဇွန်ယုယဦး၊ ပုံ့ပုံ့ပြည့်မောင်၊ နော်ထက်ထက်ဝေ စသည့်လက်ရွေးစင်ကစားသမားအများစု ပါဝင်ကစားခဲ့သည်။

မြဝတီအသင်းသည် မိနစ် ၃၀ နောက်ပိုင်းမှ ဂိုးစတင်ရရှိသော်လည်း ပထမပိုင်းတွင်နှစ်ဂိုး၊ ဒုတိယပိုင်းတွင်နှစ်ဂိုး သွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို ၃၂ မိနစ်တွင် နော်ထက်ထက်ဝေ၊ ၃၈၊ မိနစ် ၅၀ တွင် အေးအေးမိုး၊ ၇၉ မိနစ်တွင် ဖြူဖြူဝင်းတို့က သွင်းယူခဲ့သည်။ Young Lionesses အသင်းမှာမူ အကောင်းဆုံးကြိုးစားခဲ့သော်လည်း အသင်းကြီးနှစ်သင်းနှင့် ဆက်တိုက်ကစားရသဖြင့် ရလဒ်မကောင်းသေးဘဲ နှစ်ပွဲဆက် အရေးနိမ့်ထားသည်။


ပွဲစဉ်(၂)ဒုတိယနေ့ကိုအောက်တိုဘာ ၉ ရက် (ယနေ့) တွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MWL**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## အနုပညာ

## Bad Prosecutor အတွက် ဇာတ်ဝင်တေးသီဆိုပေးမယ့် ဒီအို



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Exo ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒီအိုဟာ ရုပ်သံဇာတ်လမ်းတွဲသစ် Bad Prosecutor မှာ ဇာတ်ဝင်တေးသီဆိုပေးဖို့ရာ လတ်တလောမှာ စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

KBS 2 ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်မယ့် အဆိုပါဇာတ်လမ်းတွဲရုပ်ရှင်မှာ ဒီအို သီဆိုထားတဲ့ ဇာတ်ဝင်တေးပါဝင်မှာဖြစ်ကြောင်း အောက်တိုဘာ ၇ ရက်က အက်စ်အမ်အင်တာတိန်းမန့်က ထုတ်ဖော်ပြောကြားခဲ့တာပါ။ အဆိုပါ ဇာတ်လမ်းတွဲမှာ ဒီအိုက ဇာတ်ဆောင်တစ်ဦးအဖြစ်ပါဝင်ထားတာလည်း ဖြစ်ပါတယ်။

ဒီအို သီဆိုထားတဲ့ ဇာတ်ဝင်တေးဟာ Bite လို့ အမည်ရပြီး တေးဂီတဝက်ဘ်ဆိုက်ဒ်တွေမှာ အောက်တိုဘာ ၁၉ ရက်ကနေ စတင်ထုတ်လွှင့်ပေးမှာဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

## လက်ထပ်လိုက်ပြီဖြစ်တဲ့ ဂိုဝန်ဟီး



တောင်ကိုရီးယားမင်းသမီး ဂိုဝန်ဟီးဟာ လက်ထပ်လိုက်ပြီဖြစ်ပါတယ်။ မင်္ဂလာဝတ်စုံဝတ်ဆင်ထားတဲ့ သူ့ရဲ့ဓာတ်ပုံကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြကာ ပရိသတ်တွေကို အသိပေးခဲ့တာဖြစ်ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂိုဝန်ဟီးက သူလက်ထပ်တော့မှာဖြစ်ကြောင်း ပြီးခဲ့တဲ့ ရက်ပိုင်းက ထုတ်ဖော်အသိပေးခဲ့ပြီးဖြစ်တာနဲ့အညီ လတ်တလောမှာ မင်္ဂလာဝတ်စုံဆင်မြန်းထားတဲ့ သူ့ရဲ့ဓာတ်ပုံကို အင်စတာဂရမ်ပေါ်မှာ ဖော်ပြခဲ့ကာ လက်ထပ်လိုက်ပြီဖြစ်ကြောင်း အသိပေးခဲ့ပါတယ်။

ဂိုဝန်ဟီးဟာ အောက်တိုဘာ ၇ ရက်မှာ လက်ထပ်ခဲ့တာဖြစ်ပြီး သူ့ရဲ့ သတို့သားဟာ အနုပညာအသိုင်းအဝိုင်းမှ မဟုတ်ပါဘူး။ ဂိုဝန်ဟီးက သူ့ရဲ့ မင်္ဂလာဓာတ်ပုံနဲ့အတူ အားပေးတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ရှိကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။ သူ့ရဲ့ မင်္ဂလာသတင်းနဲ့ပတ်သက်ပြီး အခြားသော ကြယ်ပွင့်တွေကလည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း သတင်းစကားတွေ လူမှုကွန်ရက်မီဒီယာပေါ် ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

## ( ၁၄ ) ကြိမ်မြောက် နိုင်ငံတကာ အလှမောင်ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံမှ အလှမောင် စံသာ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၈**

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၃၀ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပပြုလုပ်မည့် (၁၄) ကြိမ်မြောက် Mister International 2022 အလှမောင်ပြိုင်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြု Mister Myanmar “စံသာ” ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း Missosology Myanmarမှ သိရသည်။

Mister Myanmar “စံသာ” သည် ရခိုင်တိုင်းရင်းသားတစ်ဦးဖြစ်ပြီး Mister Grand Myanmar 2017 နှင့် Mister Landscape Myanmar 2020 ဆုများကို ရရှိထားသည်။ ဒါ့အပြင် Mister Grand International 2017 တွင် မြန်မာကိုယ်စားပြုအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ Top 8 Finalist နှင့် Mister Grand Sports Ambassador ဆုများကို ရရှိခဲ့သည်။ လက်ရှိတွင် Akyab Stars organization ၏ Founder တစ်ဦးအနေဖြင့် လုပ်ကိုင်လျက်ရှိပြီး အလှမယ် စိုးထက်နွယ် (Top 10 – Miss Universe Myanmar 2022 ) နှင့် ကေဇင်ခန့် (4th runner up – Miss Universe Myanmar 2022 ) ဆုရှင်တို့၏ ဆရာတစ်ဦးလည်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊မလေးရှားနိုင်ငံမှ အလှမောင်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ဗလစိုး**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီစနစ်တွင် လွှတ်တော်သည် နိုင်ငံရေးအရ အမြင့်ဆုံးဖြစ်ပြီး တိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ဒေသ၏အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တောင်းဆိုနိုင်ရေးအတွက် နိုင်ငံရေးစင်မြင့် လွှတ်တော်တွင် ပိုမိုပါဝင်လာရမည်ဖြစ်။**

**တပ်မတော်သည် တိုင်းပြည်ကို ထိန်းသိမ်းစောင့်ရှောက်သူ (Guardian)အဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၊ တိုင်းရင်းသားအဖွဲ့များအနေဖြင့်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်အခွင့်အရေးကို ရရှိရန်အတွက် တရားဥပဒေနှင့်အညီ၊ စည်းကမ်းနှင့်အညီ၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လို။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၄ ရက်တွင် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဒုတိယဥက္ကဋ္ဌ(၁) စဝ်ခေးတိုင်းဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၈**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေး တစ်စီးကို ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်ကလေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေငါးလက်မ၊ ကိုယ်လုံး လုံးပတ် သုံးပေတစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

အဆိုပါ ဆင်ဖြူတော်ကလေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❃**

**ယနေ့ ဖတ်စရာ**

**၂၀၂၂ ခုနှစ် စက်တင်ဘာ လအတွင်း ဝန်းကျင်လေထု အရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**
စာမျက်နှာ » ၁၉

**ပတ်ဝန်းကျင်ကောင်း တစ်ခုကို ကိုယ်တိုင် တည်ဆောက်ရယူပါ**
စာမျက်နှာ » ၂၁

**ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း**
ဆောင်းပါး စာမျက်နှာ » ၂၃

## ဝင်ငွေအမြင့်မားဆုံးဘောလုံးကစားသမား စာရင်းတွင် မက်ဆီနှင့် စီရိုနယ်လ်ဒိုကိုကျော်ဖြတ်ကာ အမ်ဘတ်ပီ ထိပ်ဆုံးက ရပ်တည်

ပီအက်စ်ဂျီအသင်းမှ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီဟာ အမေရိကန်စီးပွားရေးမဂ္ဂဇင်း ဖောဘိစ်ကဖော်ပြခဲ့တဲ့ ဝင်ငွေအမြင့်မားဆုံး ဘောလုံးသမားစာရင်းမှာ တိုက်စစ်မှူး မက်ဆီနဲ့ ကိုးနှစ်ကြာနံပါတ်တစ်နေရာမှာ ရပ်တည်ခဲ့တဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုတို့ကိုကျော်ဖြတ်ကာ ထိပ်ဆုံးကရပ်တည်လျက်ရှိတယ်လို့ သိရပါတယ်။

**အမေရိကန်ဒေါ်လာ ၁၂၈ သန်း ဝင်ငွေရရှိမှာဖြစ်**

ဖောဘိစ်မဂ္ဂဇင်းရဲ့ ခန့်မှန်းချက်အရ အသက် ၂၃ နှစ်အရွယ် ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘတ်ပီဟာ အခုဘောလုံးရာသီမှာ အမေရိကန်ဒေါ်လာ ၁၂၈ သန်း(ယူရို ၁၁၅ ဒသမ ၂ သန်း)ဝင်ငွေရရှိမှာဖြစ်တယ်လို့ဆိုပါတယ်။ တိုက်စစ်မှူး မက်ဆီဟာ အမေရိကန်ဒေါ်လာ သန်း ၁၂၀(ယူရို ၁၀၈ သန်း)နဲ့ ဒုတိယနေရာမှာ ရပ်တည်နေပြီး တိုက်စစ်မှူး စီရိုနယ်လ်ဒိုက အမေရိကန်ဒေါ်လာ သန်း ၁၀၀(ယူရို သန်း ၉၀)နဲ့ တတိယနေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❂**

## လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲပြန်ယူပြီး ဆက်လက်ဦးဆောင်

**ရန်ကုန် အောက်တိုဘာ ၈**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၅) ပထမနေ့ကို ယနေ့တွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲဆက် သရေကျထားမှုကို ရပ်တန့်နိုင်ခဲ့ပြီး နိုင်ပွဲပြန်လည်ရယူကာ ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ မဟာယူနိုက်တက်အသင်းမှာမူ ရှုံးပွဲထပ်မံကြုံတွေ့ပြီး တန်းဆင်းအန္တရာယ်နှင့် ပိုမိုနီးကပ်လာခဲ့သည်။

**စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❍**




ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။